www.burmeseclassic.com

နေရီရီစာအုပ်တိုက်

မြန်မာနိုင်ငံ၏ ကိုးဦးမြောက်နှင့် ၅၄ နှစ်အတွင်း

ပထမဆုံး အရပ်သားသမ္မတ

# ဦးထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံ၏ ကိုးဦးမြောက်နှင့် ၅၄ နှစ်အတွင်း ပထမဆုံး အရပ်သားသမ္မတ

## ဦးထင်ကျော်

ကလောင်စုံ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ နေရီရီ၊ ၂၀၁၆၊ ဧပြီ |
| မျက်နှာဖုံးနှင့် | ဦးအောင်သပြေ (Digital Cottage) |
| အတွင်းပုံနှိပ် | ၂/က၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခွင့်အမှတ် | ၀၀၂၅၆ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်) ၂/က၊ အောင်ရတနာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခွင့်အမှတ် | ၀၀၃၃၄ |
| မျက်နှာဖုံး | NN |
| အတွင်းဖလင် | AZ |
| ကွန်ပျူတာစာစီ | နေရီရီ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| တန်ဖိုး | ၂၃၀၀ |
| ဖြန့်ချိရေး | နေရီရီ |

ကလောင်စုံ ၈၀၈.၈၄
မြန်မာနိုင်ငံ၏ ကိုးဦးမြောက်နှင့် ၅၄ နှစ်အတွင်း
ပထမဆုံး အရပ်သားသမ္မတ ဦးထင်ကျော်
နေရီရီစာအုပ်တိုက်၊ ၂၀၁၆
၁၅၃ - စာ၊ ၁၃.၅ X ၂၀ စင်တီ။
(၁) မြန်မာနိုင်ငံ၏ ကိုးဦးမြောက်နှင့် ၅၄ နှစ်အတွင်း
ပထမဆုံး အရပ်သားသမ္မတ ဦးထင်ကျော်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ထုတ်ဝေသူ အမှာ

၁။ ကိုလေး(အင်းဝဂုဏ်ရည်)၏ သမ္မတကြီးသို့ ဂုဏ်ပြုကဗျာ

၂။ သမ္မတကြီး ဦးထင်ကျော်၏ ကိုယ်ရေးမှတ်တမ်း

၃။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်၏ ကိုယ်ရေးမှတ်တမ်း

၄။ ဆရာကြီး မင်းသုဝဏ်၏ ကိုယ်ရေးမှတ်တမ်း

၅။ ဦးလွင်၏ ကိုယ်ရေးမှတ်တမ်း

၆။ ဆရာမင်းသုဝဏ်၏ အထီးကျန်ကဗျာတစ်ပုဒ်
ဒလဘန်း ၁

၇။ အဘ၏ စမ်းမြရိ
ဒလဘန်း ၆

၈။ ဆရာမင်းသုဝဏ်၏သား ဦးထင်ကျော်နှင့် တွေ့ဆုံခြင်း
ဇော်လင်း ၁၆

www.burmeseclassic.com

၉။ မျိုးနဲ့ ရိုးနဲ့
မောင်သစ်လွင် (လူထု) ၄၆
၁၀။ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ဆိုတာ
ခင်စောတင့် ၅၂
၁၁။ ယာခြင်းကောင်းတဲ့ ဦးထင်ကျော်
ညီပုလေး ၅၇
၁၂။ ကျုပ်အစ်မ ရွေးချယ်တဲ့ မွန်အမျိုးသား
သမ္မတကြီး'ဒလဘန်း'
မိုဃ်းလင်း ၆၀
၁၃။ ဦးထင်ကျော်(သို့မဟုတ်) ပြည်သူထဲက ပြည်သူ
ခေါင်းဆောင်ထဲက ခေါင်းဆောင်
ကိုဝ ၇၁
၁၄။ သမ္မတရာထူး သူ့ဆီလာသူ(သို့မဟုတ်)
အန်ကယ် ဦးထင်ကျော်
ပြည်သွေးနိုင် ၇၇
၁၅။ ဆရာကြီးမင်းသုဝဏ် မျက်ရည်ကျမယ်
အံ့မောင် ၈၃
၁၆။ သပြေညိုဆိုတဲ့အိမ်
ခင်စောတင့် ၈၉
၁၇။ အမှန်ရှိရာ(ကဗျာ)
မောင်စိမ်းနီ ၉၆

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ့ အမှာ

မြန်မာနိုင်ငံ၏ ကိုးဦးမြောက်နှင့် ၁၉၆၂ ခုနှစ် နောက်ပိုင်း ၅၄ နှစ်အတွင်း ပထမဆုံး အရပ်သားသမ္မတ ဦးထင်ကျော်ကို ဂုဏ်ပြုသော အားဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယခု စာအုပ်တွင် သမ္မတကြီး ဦးထင်ကျော်၏ ကိုယ်ရေးမှတ်တမ်း၊ သမ္မတကြီးကတော် ဒေါ်စုစုလွင်၏ ကိုယ်ရေးမှတ်တမ်း၊ သမ္မတကြီး၏ ဖခင် မြန်မာအမျိုးသားစာဆိုရှင် ဆရာကြီးမင်းသုဝဏ်၏ ကိုယ်ရေးမှတ်တမ်း နှင့် သမ္မတကြီး၏ ယောက္ခမ ဦးလွင်တို့၏ ကိုယ်ရေးမှတ်တမ်းများကိုလည်း ဖော်ပြထားပါသည်။

'ဒလဘန်း' ကလောင်အမည်ဖြင့် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လထုတ် စွယ်ရီမဂ္ဂဇင်းတွင် သမ္မတကြီး ပထမဆုံး ရေးသားခဲ့သော ဆောင်းပါး၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လထုတ် ပိတောက်ပွင့်သစ်မဂ္ဂဇင်း တွင် ဖော်ပြခဲ့ သည့် 'အဘ၏ စမ်းမြရီ' ဆောင်းပါးနှင့် 'ဦးထင်ကျော်နှင့် တွေ့မေးများ' ကိုလည်း အမှတ်တရအဖြစ် ဖော်ပြထားပါသည်။ ထို့ပြင် ကဗျာဆရာ၊ စာရေးဆရာများ၏ သမ္မတကြီးအား ဂုဏ်ပြုရေးသားသော စာများကိုပါ စုပေါင်းဖော်ပြထားပါသည်။


ယခု စာအုပ်ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပြီး သူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

နေရီရီ (၁၉၊ ၃၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်



ပြောပါတယ်နော်

ငါ့ဆရာ့သား
မျိုးကောင်း .....

ငါ့နှမ ရွေးတာ
ဆွေကောင်း.....

ဒီတော့
အကုန်ကောင်း .....

ကိုလေး(အင်းဝဂုဏ်ရည်)
၁၀-၃-၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

ကလောင်စုံ



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၏ ကိုယ်ရေးမှတ်တမ်း

ကွမ်းခြံကုန်းမြို့သား အမျိုးသားဂန္ထဝင်စာရေးဆရာကြီး မင်းသုဝဏ်(၁၉၉၀ ရွေးကောက်ပွဲတွင် NLD ရွေးကောက်ခံ ကိုယ်စားလှယ်၊ ကမာရွတ်မြို့နယ်)နှင့် ဒေါ်ကြည်ကြည်တို့၏ ဒုတိယ မြောက်သားဖြစ်ပြီး ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ၊ ၂၀ ရက်၊ စနေနေ့တွင် မွေးဖွားခဲ့သည်။ ၁၉၆၂ ခုနှစ် တွင်အထက(၁) ဒဂုံ (မက်သဒစ်ကျောင်း) မှ ၁၀ တန်း အောင်မြင်သည်။ ၁၉၆၂-၆၃ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဥပစာဝိဇ္ဇာ(က)အောင်မြင်ကာ ၁၉၆၃-၆၈ ခုနှစ်၌ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စာရင်းအင်း ပညာ မဟာဘွဲ့ M.Econ(Statistics)Part-2 တက်ရောက်ခဲ့သည်။တက္ကသိုလ်နည်းပြ အဖြစ်လည်း အမှုထမ်းခဲ့သည်။

၁၉၇၀ ပြည့်နှစ်၌ Universities' Computer Centre သို့ Programmer/ Analyst ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကာ ၁၉၇၁-၇၂ ခုနှစ်တွင် Institute of Computer Science, University of London ၌ ပညာသင်ယူခဲ့သည်။ ၁၉၇၃ ခုနှစ်၌ ဒေါ်စုစုလွင်

www.burmeseclassic.com

www.burmeseclassic.com



(ယခု ဥက္ကဋ္ဌ-နိုင်ငံတကာဆက်ဆံရေး ကော်မတီ၊ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်)နှင့် လက်ထပ်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် Asia Electronics Union, Tokyo တွင် ကွန်ပျူတာ ပညာလေ့လာဆည်းပူးခဲ့ကာ ၁၉၇၄-၇၅ ခုနှစ်၌ M.Sc Computer Science (RASU) ဘွဲ့ရရှိခဲ့သည်။ ၁၉၇၅ မှ ၁၉၈၀ ပြည့်နှစ်အထိ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတွင် ဌာနခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၂ အထိ ဒုတိယညွှန်ကြားရေးမှူးအဖြစ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန(FERD)၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်၌ Arthur D.Little, School of Management, Cambridge, Massachusetts တွင် ပညာသင်ယူခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးမှ မိမိဆန္ဒအလျောက် နုတ်ထွက်ခဲ့သည်။ ၂၀၁၂ မှစ၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတွင် Executive Committee Member (အလုပ်အမှုဆောင်အဖွဲ့ဝင်)အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးလွင်၏ သမက်ဖြစ်သည်။ 'ဒလဘန်း' အမည်ဖြင့် သူ၏ဖခင် စာရေးဆရာ မင်းသုဝဏ်အကြောင်းရေးသည့် 'အဘဘဝ အဘအကြောင်း တစေ့တစောင်း' စာအုပ်မှာ ဦးထင်ကျော်၏ ပထမဆုံးနှင့် ထင်ရှားသည့် စာပေ လက်ရာ ဖြစ်သည်။

၁၅၊ ၃၊ ၂၀၁၆ က ပြုလုပ်ခဲ့သည့် သမ္မတရွေးချယ် တင်မြှောက်ပွဲတွင် ဦးထင်ကျော်သည် ပြည်ထောင်စုလွှတ်တော်၌ ဆန္ဒမဲ (၃၆၀) ရရှိကာ မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်



# ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်
# ဒေါ်စုစုလွင်၏
# ကိုယ်ရေးမှတ်တမ်း

- ၁၉၅၂ ခုနှစ်၊ ဧပြီလ၊ ၂၂ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။
- ဦးလွင်၊ ဒေါ်တင်တင်မလေးတို့၏ သားသမီး နှစ်ဦးအနက် အကြီး ဖြစ်သည်။
- ငယ်စဉ်က မက်သဒစ် အင်္ဂလိပ် အထက်တန်းကျောင်း၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၊ Rador Elementary School၊ အထက(၃) မော်လမြိုင်၊ အထက(၂) ကမာရွတ် တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အခြေခံ ပညာအထက်တန်း အောင်မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ၁၉၇၃ ခုနှစ်တွင် ဦးထင်ကျော်နှင့် လက်ထပ်ခဲ့သည်။
- ၁၉၇၆ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာ အဓိကဖြင့် ရရှိသည်။
- ရန်ကုန်တက္ကသိုလ်နည်းပြ၊ လက်ထောက်ကထိက၊ ကထိကရာထူးတို့ဖြင့် ပညာရေးသုတေသနအဖွဲ့တွင် ၁၃ နှစ်တိုင်တွဲဖက် တာဝန် ထမ်းဆောင်ခဲ့သည်။
- အခြေခံပညာ အထက်တန်းများအတွက် အင်္ဂလိပ်စာသင်ရိုးနှင့် ဖတ်စာအုပ်များ ရေးသားပြုစုခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား ကျောင်းသင်ခန်းစာများ ပို့ချခြင်းအပြင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာသင်တန်းတို့၌ ဘာသာဗေဒပညာရပ်ကို သင်ကြားပို့ချခဲ့သည်။
- ၁၉၈၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီတက္ကသိုလ်၌ သင်ခန်းစာ ရေးသားခြင်းဆိုင်ရာ ဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့သည်။
- ၁၉၈၉ ခုနှစ်တွင် တက္ကသိုလ် ကထိကရာထူးမှ နုတ်ထွက်ခဲ့သည်။
- ၁၉၈၉ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းများအနက် အင်္ဂလိပ်ဘာသာသင်တန်းများ ပို့ချခဲ့သည်။
- ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း သုံးခွမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့သည့် ဖခင် ဦးလွင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့သည့် ယောက္ခမဖြစ်သူ ဦးဝန် (မင်းသုဝဏ်)တို့၏ ရွေးကောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ကိစ္စများတွင် ဝိုင်းဝန်းကူညီခဲ့သည်။

- ၁၉၉၀ ပြည့်နှစ်မှစ၍ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တွင် ပညာရေးစီမံကိန်း အရာရှိတာဝန်၊ လူ့အခွင့်အရေး အခြေပြု စီမံကိန်းရေးဆွဲခြင်း (Rights based programming trainer) တာဝန်တို့ကို ယူခဲ့ပါသည်။
- UNICEF တာဝန် ထမ်းဆောင်စဉ် အပြည်ပြည်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ စသည်တို့ကို ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မော်ရိုကို စသည့် နိုင်ငံတို့တွင် တက်ရောက်ခဲ့သည်။
- ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ထိ သုံးခွမြို့နယ်တွင် ကျောင်းနေအရွယ် အားလုံးကျောင်းနေ စီမံကိန်းနှင့် စဉ်ဆက်မပြတ်အကဲဖြတ် အတန်းတင် စီမံရေး အရာရှိ (UNICEF) အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။
- UNICEF တာဝန်ကို ၁၅ နှစ်ကြာ ထမ်းဆောင်ပြီးနောက် ၂၀၀၅ ခုနှစ်တွင် မိမိဆန္ဒ အလျောက် နုတ်ထွက်ခဲ့သည်။- ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ အရွေးခံခဲ့ရသည်။
- ဘုန်းတော်ကြီးသင် ပညာရေးလုပ်ငန်းများနှင့် 'အမေ့အိမ်' အခမဲ့ ပညာဒါနကျောင်းမှ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများအတွက် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းများ ပို့ချ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။
- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ နောက်တစ်ကြိမ် ထပ်မံ အရွေးခံရသည်။

www.burmeseclassic.com

www.burmeseclassic.com




ဘုံရှင်ဖြစ်နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဆန္ဒမဲ ၄၉,၆၁၆ ရရှိခဲ့သည်။

- ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာ ဆက်သွယ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





# စာဆိုမင်းသုဝဏ်၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

**၁၉၀၉**

ဖေဖော်ဝါရီလ၊ ၁၀ ရက် (မ-၁၂၇၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) ဗုဒ္ဓဟူးနေ့နံနက် ၉နာရီတွင် ဟံသာဝတီခရိုင်၊ ကွမ်းခြံကုန်းမြို့တောင်ဘက်ကမ်း၊ နာ့တာပူချိုးအရှေ့ပိုင်း၌ ကုန်သည်များဖြစ်ကြသော အဖ ဦးလွန်းပင်၊ အမိ ဒေါ်မိတို့မှ မွေးဖွားသည်။

မွန်မြန်မာမျိုးရိုးဖြစ်သည်။ မွေးချင်း (၇)ယောက်အနက် ဒုတိယမြောက်ဖြစ်သည်။ အထွေးဆုံး နှမငယ်မှာ ကဗျာစာဆိုနုယဉ် (ဒေါ်ယဉ်နု)ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်ချုပ်အရ ငယ်မည် 'မောင်လှမောင်'ဖြစ်သည်။ အရပ်ထဲ တွင် မောင်လှမောင် အမည်ရှိသူများမှာ အများအားဖြင့် ဆိုးကြ၍ 'မောင်လှဝံ'ဟု အမည်ပြောင်းသည်။

မန္တလေးပုဏ္ဏား ဆရာညွန့်က ဇာတာဖွဲ့ပေးသည်။ ဘုန်းကြီး ကျောင်းတွင် ဆရာတော်က 'စိန်ဝံ'ဟူ၍ လည်းကောင်း၊ အရပ်ထဲမှ ဦးရွှေဒိုးဆိုသူက 'ခွေးဝံ၊ ဝက်ဝံ'ဟူ၍ လည်းကောင်း ချစ်စနိုး ခေါ်ကြ သည်။

မြို့အနီးတွင် ရွှေဘိုမှ ပြောင်းလာသူများနေထိုင်သည့် ရွှေဘို တန်းရှိသည်။ ငယ်စဉ်က အစားကောင်း၊ အသားညိုပြီး ရွှေဘိုတန်းက မည်းမည်းဝဝ၊ ထောင်ထောင် မောင်းမောင်း ငပန်ဆိုသူနှင့်တူသဖြင့် အချို့က 'ငပန်'ဟူ၍လည်း ခေါ်ကြသည်။ နောင်တွင် မောင်ဝံဟုသာ တွင်၍ မိမိစိတ်ကြိုက် ဝ,ကို န,ငယ်သတ်ပြီး 'မောင်ဝန်'ဟု ပြင်သည်။

## ၁၉၁၆-၁၉၂၃

အသက် (၇)နှစ်ခန့်အရွယ်တွင် ကွမ်းခြံကုန်းမြို့ ရွှေကျောင်း ကျောင်းတိုက်၊ ဘိုးအေဦးကြာဇံဇရပ်တွင် ဖွင့်လှစ်ထားသည့် ဆရာလေး ဦးဖိုးလှိုင်၏ ကြားကျောင်း (ဂျာကျောင်း)ခေါ် မြန်မာအလယ်တန်း ကျောင်းတွင် ဆဋ္ဌမတန်းအထိ သင်ယူသည်။ ကျောင်းအုပ်ဆရာတော် မှာ ဦးဣန္ဒဝံသ ဖြစ်သည်။

၁၉၂၁ ခုနှစ်တွင် ဖခင်ဦးလွန်းပင် ဦးဆောင်သည့် အမျိုးသား ကျောင်း ကော်မတီက ကွမ်းခြံကုန်းမြို့ မဟာတိလောက မှန်ကူသည့် ဘုရားကြီးလမ်းအနီးတွင် အမျိုးသားကျောင်း စတင်ဖွင့်လှစ်သည်။ ထိုအခါ ဆရာလေး ဦးဖိုးလှိုင်၏ လောကဓာတ်ကျောင်းမှ အမျိုးသား ကျောင်းသို့ ပြောင်း၍ ခြောက်ဆင့်ရောက်အောင် သင်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေသားကျောင်း စတင် တည်ထောင်ရာတွင် အလှူငွေလှည့်လည် ကောက်ခံသည့်တာဝန်ကို ဆောင်ရွက်ခဲ့သည်။

တစ်ကျောင်းတည်းနေ အတန်းကြီးကျောင်းသား 'ဦးအာကာသန်း' ထံမှ ကဗျာရေးနည်းကို လက်တွေ့စတင် သင်ယူခွင့်ရသည်။ ၁၉၂၃ ခုနှစ် (၁၂၈၅ ခုနှစ် ပထမဝါဆိုလပြည့်)တွင် လယ်တီဆရာ တော်ဘုရား ကြီး ကွယ်လွန်သည့်အခါ ဆရာအာကာသန်း စပ်ဆိုသည့် 'လယ်တီဘွဲ့ သေးချိုး' ကို အားကျကာ၊ အမှတ်တရ ကဗျာတစ်ပုဒ် ရေးခဲ့သည်။

## ၁၉၂၃-၂၆

ဇူလိုင်လ၊ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ဆရာမှတ်ကြီးကျောင်း ခေါ် စိန်ဂျွန်းကျောင်းသို့ ပဥ္စမတန်းမှ စတင်တက်ရောက်သည်။

၁၉၂၆ ခုနှစ်တွင် အစိုးရစစ် သတ္တမတန်းကို မြန်မာတစ်နိုင်ငံ လုံးတွင် စတုတ္ထနေရာဖြင့် အောင်မြင်ကာ စကောလားရှစ်ရသည်။

## ၁၉၂၆-၂၉

ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်းအမှတ် (၇၁)တွင် 'မိုးရာသီဘွဲ့' ကဗျာများ စတင် ပုံနှိပ်ဖော်ပြခံရသည်။ လက်ဦးဆရာကို အစွဲပြု၍ 'စိန်ဂျွန်းပျော် မောင်ဝန် ဦးအာကာသန်းတပည့်' ဟု ကလောင်အမည်ကို ခံယူသည်။

စိန်ဂျွန်းကျောင်းသားဘဝ၌ပင် ဒီးဒုတ်ဂျာနယ်၊ ဗြိတိသျှ ဘားမားမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းတို့တွင် ကဗျာများ ရေးခဲ့သည်။

စိန်ဂျွန်းကျောင်းအုပ်ဆရာကြီး ဗလင်ကိုး (Reverend A.H. Blencowe) က တနင်္ဂနွေကျောင်းအားရက်များတွင် အင်္ဂလိပ်ကဗျာ များ သင်ပေးသည်။ ကျောင်းစာစောင် "St.John's College

www.burmeseclassic.com

www.burmeseclassic.com



Chronicle" တွင် ၁၉၂၇ ခုနှစ်မှ စ၍ မြန်မာကဏ္ဍ ဖွင့်လှစ်ကာ တပည့်ဖြစ်သူကို မြန်မာကဗျာများ ရေးစေခဲ့သည်။

ကျောင်းစာစောင်နှင့် ပြင်ပမဂ္ဂဇင်းတို့တွင် ကဗျာများရေးရာ၌

(၁) မေဃဝန်-ကွမ်းခြံကုန်းမြို့၊

(၂) စိန်ဂျွန်းပျော်-ကွမ်းခြံကုန်းမြို့၊

(၃) ကွမ်းခြံကုန်း တောင်စုအစွန်က မောင်သုဝဏ်၊

(၄) ကွမ်းခြံကုန်း တောင်စုအလွန်က မောင်သုဝဏ်၊

(၅) ခင်သိင်္ဂီ (ဟံသာဝတီ)၊

(၆) စန်းသော်တာ၊

(၇) မောင်ဝန်၊

(၈) ကွမ်းခြံကုန်း-သုဝဏ်-၁၀ တန်း ကလောင်အမည်များကို သုံးခဲ့သည်။

အဌမတန်းမှစ၍ ဆရာမှတ်ကြီး အိပ်ဆောင်တွင် ပရီဖက် (Prefect)ခေါ် ကျောင်းသားမျူး လုပ်ရသည်။ အဆောင်မှ ကျောင်းသားများကို ညစဉ် ဘုရားရှိခိုး တိုင်ပေးရသည်။ ငါးပါးသီလချပေးရသည်။ တနင်္ဂနွေနေ့များတွင် ဘုရားစာ၊ တရားစာများနှင့် မင်္ဂလာသုတ္တကို ဖတ်ပြရသည်။

ကျုံးကြီးလမ်း မင်းကြီးကတော် ဒေါ်မြမေ၏ ဗုဒ္ဓဘာသာ မိန်းကလေးကျောင်းတွင် ဖွင့်လှစ်သည့် ညကျောင်း၌ အပတ်စဉ် အလှည့်ကျ စာသင်ပေးရသည်။

၁၉၂၉ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို စိန်ဂျွန်းကျောင်းမှ ပထဝီဘာသာ ဂုဏ်ထူးဖြင့် အောင်သည်။ ယင်းအချိန်အထိ ကဗျာပုဒ်ရေ (၁၀၀)ခန့်မျှ ရေးပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၂၉-၃၀

ဆယ်တန်းစာမေးပွဲတွင် ဘာသာရပ်တိုင်း အမှတ် ညီညီညွတ်ညွတ် အဆင့်ကောင်းရသဖြင့် 'အထူးကျောင်းသား' (Special Student)အဖြစ် တက္ကသိုလ်ကျောင်းတိုက် (University College) သို့ ဝင်ခွင့်ရသည်။

ဆရာမှတ်ကြီးကျောင်းမှ "Marks Scholarship" နှင့် တက္ကသိုလ်ကျောင်းတိုက်မှ "Exhibition Scholarship"တို့ကို ရရှိခဲ့သည်။

ပဲခူးကျောင်းဆောင် အလယ်ထပ်၊ အခန်းအမှတ် (၉၁)တွင် နေသည်။

ဝိဇ္ဇာတွဲ့ရခါစ ခေတ္တနည်းပြဆရာလုပ်နေသော ဆရာ ဦးသိန်းဟန် (ဇော်ဂျီ)နှင့် ဥပစာတန်းတက်စဉ် စတင်ဆုံစည်းခွင့်ရသည်။ ဥပစာအထက်တန်းကို တစ်နှစ်တည်းဖြင့် ဖြေဆိုခွင့် ရရှိအောင်မြင်ခဲ့သည်။

၁၉၂၉ ခု၊ ဒီဇင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက် နှစ်လည်စောင် အတွဲ (၂၀)၊ အမှတ် (၁)တွင် ကဗျာငါးပုဒ် စတင်ဖော်ပြခံရသည်။ 'မင်းသုဝဏ်' ကလောင်အမည်ကို စတင်သုံးစွဲသည်။

ဝယ်စဉ်ကပင် စွဲလမ်းခဲ့သည့် 'ဘာဂျာသိပ္ပံ ဝိစိတြ ကဗျာရာသီ ဘွဲ့'မှ နတ်မောက်ရွာ ဇာတိ၊ ပဝတ္တိတောင်တွင်းကြီးမြို့နေ စာရေးတော်ကြီး ဦးကြော့ရေး 'စုံနံ့သာမြိုင်ရှာပုံကြီး'တွင် မိဘနှစ်ပါးအား အလုပ်အကျွေးပြုနေသည့် အလွှောင်းတော် သုဝဏ္ဏသာမအကြောင်းကို စပ်ဆိုရာ၌ 'ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်' ဟူသော စာသားအသုံးအနှုန်းကို နှစ်ခြိုက်သဖြင့် 'မင်းသုဝဏ်' ကလောင်အမည်ကို ခံယူခဲ့ခြင်း ဖြစ်သည်။

'မြဝတ်ရည်-ဟံသာကျေး'၊ 'မောင်ရွှေခြည်' ကလောင်အမည်များဖြင့်လည်း ကဗျာများ ရေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးကျောင်းဆောင် လက်ရေးစာစောင် 'ဟံသာ့ကြေးမုံ'တွင်လည်း ကဗျာများရေးသည်။ 'မွန်ကလေး'ဟူသော ကလောင်အမည်ကို ယင်းစာစောင်တွင် သုံးခဲ့သည်။

**၁၉၃၁**

တက္ကသိုလ်ကျောင်းတိုက် တပေါင်းလဆုတ် နှစ်လည်မဂ္ဂဇင်းတွင် 'ခါနွေ ဆန်းတော့ လွမ်းမိတယ်'ကဗျာရှည်ကြီးကို ရေးခဲ့သည်။ 'ဤကဗျာကို ရေးကတည်းက ကိုဝန်မှာ နာမည်ကြီး၍သာ လာလေသည်'ဟု 'သိပ္ပံမောင်ဝ'က မှတ်ချက်ပေးခဲ့ဖူးသည်။

မတ်လတွင် ကျင်းပသော ပထမနှစ် ဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ) အစမ်းစာမေးပွဲကို အောင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကြီး၏ အကျိုးဆက်အဖြစ် မိဘနှစ်ပါး စီးပွားပျက်သည်။ ကျောင်းထွက်ပြီး ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဝင်လုပ်ရသည်။

'မောင်ထွေးဖို့' ကလေးကဗျာများကို ထိုစဉ်အခိုက် စတင်ဖွဲ့ဆိုဖြစ်သည်။ 'သပြေသီးကောက်'နှင့် 'ဥပုသ်စောင့်' ကဗျာနှစ်ပုဒ်ကို ၁၁-၆-၃၁ ရက်နေ့ တစ်နေ့တည်းတွင် ရေးဖြစ်သည်။ တစ်ပတ်ခန့်အတွင်း ကလေးကဗျာ (၇)ပုဒ် ရေးပြီးခဲ့သည်။

ကဗျာများကို တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်း အတွဲ-၂၂၊ အမှတ်-၂ တွင် စတင်ဖော်ပြသည်။ ကလောင်အမည်မှာ 'မြဝတ်ရည် - ဟံသာကျေး' ဖြစ်သည်။

ကျောင်းပြန်ဖွင့်ချိန် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က တာဝန်ယူပြန်ခေါ်၍ ကျောင်းဆက်တက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂

မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးတန်း ဒုတိယနှစ် သင်တန်းတက်ရောက်နေစဉ်ကာလ၌ 'ဘကြီးအောင်ညာတယ်'ဝတ္ထုတိုကို ရေးသည်။ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းအတွဲ- ၂၂၊ အမှတ်- ၂ (၁၉၇၂ ခု၊ ဖေဖော်ဝါရီလ) တွင် ဖော်ပြခြင်းခံရသည်။

၁၉၇၃ - ၇၆

ဤကာလအတွင်း. . .

(က) တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်း အတွင်းရေးမှူး၊
(ခ) ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊
(ဂ) တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း မြန်မာပိုင်း အယ်ဒီတာ၊
(ဃ) ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာ၊
(င) မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း ကော်မတီဝင်တာဝန်များ ယူခဲ့သည်။

၁၉၇၃ ခုနှစ်၊ မတ်လတွင် ကျင်းပသော ဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ)ကို ပထမဆင့်နှင့် အောင်သည်။ Judson College နှင့် University College နှစ်ခုစလုံးတွင် မြန်မာစာဖြင့် အမှတ်အများဆုံးရ၍ Dally Jamshedji Chinai ဆုတံဆိပ်ရသည်။

မတ်လ၌ပင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ မွေးနေ့ အုတ်မြစ်ချပွဲတွင် ဦးသန့်တင် (ရွှေပြည်စိုး) နှင့်အတူ အကျိုးဆောင်အဖြစ် ဆောင်ရွက်သည်။ နာယကများမှာ ဝတ်လုံတော်ရ ဦးမောင်ကြီး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဆရာကြီးဦးဘတို့ဖြစ်၍ ဥက္ကဋ္ဌများမှာ ဦးဘစိန် (မီးရထား စာရင်းစစ်)၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလှမင်း၊ ဒု-ဥက္ကဋ္ဌ ဆရာကြီးဦးပွားတို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇွန်လမှစ၍ တက္ကသိုလ်ကျောင်းတိုက် အရှေ့တိုင်းပညာရပ်များဌာန၌ အချိန်ပိုင်း နည်းပြလုပ်သည်။ ပဲခူးဆောင်တွင်လည်း အဆောင်နည်းပြ တာဝန်ယူရင်း မဟာဝိဇ္ဇာ အချိန်ပိုင်း တက်သည်။ ၁၉၃၅ ခုနှစ်၊ မေလကုန်အထိ အချိန်နည်းပြအဖြစ် ဆောင်ရွက်သည်။

မတ်လတွင် မဟာဝိဇ္ဇာ မြန်မာစာဂုဏ်ထူးတန်း စာမေးပွဲကို ဒုတိယအဆင့်မြင့်ဖြင့် အောင်ပြီး ၁၉၃၅ ခုနှစ်၊ ဇွန်လမှ ၁၉၃၆ ခုနှစ်၊ စက်တင်ဘာလလယ်အထိ အချိန်ပြည့် နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ပင်းယဆောင် အဆောင်နည်းပြတာဝန်ကိုလည်း ယူခဲ့သည်။

နိုင်ငံတော် ပညာသင်ဆု လျှောက်ထားရာ အဆောင်မှူး ဆရာထင်းစီ၊ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၊ အရှေ့ဖျားသမိုင်းဆရာကြီး မစ္စတာလုစ္စ (G.H. Luce)တို့က ထောက်ခံစာများ အသီးသီးရေးပေးကြသည်။

ပညာတော်သင်အဖြစ် အရွေးချယ်ခံရကြောင်း ပညာတော်သင်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးက ၁၉၃၆ ခုနှစ်၊ ဇွန်လ၊ ၂၅ ရက်နေ့တွင် အကြောင်းကြားစာ ပေးပို့လာသည်။

ပညာတော်သင် မထွက်ခွာမီ ယခင်က ဦးစိန်တင် (သိပ္ပံမောင်ဝ)ထံမှ လွှဲပြောင်းယူထားရသော ဂန္ထလောက ဂုဏ်ထူးဆောင် အယ်ဒီတာတာဝန်ကို ဦးမျိုးမင်း (နွယ်စိုး)သို့လည်းကောင်း၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း (BEEA) အဖွဲ့ဝင် တာဝန်ကို ဆရာဦးသိန်းဟန် (ဇော်ဂျီ)သို့လည်းကောင်း အသီးသီး လွှဲပြောင်းပေးရသည်။

ပင်းယဆောင် သဟာယနှင့် စာဖတ်အသင်းကိုယ်စား ဦးညိုမြက တာဝန်ယူ၍ 'မင်းသုဝဏ်'စာအုပ်ငယ်ကို ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်တွင် အုပ်ရေ ၅၀၀ ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။ မင်းသုဝဏ်၏ ကဗျာ(၁၃)ပုဒ်နှင့် 'ဘကြီးအောင်ညာတယ်' ဝတ္ထုတိုတို့ ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတိုကို သူကြီးဂေဇက် ဦးခင်မောင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ကဗျာများကို ဦးခင်ဇော် 'ကေ'နှင့် သူငယ်ချင်းများ ဖြစ်ကြသော ဦးညီညီ (သမဝါယမ ဌာနအတွင်းဝန်)၊ ဦးမျိုးမင်း (နွယ်စိုး)တို့က ဘာသာပြန်ဆိုကြသည်။ အမှာစာကို ဆရာကြီးလူထုစံ့က ရေးပေးခဲ့သည်။

ဩဂုတ်လ၊ ၇ ရက်နေ့တွင် ပင်းယကျောင်းဆောင်သားများက အငြိမ့်ပွဲ သွင်း၍ နှုတ်ဆက်ပွဲလုပ်သည်။ အငြိမ့်ပွဲတွင် သူရိယ သန်းသန်းတ ဦးချင်းစိန် (ဒဂုန် ရွှေညာမောင်)ရေးစပ်ပေးသည့် မင်္ဂလာနှုတ်ခွန်းဆက် သီချင်းကို သီဆိုသည်။

ဩဂုတ်လ၊ ၂၂ ရက်နေ့တွင် 'ပဲခူးသင်္ဘော'ဖြင့် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။ သင်္ဘောပေါ်တွင် ကိန်းဘရစ်(ချ်)တက္ကသိုလ်၌ မြန်မာစာ ပို့ချမည့် မစ္စတာဖာနီဗယ် (J.S.Furnivall)လည်း အတူလိုက်ပါသွားသည်။

## ၁၉၃၆-၃၉

အောက္ကစဖို့ဒ်တက္ကသိုလ် စိန့်ကက်သရင်းကျောင်းတွင် သက္ကဋ၊ ပါဠိ၊ တိဘက်၊ အထွေထွေ ဘာသာဗေဒပညာရပ်များ သင်ယူသည်။

အိန္ဒိယကျောင်းတိုက် သက္ကဋပါမောက္ခ F.W.Thomas E.H. Johntson တို့ ထံတွင် သင်ယူသည်။

ကြီးကြပ်သူ (Supervisor)မှာ မြန်မာ့သမိုင်းရေးသူ 'G.E. Harvey' ဖြစ်သည်။

၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ ကျောင်းပိတ်ရက်ဝယ်၊ ငယ်စဉ်က စိန့်ဂွန်းကျောင်းအုပ်ဆရာကြီး ဗလင်ကိုး၊ သင်းအုပ်ဆရာအဖြစ် လုပ်ကိုင်နေထိုင်ရာ Chester မြို့အနီးရှိ စိန့်ဒိုင်းနီးယဲ စာကြည့်တိုက် (St.Deiniol's Library)တွင် ဆရာကြီးက အကြံပြုသဖြင့် ဆောင်းခို

www.burmeseclassic.com



ရင်း စာကြည့်သည်။ ထိုစဉ်က အာဇာနည် ဦးအုန်းမောင်နှင့် ပညာရေး အတွင်းဝန် ဦးဘကျော်တို့မှာ စာကြည့်ဖော်များ ဖြစ်ကြသည်။

အောက္စဖို့ဒ်သို့ မပြန်မီတစ်ရက်အလို၊ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်နေ့တွင် လွတ်လပ်ရေးအကြိုကဗျာ **'သပြေညို'**ကို ရေးဖွဲ့ဖြစ်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် "Development of the Burmese Language in the Medieval Period" စာတမ်းပြုစုတင်ပြပြီး အောက်တိုဘာလ၌ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေးကျောင်း (School of Oriental and African Studies- SOAS)သို့ ပြောင်းရွှေ့ ပညာသင်ယူသည်။

SOAS မှ ပါမောက္ခစတီးဝပ် (J.A.Stewart)ထံ၌ အဘိဓာန် ပြုစုတည်းဖြတ်ရေးပညာ (Lexicography)ကို လက်တွေ့ဆည်းပူး သင်ယူသည်။ ကျောင်းပိတ်ရက်များတွင် မစ္စတာစတီးဝပ် နေထိုင်ရာ ကိန်းဘရစ်(ချ်)မြို့အနီး Bishop's Stortford မြို့ငယ်ကလေးသို့ သွား ရောက်သည်။ မစ္စတာစတီးဝပ်နှင့် မစ္စတာဒန်း (C.W. Dunn)တို့အား အဘိဓာန်လုပ်ငန်း ကူညီနေသည့် ပညာရှင် ဦးခင်မောင်လတ် A.T.M နှင့် အတူ လက်တွေ့လေ့လာမှု ပြုခဲ့သည်။

၁၉၃၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် ကျင်းပသော အောက္စဖို့ဒ် တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် B.Litt (ဘီလစ်)ခေါ် စာပေဝိဇ္ဇာဘွဲ့ အပ်နှင်းခြင်းခံရသည်။

ဩဂုတ်လ၊ ၄ ရက်နေ့တွင် လီဗာပူးလ် (Liverpool) ဆိပ်ကမ်းမှ 'ပဲခူး သင်္ဘော'ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

စက်တင်ဘာလ၊ ၃ ရက်နေ့ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) အရောက် ဗြိတိသျှက စစ်ကြေညာကာ ဒုတိယကမ္ဘာစစ်အတွင်းဝင်သည်နှင့် ကြုံ သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ၊ ၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

အောက်တိုဘာ၊ ၁ ရက်နေ့တွင် တက္ကသိုလ်ကျောင်းတိုက် အရှေ့တိုင်း ပညာရပ်များ ဌာန၌ မြန်မာစာ လက်ထောက်ကထိက အဖြစ် စတင် အမှုထမ်းသည်။

မောင်ထွေးဖို့ ကဗျာများကို ဆရာဦးခင်ဇော် 'K' က ဂီတ သင်္ကေတ ထည့်ပေးသည်။ ဆရာ့ဇနီးက စန္ဒရားတီး၍ သားသမီးများနှင့် စမ်းသပ်သီဆိုရာ အောင်မြင်၍ ဆရာကြီး ဦးဘဉာဏ်၏ ပန်းချီလက်ရာများဖြင့် 'မောင်ထွေးဖို့ ကဗျာများ'မှ 'မောင်ခွေးဖို့ ကဗျာများ'ဟု အမည်ပြောင်းကာ ၁၉၄၀ ခုနှစ်ဦးတွင် ကဗျာစာအုပ်ထွက်သည်။ ကုန်ကျငွေကို မြန်မာအမျိုးသမီးများ နိုင်ငံလုံးကောင်စီ (National Women's Council) က ထောက်ပံ့၍ အမေရိကန် သာသနာပြု ပုံနှိပ်တိုက် (ABM) ၌ ပုံနှိပ်သည်။

ထို့နောက် မောင်ခွေးဖို့ သီချင်းများကို အဆိုတော် ဒေါ်သန်းအေးနှင့် တောင်ကြီးမှ B.Ed. လာတက်နေသည့် ဒေါ်ခင်သိန်းတို့ အသံဖြင့် ဓာတ်ပြားသွင်းသည်။

## ၁၉၄၀

မတ်လ၊ ၈ ရက်နေ့တွင် ဇီဝိတဒါန သံဃာ့ဆေးရုံကို စတင်တည်ထောင်ရာ၊ ပထမဦးဆုံး အသင်းသား (၂၇)ဦးတွင် ပါဝင်ခဲ့သည်။

ဂီလာနဆွေ၌ မြတ်စွာဘုရား မိန့်ကြားတော်မူသော စာပိုဒ်ကို မြန်မာပြန်၍ မဂ္ဂဇင်းတစ်စောင်တွင် ထည့်ခဲ့ရာ၊ ဇီဝိတဒါနဆေးရုံ အဝင်တွင် သရုပ်ဖော်ပန်းချီ လက်ရာနှင့်အတူ ကူးယူ၍ ဖော်ပြခြင်းခံခဲ့ရသည်။ ယင်းမှာ "ချစ်သားတို့ ငါ ဘုရားကို လုပ်ကျွေးပြုစုလိုသော ပုဂ္ဂိုလ်သည် နာမကျန်းသော ရဟန်းကို လုပ်ကျွေးလော့" ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



J.A Stewart နှင့် C.W. Dunn တို့တည်းဖြတ်၍ ဦးခင်မောင်လတ် အထောက်အကူပြုသော 'A Burmese English Dictionary Part 1' (အ မှ အခင်းအထိ) ထွက်ရှိသည်။ တည်းဖြတ်သူနှစ်ဦးက အဘိဓာန်တို လက်ဆောင်အဖြစ် ပေးပို့လာပြီး အမှာစာတွင် 'Maung Wun, M.A, B.Litt have assisted us by replies to queries and by suggestions' ဟူ၍ ဖော်ပြ အသိအမှတ်ပြုခဲ့သည်။

**၁၉၄၂**

ပညာရေးဌာန ဘာသာပြန်စာပေဌာနခွဲတွင် အမှုထမ်းခဲ့သည်။

ဇွန်လ၊ ၁၁ ရက်နေ့တွင် ညောင်တုန်းမြို့ တရားဘက်တာဝန်ခံ အရာရှိ ဦးဒွေး၊ ဒေါ်စံယုတို့၏ သမီး ဒေါ်ကြည်ကြည် (B.A.Ed, B.E.d. ၁၂-၇-၁၉၁၈ မှ ၂၉-၁၂-၂၀၀၇)နှင့် လက်ထပ်သည်။

**၁၉၄၄**

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတော် ပညာတံခွန်အသင်းကို နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် တည်ထောင်သည်။ အသင်းဥက္ကဋ္ဌမှာ ဒေါက်တာဘဟန် ဖြစ်သည်။ အသင်းတွင် 'ပညာစွယ်စုံဌာန' နှင့် 'အဘိဓာန်ဌာန'ဟူ၍ ဌာနနှစ်ခု ရှိသည်။ အဘိဓာန်ဌာနတွင် စာတည်းအဖြစ် ဦးဆောင်လုပ်ကိုင်ရန် ခန့်ထားခံရသည်။

လုပ်ငန်းကို စစ်ဘေးသက်သာရာ ဟံသာဝတီစီရင်စု ကွမ်းခြံကုန်းမြို့တွင် စတင်သည်။ လုပ်ငန်းရုံးမှာ 'ရွှေကျင်ကျောင်းတိုက်၊ ဖိုးကြာဇံဇရပ်' တွင်ဖြစ်ပြီး ဇန်နဝါရီလ၊ ၁၀ ရက်နေ့တွင် လုပ်ငန်းများစသည်။ ဖိုးကြာဇံဇရပ်ကား၊ မင်းသုဝဏ် ငယ်စဉ်က မြန်မာစာသင်ယူခဲ့သော ဘိုးအေ ဖြစ်သူ၏ဇရပ်၊ ဆရာလေးဦးဖိုးလှိုင်၏ လောကဒီပတ်ကျောင်း တည်ရှိခဲ့ရာ နေရာပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၄၅

ဧပြီလ၊ ၇ ရက်နေ့တွင် လေကြောင်းအန္တရာယ်ကြောင့် အဘိဓာန်လုပ်ငန်းဆိုင်ရာပစ္စည်းများကို ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သိမ်းဆည်းပြီး လုပ်ငန်း ခေတ္တရပ်ဆိုင်းခဲ့သည်။

ဗြိတိသျှများ ပြန်ရောက်၍ အုပ်ချုပ်ရေးကို ပြန်လည် လုပ်ဆောင်သည့်အခါ Lt.Col. Sutherland ဦးသက်တင် ဆိုသူတို့နှင့် တွေ့ဆုံရာ၌ မြို့အုပ်လုပ်ရန် ကမ်းလှမ်းလာခဲ့သည်။ မြို့အုပ်တာဝန်ကို ၂၃-၅-၄၅ မှ ၁၈-၇-၄၅ ရက်နေ့အထိ နှစ်လခန့် ဆောင်ရွက်ခဲ့သည်။

မြို့အုပ်ရာထူးလက်ခံပြီး နှစ်ရက်အကြာ မြို့အုပ် အဆောင်အယောင်အဖြစ် နှစ်လုံးပြူးသေနတ် (အမှတ်- ၄၃၆၂) တစ်လက်နှင့် ကျည်ကပ်နှစ်ကပ် လက်ခံယူရသည်။ မြို့အုပ်လုပ်စဉ် လုပ်ပိုင်ခွင့်နှင့် ထိုအပ်ချက်အရ သပြေအိုင်၊ မြောက်ချောင်၊ တောင်ချောင်သူကြီးတို့အတွက် သေနတ်ဝယ်ခွင့် အမိန့်များ ထုတ်ပေးခဲ့သည်။

ဩဂုတ်လ၊ ၆ ရက် ရန်ကုန်မြို့ မဂိုလမ်း အရေးပေါ် တက္ကသိုလ်သင်တန်းများ ဖွင့်လှစ်သည့်အခါ မြန်မာစာလက်ထောက်ကထိကအဖြစ် အလုပ်ဝင်သည်။

## ၁၉၄၆

တက္ကသိုလ်များ ပြန်ဖွင့်ပြီးနောက် ဇွန်၊ ၁ ရက်နေ့တွင် ကထိကဖြစ်သည်။

ဒီးဒုတ်ဦးဘချို (ဥက္ကဋ္ဌ)၊ ဦးထင်ဖတ် (အတွင်းရေးမှူး)အဖြစ် ဆောင်ရွက်သော 'မြန်မာ့အသံ' မြန်မာပိုင်း အစီအစဉ် အကြံပေးအဖွဲ့ဝင် ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄

အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၌ ကျင်းပသည့် အာရှတိုက် ဆက်ဆံရေး ညီလာခံသို့ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် တက်ရောက်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးရန် ဇွန်လတွင် ဖျာပုံမြို့သို့ သွားသည်။ ဖျာပုံ ရာဇဝတ်ဝန် (နောင် ရန်ကုန်ရဲမင်းကြီး) ဦးခင်မောင်မောင် အိမ်တွင် တည်းသည်။ ဦးခင်မောင်မောင်အိမ်တွင် အတူနေထိုင်သူ ဖျာပုံအရေးပိုင် Mr. Robert Mole ထံမှ Walter De La Mare ၏ 'Nursery Rhymes for Certain Times' စာအုပ်ကို ခေတ္တငှား၍ ဖတ်ခဲ့သည်။ ထိုစာအုပ်ပါ 'Tom Thumb's Alphabet' ခေါ် လင်္ကာ၏ အက္ခရာသံပေါက်ကို အတုယူ၍ မြန်မာကလေးများအတွက် ပျော်စရာ သံပေါက်ကလေးများ ရေးသားလိုစိတ်ဖြစ်သည်။ 'ကကြီး ကဆုန်၊ မိုးမှုန်မှုန်' စသည်ဖြင့် စတင်ရေးစပ်သည်။ နောက်တစ်နေ့တွင် Mole နှင့် ဦးခင်မောင်မောင်တို့ကို တိုင်ပင်ဆွေးနွေးရာမှ 'က-ကဇွန်းပင်၊ ရေမှာရှင်'၊ 'ခ-ခရမ်းသီး၊ ဒါးနှင့်လှီး' အစချီသည့် 'ကကြီး ခကွေး လင်္ကာ' ဖြစ်ပေါ်လာခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ၊ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း ပေါ်ပေါက်လာခဲ့သည်။ ထိုအခါ ဘာသာပြန်စာပေအသင်း အုပ်ချုပ်ရေးကောင်စီ၊ ဝေါဟာရကော်မတီ၊ စွယ်စုံကျမ်းအဖွဲ့၊ သုခမိန်အဖွဲ့၊ မြန်မာဘာသာပြန် ဥပဒေကော်မတီ စသည်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ပညာတံခွန်အသင်းက အဘိဓာန်လုပ်ငန်း အရပ်ရပ်ကို တက္ကသိုလ်သို့ လွှဲသည်။ ဇွန်လ၊ ၁ ရက်နေ့တွင် တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန စတင် ဖွင့်လှစ်ရာ ဌာနမှူးအဖြစ် ဆောင်ရွက်၍

www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်လုပ်ငန်းကို ပြန်လည် လုပ်ကိုင်သည်။

၂-၇-၄၈ ရက်နေ့ထုတ် 'အိုးဝေ' သတင်းစာတွင် 'ရဟန်းရှင်လူ သုခမိန်များ အလိုရှိသည်' ခေါင်းစီးဖြင့် အဘိဓာန်လုပ်ငန်း 'အတိုင်ပင်ခံ အဖွဲ့'၊ 'သုခမိန်အဖွဲ့' တို့တွင် ပညာရှင်များ လျှောက်ထားရန် ကြော်ငြာ ခေါ်ယူခဲ့သည်။

မြန်မာနိုင်ငံအခြေခံဥပဒေ မြန်မာစာ စာမူကို စစ်ဆေးလေ့လာ အကြံပေးခဲ့ရသည်။

၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ကာလအတွင်း မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်စာတည်းအဖြစ် (၆)ကြိမ်၊ အလုပ်စာတည်း (၁)ကြိမ်၊ သုတေသန စာစဉ်ထုတ်ဝေရေး ဆပ်ကော်မတီဥက္ကဋ္ဌ (၁)ကြိမ်၊ အသင်းအမှုဆောင်ကော်မတီ (၁)ကြိမ်၊ ဒု-ဥက္ကဋ္ဌ (၆)ကြိမ်၊ အသင်းဥက္ကဋ္ဌ (၁)ကြိမ်၊ စုစုပေါင်း (၂၆)ကြိမ်မျှ ဆောင်ရွက်ခဲ့သည်။

## ၁၉၄၉ - ၅၀

မြန်မာသတ်ညွှန်းကျမ်း (နောင်တွင် တက္ကသိုလ် သတ်ညွှန်းကျမ်း) ကို ၁၉၄၉ ခုနှစ်တွင် စတင်ပြုစုခဲ့ရာ ၂၇-၁၀-၅၀ ရက်၌ ပြီးစီးသည်။ ထိုကျမ်းအတွက် အမှာစာ ရေးခဲ့သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)၏ ဆောင်ပုဒ်ဖြစ်သော 'အမှောင်ခွင်း၍ အလင်းဆောင်အံ့' စာသားကို ၁၉၄၉ ခုနှစ်ကုန်တွင် တီထွင်ပေးခဲ့သည်။

'ပျဉ်းမငုတ်တို'ကဗျာကို ၁၀-၁-၄၉ ရက်နေ့တွင် စပ်ဆိုခဲ့ပြီး ၁၉၄၉ ခုနှစ်ထုတ် တာရာမဂ္ဂဇင်း အတွဲ-၂၊ အမှတ် (၁၀)တွင် ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀

နိုင်ငံတော်၏ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

ဩဂုတ်လတွင် ဒေါက်တာလုဘေနှင့် Mr.C.W.Dunn တို့က "The Royal Danish Academy of Sciences and Letters" မှ ပုံနှိပ်သည့် "A Critical Pali Dictionary" စာအုပ်ကြီး၌ "To-Wunna Kyaw Din U Wun, M.A, B.Litt, who since the year 1946 has freely given his time and learing to correct our errors and to suggest improvements, this book is given by us the present editors of the Burmese-English Dictionary joining with our own names the name of our late colleague Dr.J.A Stewart, C.IE, M.C, LL.D"

ဟူ၍ အမှတ်တရ ရေးသားပေးပို့ခဲ့ကြသည်။

အထက်ပါစာကို ထောက်ရှုခြင်းအားဖြင့် Stewart and Dunn ၏ 'မြန်မာ-အင်္ဂလိပ်အဘိဓာန်'ကို ဆရာမင်းသုဝဏ်သည် ပညာတော်သင်ဘဝမှစ၍ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး နှစ်ပေါင်းမည်မျှကြာအောင် ဆက်လက်ကူညီလျက်ရှိသည်ကို ပေါ်လွင်စေခဲ့သည်။

၁၉၅၁

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၇ ရက်နေ့တွင် ဖွဲ့စည်းသော ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးစံဝင်း၊ ကာတွန်း ဦးဘဂျမ်း၊ ဦးအုံးလွင်၊ ဒု-ပညာမင်းကြီးဦးကောင်း၊ ဦးသိန်းဟန် (ဇော်ဂျီ)တို့ ပါဝင်သည့် 'မြန်မာ့ ရှေးရိုးပန်းချီကာကွယ်ရေး ပန်းချီကော်မတီ'တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။

The University English-Myanmar Dictionaryကို ပြုစုခဲ့သော ဒေါက်တာဘဟန်က သူ၏ အဘိဓာန် နိဒါန်းစာတွင် အဘိဓာန်ပြုစုရာ၌ ကူညီခဲ့သူ ဦးဝန်နှင့် ဦးတင်သိန်း (ဒေါက်တာဘဟန်

www.burmeseclassic.com

www.burmeseclassic.com



၏သားမက်)တို့အား အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

"---- They have unstintedly helped me with their rich stores of accurate scholarship and information"

သခင်ကိုယ်တော်မှိုင်း၊ ဆရာလင်း၊ ဝန်ကြီးချုပ်ဦးနု၊ ဆရာကြီးဦးဖေမောင်တင်၊ ဆရာဇော်ဂျီတို့နှင့်အတူ ဗမာနိုင်ငံ စာရေးဆရာအသင်း၏ နာယကအဖြစ် ၂-၉-၅၁ နေ့တွင် ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။

## ၁၉၅၂

အမေရိကန်နိုင်ငံ နယူးဟေဗင်မြို့ (New Haven)၊ ယေးလ်တက္ကသိုလ် (Yale University)၌ ဘာသာဗေဒပညာကို (၆)လခန့်သွားရောက်ဆည်းပူးခဲ့သည်။

"တက္ကသိုလ်မြန်မာအဘိဓာန်အပိုင်း(၁)" (က-အက္ခရာ)ကို ပြုစုပြီးစီးသည်။

## ၁၉၅၃

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းအဖြစ် ဇွန်၊ ၁ ရက်နေ့တွင် တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

နိုင်ငံတော် သမ္မတကြီးက 'မဟာဂီတသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်း၌ မူမှန်စံပြုထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ် သံထွက်ပြုလုပ်ရေး'တို့အတွက် ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဦးထွန်းဖေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော 'အကြံပေးအဖွဲ့'ကို ၁၀-၆-၅၃ နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အဖွဲ့ဝင်အလက်ာကျော်စွာ ဦးဟန်ပ၊ အလင်္ကာကျော်စွာ ဒေါ်စောမြရေကြည်၊

www.burmeseclassic.com

www.burmeseclassic.com



မြို့မငြိမ်း စသည်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ မဟာဂီတ သီချင်းကြီး စုစုပေါင်း (၈၁)ပုဒ်ကို မူမှန်ပြုလုပ်အောင်မြင် ပြီးစီးခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပသော ကလေး စာအုပ်ပြပွဲတွင် နိုင်ငံပေါင်း (၅၀)မှ ကလေးစာအုပ်များ ပြသခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ကိုယ်စားပြု ဆရာမင်းသုဝဏ်၏ 'မောင်ခွေးဖို့' ကဗျာ စာအုပ် ပါဝင်ခဲ့ရာ ကလေးသူငယ်အများ စိတ်ဝင်တစား လေ့လာခဲ့ကြသည်။

## ၁၉၅၆

'တက္ကသိုလ်မြန်မာအဘိဓာန်အပိုင်း(၂)' (ခ-အက္ခရာ) ပြုစု ပြီးစီးသည်။

## ၁၉၅၇

'ခေတ်မှူလတန်း မြန်မာဖတ်စာ'ကို ဆရာကြီး ဦးဖေမောင်တင်နှင့်အတူ ပြုစုခဲ့သည်။

'ပထမတန်း မြန်မာဖတ်စာ'ကို ဆရာကြီး ဦးဘနှင့်အတူ ပြုစုခဲ့သည်။

အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုဗီယက်ရုရှား၊ ပိုလန်၊ ချက်ကိုစလိုဗေးကီးယား၊ အရှေ့ဂျာမနီနိုင်ငံများသို့ မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့နှင့် လှည့်လည်သွားရောက်ခဲ့သည်။

'တိပိဋက ပါဠိ-မြန်မာဖတ်စာ'နှင့် 'စတုတ္ထတန်း မြန်မာဖတ်စာ' တို့ကို ဆရာကြီးဦးဘနှင့်အတူ ပြုစုခဲ့သည်။

## ၁၉၅၉

ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ (Censor Board)အဖွဲ့ဝင်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်

အောက်တိုဘာလမှ စတင်ဆောင်ရွက်သည်။

ခုနှစ်ဝ

'မူလတန်းမြန်မာဖတ်စာ'နှင့် 'ဒုတိယတန်း မြန်မာဖတ်စာ'တို့ကို ဆရာကြီးဦးဘနှင့်အတူ ပြုစုခဲ့သည်။

ခုနှစ်၁

'ပထမတန်း မြန်မာဖတ်စာ'ကို ဆရာကြီး ဦးဘနှင့်အတူ ပြုစုခဲ့သည်။

"တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း(၃)" (ဂ၊ ဃ၊ င-အက္ခရာ) ပြုစုပြီး စီးသည်။

တက္ကသိုလ်ကောင်စီ၏ တိုက်တွန်းချက်အရ မတ်လ၊ ၁ ရက်နေ့တွင် မြန်မာစာပါမောက္ခအဖြစ် စတင်ဆောင်ရွက်သည်။

အောက်တိုဘာလတွင် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

'တက္ကသိုလ်စာအုပ် ထုတ်ဝေဖြန့်ချိရေးကော်မတီ' ဥက္ကဋ္ဌ၊ 'မြန်မာသမိုင်း ကော်မရှင်' အဖွဲ့ဝင် တာဝန်များကို ယူခဲ့သည်။

ခုနှစ်၂

နိုင်ငံတော်အစိုးရ၏ သီရိပျံချီဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

မေ၊ ၁၃ ရက်တွင် မြန်မာစာပါမောက္ခရာထူးကို စွန့်လွှတ်ပြီး ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူးတာဝန် ပြန်လည်ထမ်းဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၆၃**

'တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း (၄)' (စ-အက္ခရာ) ပြုစုပြီးစီးသည်။

**၁၉၆၄**

'တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း (၅)' (ဆ-အက္ခရာ) ပြုစုပြီးစီးသည်။

**၁၉၆၅**

တော်လှန်ရေးအစိုးရ လူမှုဝန်ထမ်းဌာနခွဲက ကြီးကြပ် ဆောင်ရွက်ခဲ့သော 'မြန်မာ မျက်မမြင် စာပေမူသစ်စာအုပ် ဖြစ်မြောက်ရေးကော်မတီ'တွင် အဖွဲ့ဝင် လူကြီးအဖြစ် ပါဝင်ကူညီခဲ့သည်။

ရှေ့ဆောင်လူငယ် ဗဟိုကောင်စီမှ 'လူငယ်စာပေ ထုတ်ဝေရေးအဖွဲ့' တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

**၁၉၆၆**

မြန်မာနိုင်ငံ စာမတတ်သူ ပပျောက်ရေးအတွက် သက်ကြီးစာသင်နည်း '(ဝ၊ ထ၊ က၊ လ၊ သ)'ကို တီထွင်ခဲ့သည်။ 'သက်ကြီးဖတ်စာ' 'သက်ကြီး စာပဒေသာ' များကိုလည်း တီထွင်ရေးသားပြုစုပေးခဲ့သည်။

စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့မှ ၁၉၆၆ ခုနှစ် အမျိုးသားစာပေစိစစ် ရွေးချယ်ရေး၊ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ရာတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ပညာရေးဌာန အခြေခံသင်ရိုးညွှန်းတမ်း၊ သင်ရိုးမဟာကာနှင့် ကျောင်းသုံး စာအုပ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သင်္ချာပါမောက္ခမှ 'မြန်မာ့ရှေးဟောင်း သင်္ချာများ ဖော်ထုတ်ခြင်း၊ သုတေသနလုပ်ငန်း'အတွက် ၅-၉-၆၆ ရက်နေ့တွင် တရားဝင် အကြံဉာဏ်တောင်းခံလာရာ ၁၈၆၅ ခုနှစ်ခန့်ဆီမှစ၍ မြန်မာပြန် သိုးဆောင်းသင်္ချာစာ စာအုပ်ရှိခဲ့ကြောင်း အထောက်အထားနှင့် ဖော်ပြပြီး ကုန်းဘောင်ခေတ် သင်္ချာပညာနှင့် ပတ်သက်၍ ရှာဖွေဖော်ထုတ်လာသင့်သော ကျမ်းများကို ဖော်ပြအကြံပြုခဲ့သည်။

ဒီဇင်ဘာလ၊ ၁ ရက်နေ့တွင် ပြန်ကြားရေးဌာနမှ ဖွဲ့စည်းခဲ့သော 'စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ'တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၆၆ - ၆၇ ပါဠိဌာန သင်ကြားရေးအဖွဲ့ (Board of Studies) တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်ပေးခြင်းခံရသည်။

## ၁၉၆၇

မိဘများ အမွေပေးခဲ့သော ညီအစ်ကိုမောင်နှမတစ်စုပိုင်သည့် ကွင်းခြံကုန်းမြို့တောင်ဘက်ကမ်း မင်းသုဝဏ်လမ်းထိပ်ရှိ မြေကွက်နှင့် အိမ်ဟောင်းတစ်လုံးကို 'ရပ်မှုရွာမှုအတွက်' သက်ဆိုင်ရာအာဏာပိုင်များထံ တစ်ဆင့် ပေးလှူရေးကို ၁၉၆၆ မှ ၁၉၆၇ အထိ အားထုတ်ခဲ့သည်။

ဗြိတိသျှသံရုံး အရာထမ်းများ ရာထူးတိုးမြှင့်ရာတွင် လန်ဒန်မှ ကျင်းပသော Civil Service Commission စာမေးပွဲဖြေဆိုကြရသည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အတွင်းဝန် Mr.R.J.Chase သည် အဆိုပါစာမေးပွဲကို ဖြေဆိုရာ၌ မြန်မာစာ စစ်ဆေးပေးမည့် ပုဂ္ဂိုလ်တစ်ဦး လိုအပ်ခဲ့ပါသည်။ ဗြိတိသျှသံရုံးက နိုင်ငံခြားရေးရုံးမှတစ်ဆင့် လိုအပ်သောပုဂ္ဂိုလ်ကို တောင်းခံခဲ့ရာ၌ စာစစ်

www.burmeseclassic.com

www.burmeseclassic.com



မှူးအဖြစ် ဆောင်ရွက်ရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ခဲ့သည်။

အလားတူပင် ဩစတြေးလျသံရုံးမှ အတွင်းဝန် Mr.S.R. Hume အတွက်လည်း ဗြိတိသျှသံရုံးနှင့် လန်ဒန်မြို့၊ SOAS တို့၏ ထောက်ခံချက်များအရ စာစစ်မှူး လုပ်ပေးရန် အမည်နှင့် တောင်းခံလာ၍ စာစစ်မှူးအဖြစ် ဆောင်ရွက်ပေးခဲ့ရသည်။

၁၉၆၈

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူးအဖြစ်မှ အငြိမ်းစားယူပြီး ၁-၆-၆၈ ရက်နေ့မှစ၍ ပညာရေးဌာန အထူးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းသည်။

၁၉၇၀

မြန်မာနိုင်ငံ သုတေသနအသင်း နှစ် (၆၀)ပြည့်တွင် အသင်း ဥက္ကဋ္ဌအဖြစ် ရွေးခံရသည်။

Henry:An Anthology by World Poets, Bern Porter, 1970 စာအုပ်အတွက် နိုင်ငံပေါင်း (၆၉)နိုင်ငံမှ ကဗျာများကို ရွေးချယ်ခဲ့ရာ Prof. G.H. Luce အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် (The Pyinma Stump) 'ပျဉ်းမငုတ်တို' ကဗျာကို မြန်မာနိုင်ငံ ကိုယ်စားပြု ကဗျာအဖြစ် ရွေးချယ်ခံခဲ့ရသည်။

နိုင်ငံတော်မှ ချီးမြှင့်သည့် သီရိပျံချီဘွဲ့တံဆိပ်ကို ရွှေတိဂုံစေတီတော်ကြီးအား ၁၉-၁၂-၇၀ ရက်နေ့တွင် လှူဒါန်းခဲ့သည်။ ထိုဘွဲ့တံဆိပ်သည် ဒိ-၁၂-၆ ရွှေသား ရှိကြောင်းကို 'အထွေထွေ ဝေယျာဝစ္စအတွက် အလှူငွေရရှိကြောင်းပြေစာ'တွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။ (မှတ်ချက်။ ။ ရွှေတိဂုံဘုရား ဆည်းလည်း အမှတ် (၁၇၇၇)မှာ

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဖြစ်သူ ဖိုးကြာဇံလှူဒါန်းခဲ့သည့် ဆည်းလည်း ဖြစ်သည်။)

၁၉၇၁

မေလ၊ ၃၁ ရက်နေ့တွင် ပညာရေး အထူးအရာရှိအဖြစ်မှ အနားယူသည်။

၁၉၇၄

ကြယ်၊ နက္ခတ်တာရာ၊ ပညာပေးစာအုပ်များ ဖြစ်ကြသည့်

(၁) မိုးပေါ်မှာ ကြယ်တစ်လုံး၊

(၂) အာကာတစ်ခွင် မြေပြင်တစ်ဝန်းတို့ကို ပြုစုခဲ့သည်။

၁၉၇၅-၇၉

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့ အိုဆာကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ် (၄)နှစ် တာဝန်ယူ၍ ဆောင်ရွက်ခဲ့သည်။

ထိုစဉ်အခါ. . .

(က) ပါမောက္ခဟာရာဒါနှင့် တွဲဖက်၍ အခြေခံမြန်မာဖတ်စာကို ပြုစုခဲ့သည်။

(ခ) ပါမောက္ခဟာရာဒါ၊ ဒုတိယပါမောက္ခ အိုးနိုတို့နှင့် တွဲဖက်၍ မြန်မာ-ဂျပန် အဘိဓာန် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

(ဂ) ပါမောက္ခ အိုးနိုနှင့် တွဲဖက်၍ 'မြန်မာစကားပြော အဒေသာ' စာအုပ်ကို ပြုစုခဲ့သည်။

(ဃ) ပါမောက္ခဟာရာဒါနှင့် တွဲဖက်၍ 'မြန်မာ့ကျေးလက် ပုံပြာစု' စာအုပ်ကို ပြုစုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(င) အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ် စာစောင်တွင် သုတေသနဆောင်းပါး (၃)စောင် ရေးသားဖော်ပြခဲ့သည်။

**၁၉၈၀**

ဂျပန် Haiku ကဗျာကို မြန်မာစာဖတ် ပရိသတ်နှင့် မိတ်ဆက်ပေးသော 'ဟိုက္ကူကဗျာ မြည်းစရာ'စာအုပ်ကို ပြုစုခဲ့သည်။

**၁၉၈၃**

၅၅၀ ဇာတ်တော်များကို ဘာသာပြန်ရာ၊ ၁၉၈၈ ခုနှစ်ဆန်းတွင် ဇာတ်တော် (၂၄၀)ကျော် ဘာသာပြန် ပြီးစီးခဲ့သည်။

**၁၉၈၄**

ရှိတ်စပီးယား၏ လီယာမင်းကြီး (King Lear) ပြဇာတ်ကို မြန်မာဘာသာ ပြန်ဆိုခဲ့သော စာအုပ်အတွက် အမျိုးသား ဘာသာပြန်စာအုပ် (ရသ)ဆု ရရှိခဲ့သည်။ တရားတော်များမှ ဂါထာပေါင်း (၄၂၃)ပုဒ်ကို ရွေးချယ်စုပေါင်းထားသည့် ဓမ္မပဒပါဠိတော်ကို မြန်မာပြန်ဆိုရာ ၂-၈-၉၂ ရက်နေ့တွင် ပြီးစီးခဲ့သည်။ မန္တလေး ကြီးပွားရေးတိုက်မှ ၁၉၉၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

**၁၉၉၇**

ဆရာနိုင် ပန်းလှ ဦးဆောင်သည့် ဂျပန်ရောက် စာပေအနုပညာ မြတ်နိုးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ထာဝရ ရံပုံငွေအဖွဲ့က ၂၀-၃-၉၇ ရက်နေ့တွင် အဖွဲ့၏ မြန်မာပြည် ကိုယ်စားလှယ်အဖြစ် ဒေါ်ခင်နှင်းယုမှ ဟသ်ာရုပ်ပါ ရွှေတံဆိပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ငါးသိန်း ချီးမြှင့်ပူဇော်ခဲ့ပါသည်။

၂၀၀၃

ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် သောက်ရေသန့်စက်နှင့် အဆောက်အအုံကို တစ်သက်တာ စုဆောင်းချွေးနည်းစာဖြင့် ၁၁-၉-၀၃ ရက်နေ့တွင် လှူဒါန်းခဲ့သည်။ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က သီးသန့် အဆောင်ဆောက်၍ 'သပြေညို ရေချမ်းစင်'ဟု အမည်တပ်ကာ အလှူကို အမွှန်းတိုး မှတ်တမ်းတင်ပေးခဲ့သည်။

၂၀၀၄

ဩဂုတ်လ၊ ၁၅ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ် (၁၈) ဦးထွန်းလင်းခြံလမ်း 'သပြေညို'နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကြည်ကြည်နှင့် သား ဦးဉာဏ်စိုး၊ ဦးထင်ကျော်၊ သမီးဒေါ်ထားချိုတို့ ကျန်ရစ်သည်။ ရုပ်ကလာပ်ကို ရေဝေး အကွက်အမှတ် (၅၁)တွင် ဂူသွင်းသဂြိုဟ်သည်။

ဆရာမင်းသုဝဏ်သည် ကွယ်လွန်ချိန်အထိ ကလောင်အမည်ကွဲ (၁၀)ခန့်ဖြင့် စာနယ်ဇင်းပေါင်း (၇၀)ခန့်တွင် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထု စာတမ်းများ ရေးသားခဲ့သည်။ လုံးချင်းစာအုပ် (၅၀)ခန့်လည်း ရေး၍ ထုတ်ဝေခဲ့သည်။

ဆရာမင်းသုဝဏ်၏ အချို့သောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကို အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ချက်၊ ဂျာမန်၊ တရုတ်ဘာသာများသို့ ပြန်ဆိုခဲ့ကြသည်။

ကလေးသူငယ်များ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်စိတ်၊ စူးစမ်းလေ့လာလိုစိတ် ဖြစ်ပေါ်စေရန်၊ ငှက်အမျိုးပေါင်း (၃၀)ကျော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စပ်လျဉ်းသည့် ကဗျာများ စပ်ဆိုခဲ့သည်။ ငှက်အမည်၊ နေထိုင်လှုပ်ရှားမှု သဘာဝ၊ အစားအစာ၊ အရောင်အသွေး၊ အော်မြည်သံတို့ကို အလျဉ်းသင့်သလို ဖော်ပြပေးသည်။ မြန်မာအမည်အပြင် အနောက်တိုင်း အခေါ်အဝေါ်များကိုလည်း အလွယ်တကူ သိရှိ ဗဟုသုတ တိုးပွားစေရန် အောက်ခြေမှတ်စု (Foot note) များနှင့် ယှဉ်တွဲဖော်ပြပေးခဲ့သည်။

## ဆရာမင်းသုဝဏ်၏ အခြားလူမှုရေး ဆောင်ရွက်ချက်များ

(၁) 'ပြည်သူ့လွှတ်တော် အဆောက်အအုံ တည်ဆောက်ရေး ယဉ်ကျေးမှု အကြံပေး ကော်မတီ' အဖွဲ့ဝင်၊

(၂) 'မြန်မာစာကော်မရှင်' အဖွဲ့ဝင်၊

(၃) အချုပ်အခြာ မြန်မာနိုင်ငံ တည်ထောင်မှုတွင် ကော်မတီပေါင်း (၁၃)မျိုး၌ အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

## ဆရာမင်းသုဝဏ်၏ ကလောင်အမည်များ

(၁) စိန်ဂွၢန်းပျော်-မောင်ဝန်း
ဦးအာကာသန်းတပည့်

(၂) စိန်ဂွၢန်းပျော်

(၃) စိန်ဂွၢန်းပျော်၊ ကွမ်းခြံကုန်းမြို့

(၄) စိန်ဂွၢန်းပျော်မောင်ဝန်

(၅) စိန်ဂွၢန်းပျော်မောင်ဝန်၊ ကွမ်းခြံကုန်းမြို့

(၆) ကွမ်းခြံကုန်း-သုဝဏ်-၁၀ တန်း

(၇) မေဃဝန်

(၈) ကွမ်းခြံကုန်း-မေဃဝန်

www.burmeseclassic.com

www.burmeseclassic.com



(၉) မေယဝန်၊ ကွမ်းခြံကုန်းမြို့
(၁၀) သုဝဏ်
(၁၁) မောင်သုဝဏ်
(၁၂) စန်းသော်တာ
(၁၃) ကွမ်းခြံကုန်း တောင်စုအစွန်က မောင်သုဝဏ်
(၁၄) ကွမ်းခြံကုန်းတောင်စုအလွန်က မောင်သုဝဏ်
(၁၅) မင်းသုဝဏ်
(၁၆) မြဝတ်ရည်
(၁၇) မြဝတ်ရည်-ဟံသာကျေး
(၁၈) ရွှေကညစ်
(၁၉) ခင်သိင်္ဂီ (ဟံသာဝတီ)
(၂၀) မွန်ကလေး
(၂၁) နောက်လိုက်
(၂၂) မောင်ရွှေချည်
(၂၃) ဦးဝန်
(၂၄) တက္ကသိုလ်မင်းသုဝဏ်
(၂၅) ဝါသဝ
(၂၆) အညတြ
(၂၇) ဝိဇ္ဇာမြတ်စို
(၂၈) ညီ
(၂၉) သုတေသီ
(၃၀) မင်္ဂလာ
(၃၁) ဝေဠုသုမန
(၃၂) သိချင်သူ

www.burmeseclassic.com

www.burmeseclassic.com



(၃၃) ခလောက်တရာက ငသောကြာ
(၃၄) မောင်ရှုပ(ဟသ်ာတ)

**(စာဆို မင်းသုဝဏ်၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်းကို ဦးထင်ကျော် ပြုစုခဲ့ပြီး ၂၀၀၇၊ ဇူလိုင်လထုတ် ပိတောက်ပွင့်သစ် စာပေ အနုပညာ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။)**

www.burmeseclassic.com

www.burmeseclassic.com



# ဆရာမင်းသုဝဏ် ရေးသားပြုစုခဲ့သော စာအုပ်များ

(၁) ၁၉၃၄ - ခေတ်စမ်းပုံပြင်များ
သိပ္ပံမောင်ဝ၊ ဦးဇမောင်၊
ဇော်ဂျီ၊ ကုသတို့နှင့်တွဲဖက်

(၂) ၁၉၃၆ - မင်းသုဝဏ်

(၃) ၁၉၃၇ - ခေတ်စမ်းကဗျာများ
ဦးဇမောင်၊ ဦးသိန်းဟန်၊ ဦးညွန့်၊ ဦးတိုးအောင်
ဒေါ်ခင်စောမူ၊ ဦးဘသောင်း၊ ဦးစောမောင်မောင်
တို့နှင့် တွဲဖက်

(၄) ၁၉၃၈ - အပိုမြန်မာစာဖတ်၊ စာအုပ်(၅)

(၅) ၁၉၄၀ - မောင်ခွေးဖို့

(၆) ၁၉၄၁ - သပြေညိုနှင့် အခြားကဗျာများ

(၇) ၁၉၄၃ - ဗမာ့သမိုင်းပုံပြင်များ
ဦးဘသောင်း၊ ဦးအုန်းဖေ၊ ဦးသိန်းဟန်တို့နှင့်
တွဲဖက်

www.burmeseclassic.com

www.burmeseclassic.com



(၈) ၁၉၄၈ - စာပေလောက

(၉) ၁၉၅၁ - ဝိဇယပြဇာတ်အဖြေသစ်

(၁၀) ၁၉၅၂ - မြန်မာသတ်ညွှန်းကျမ်း

(၁၁) ၁၉၅၂ - ကလေးများအဖို့ ပုံပြင်ဝတ္ထုများ(ပ) မူလတန်းအပိုဖတ်စာ

(၁၂) ၁၉၅၂ - ကလေးများအဖို့ ပုံပြင်ဝတ္ထုများ(ဒု) မူလတန်းမြင့်အပိုဖတ်စာ

(၁၃) ၁၉၅၂ - ဦးကြင်ဥ၏ ပါပဟိန်ပြဇာတ် ဝိဇ္ဇာမြတ်စို(မင်းသုဝဏ်) ဖြေ၊ ပုလဲခက်(ဇော်ဂျီ)လေ့လာ

(၁၄) ၁၉၅၂-၆၄- တက္ကသိုလ်မြန်မာစာ အဘိဓာန် (၅)တွဲ

(၁၅) ၁၉၅၃ - တွင်းသင်းမင်းကြီး၏အလိုကျ ဘလ္လာတိယပျို့ခက်ဆစ်လေ့လာချက်

(၁၆) ၁၉၅၅ - က။ သုံးပွင့်ဆိုင် ခေတ်စမ်းစာပေ သိပ္ပံမောင်ဝ၊ ဇော်ဂျီတို့နှင့် တွဲဖက်။ ခ။ လူ့ရွှန်း (တရုတ်-ဗမာချစ်ကြည်ရေး အသင်းမှ ထုတ်ဝေ)

(၁၇) ၁၉၅၆ - သူငယ်တန်းမြန်မာဖတ်စာ ဦးဖေမောင်တင်နှင့် တွဲဖက်

(၁၈) ၁၉၅၇ - ပထမတန်းမြန်မာဖတ်စာ ဦးဖေမောင်တင်နှင့် တွဲဖက်

(၁၉) ၁၉၅၇ - ခေတ်မူလတန်းမြန်မာဖတ်စာ ဦးဘနှင့် တွဲဖက်

(၂၀) ၁၉၅၈ - တတိယတန်းမြန်မာဖတ်စာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘနှင့်တွဲဖက်
(၂၁) ၁၉၅၈ - စတုတ္ထတန်း မြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်
(၂၂) ၁၉၆၀ - မူလတန်းမြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်
(၂၃) ၁၉၆၁ - ပထမတန်းမြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်
(၂၄) ၁၉၆၁ - တွင်းသင်းမင်းကြီး၏ ဘလ္လတိယပျို့
ပါမောက္ခ ဦးဝန်ဖြေဆို
(၂၅) ၁၉၆၁ - ဦးပုညဝတ္ထု (၄)ပုဒ်
ပါမောက္ခဦးဝန်ဖြေဆို
(၂၆) ၁၉၆၂ - မေတ္တာနှင့် သစ္စာ
(၂၇) ၁၉၆၃ - တက္ကသိုလ်မြန်မာသတ်ညွှန်းကျမ်း
(၂၈) ၁၉၆၃ - ကဗျာ့ပရိယာယ်
မင်းယုဝေနှင့် တွဲဖက်
(၂၉) ၁၉၆၅ - ပန်းနှင့်ပင်စည်
(၃၀) ၁၉၆၅ - မြန်မာစာမြန်မာမှု
(၃၁) ၁၉၆၅ - နှလုံးလှပုံပြင်များ
(၃၂) ၁၉၆၅ - ကဗျာရေးချင် စာစပ်သင်
(၃၃) ၁၉၆၅ - ခရီးသည်
ဇော်ဂျီနှင့်တွဲဖက်
(၃၄) ၁၉၆၆ - ဖိုးသူတော်ဦးမင်း၏ သဘာဝမြကွန်ဒိန်
(၃၅) ၁၉၆၆ - ကလေးပုံပြင်များ (၂၄ ပုဒ်)
(၃၆) ၁၉၆၈ - ပျဉ်းမငုတ်တို

www.burmeseclassic.com

www.burmeseclassic.com



(၃၇) ၁၉၇၀ - ရေချမ်းစင်
(၃၈) ၁၉၇၃ - အင်းယားကန်သို့ အိုကုတို့
(၃၉) ၁၉၇၄ - မိုးပေါ်မှာ ကြယ်တစ်လုံး
(၄၀) ၁၉၇၄ - အာကာတစ်ခွင် မြေပြင်တစ်ဝန်း
(၄၁) ၁၉၇၆ - ခေတ်စမ်းပုံပြင်များ(ခ)ခေတ်စမ်းဝတ္ထုများ
သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ ကုသတို့နှင့် တွဲဖက်
(၄၂) ၁၉၈၆ - မောင်ခွေးဖို့ (၄၅ ပုဒ်)
(၄၃) ၁၉၉၇ - မောင်ခွေးဖို့နှင့် မထွေးဖို့ကဗျာများ
(၄၄) ၁၉၉၇ - မင်းသုဝဏ်ကဗျာပေါင်းချုပ်
(၄၅) ၁၉၉၉ - ခေတ်စမ်း၏ပန်းသုံးပွင့်ရနံ့များ
သိပ္ပံမောင်ဝ၊ ဇော်ဂျီနှင့် တွဲဖက်
(၄၆) ၂၀၀၁ - ၉၂ နှစ်ပြည့် မွေးနေ့အမှတ်တရကဗျာများ
(၄၇) ၂၀၀၂ - မင်းသုဝဏ်၏ဝတ္ထုတိုများ
(၄၈) ၂၀၀၄ - ကလေးပုံပြင်များ
(၄၉) ၂၀၀၄ - မြန်မာစာပေပညာရှင် တွင်းသင်းမင်းကြီး
(၅၀) ၂၀၀၅ - သီးချင်းသည်ချိုးကလေးနှင့်
နှလုံးလှပုံတိုပတ်စများ
(၅၁) ၂၀၀၆ - မြန်မာစာအုပ်ဝေဖန်ချက်များ
(၅၂) ၂၀၀၇ - ကလေးများအဖို့ ပုံပြင်ဝတ္ထုများ

**အင်္ဂလိပ်ဘာသာနှင့် ပြုစုသော စာအုပ်တမ်းများ**

(1) 1938 - Development of the Burmese Language
in the Medieval Period
(2) 1956 - Some Problems of a lexicography in

www.burmeseclassic.com

www.burmeseclassic.com



Burmese

(3) 1974 - A Translation of Three Shield-Dance Songs Attributed to the Lord of Myinzaing

(4) 1977 - Some Burmese Poems Depiciting Burmese Life

(5) 1977 - Taytu-The ancient name of Peking In a Burmese Lithic Inscription of Pagan

(6) 1978 - Spoonerism in Burmese(Myanmar)

## ဘာသာပြန်လုံးချင်းစာအုပ်များ

(၁) ၁၉၈၀ - ဟိုက္ကူကဗျာ မြည်းစရာ

(၂) ၁၉၈၄ - လီယာမင်းကြီး

(၃) ၁၉၈၉ - ၅၅၀ ဇာတ်ပင်လယ်(ပ)

(၄) ၁၉၈၉ - ၅၅၀ ဇာတ်ပင်လယ်(ဒု)

(၅) ၁၉၉၀ - ရာဘင်ဒြာနတ်တဂိုး စာပဒေသာ မောင်ဖြူး၊ ဇော်ဂျီတို့နှင့် တွဲဖက်ရေး

(၆) ၁၉၉၂ - ဓမ္မပဒ

(၇) ၁၉၉၄ - နိုင်ငံရပ်ခြား ယဉ်ကျေးမှုဝတ္ထုတိုများ

## ရေးသားတည်းဖြတ်သောစာအုပ်များ

(၁) ၁၉၃၆ - ဂါမဏိစန္ဒာပျို့ (ဆီးမီးခံရှာစား-ဦးညွန့်)

(၂) ၁၉၄၃ - ဗမာ့သမိုင်းပုံပြင်များ ဦးသိန်းဟန်နှင့် ပူးတွဲတည်းဖြတ်

www.burmeseclassic.com

www.burmeseclassic.com

ကလောင်စုံ

(၃) ၁၉၄၇ - မာလာမြိုင်ကဗျာများ-ငွေတာရီ
(၄) ၁၉၅၀ - ရတနာကဗျာများ-မင်းယုဝေ၊ ငွေတာရီ
(၅) ၁၉၅၀-၅၉- အလယ်တန်းမြန်မာစာဖြေနည်း(ခေါ်)
အလယ်တန်းကျောင်းသုံး မြန်မာစကားပြေနှင့်
ကဗျာကောက်နှုတ်ချက် အဖြေပေါင်းချုပ်
(၆) ၁၉၅၅ - ရခိုင်သူမြတ် လောကသာရပျို့ အဖြေဘိခန်
(၇) ၁၉၅၆ - ကလေးများအဖို့ ဗုဒ္ဓဝင်-နုယဉ်
(၈) ၁၉၅၉ - ရှင်ဥက္ကံသမာဏ်-တောင်သူဆိုရတုအဖြေ
(၉) ၁၉၆၄ - ရှင်ဥတ္တမကျော်တောလားနှင့် လက်ဝဲသုန္ဒရ
ရတုများ
(၁၀) ၁၉၆၄ - ကဗျာ့ဥယျာဉ်
ဇော်ဂျီ၊ ဦးဘတို့နှင့်တွဲဖက်
(၁၁) ? - ဂီတဥယျာဉ်
ဇော်ဂျီ၊ တက္ကသိုလ်ထင်ကြီးတို့နှင့် တွဲဖက်
(၁၂) ၁၉၆၈ - ရှင်မဟာရဋ္ဌသာရ၏ ပကိဏ္ဏကစာစု
ဦးအုန်းရွှေနှင့်တွဲဖက်
(၁၃) ၁၉၇၄ - ရခိုင်ရှင်သီလဝံသ-ဂဝိဂန္ဓကျမ်း
(၁၄) ၁၉၇၉ - မြန်မာ-ဂျပန် အဘိဓာန်
ပါမောက္ခအိုနိုနှင့် ပါမောက္ခဟာရာဒါတို့အား
ကူညီပြုစု

ဝိတောက်ပွင့်သစ်
၂၀၀၃၊ ရှုလိုင်

www.burmeseclassic.com

www.burmeseclassic.com





# ဦးလွင်၏
# ကိုယ်ရေးမှတ်တမ်း

၁၉၂၃ ခုနှစ်၊ အောက်တိုဘာ၊ ၂၂ ရက်နေ့တွင် ဖခင် ဦးဘသာနှင့် မိခင် ဒေါ်သိန်းတို့မှ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း ၁၂ ယောက်တွင် ရှစ်ယောက်မြောက် ဖြစ်သည်။ ရန်ကုန်တွင် ကျောင်းတက်ခဲ့သည်။ ပထမအပတ် မင်္ဂလာဒုံဗိုလ်သင်တန်းဆင်းဖြစ်သည်။( The Japanese Imperial Military Training) ကို ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ၌ သွားရောက် သင်ကြားခဲ့သည်။ စစ်အပြီးတွင် အင်္ဂလန်နှင့် အနောက်ဂျာမနီနိုင်ငံများ၌လည်း ခေတ်မီစစ်ပညာများ သွားရောက် သင်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကလောင်စုံ

တော်လှန်ရေးကောင်စီ အစိုးရအဖွဲ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတစ်ဦး ဖြစ်ခဲ့သူ ဦးလွင်သည် တိုင်းမှူး အဆင့်အထိ တပ်မတော် တာဝန်များကို ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပါသည်။

- ၁၊ ၂၊ ၄၆ ရက်နေ့မှ အစပြု၍ ၎င်းသည် အမှတ်(၅) ဗမာ့သေနတ်ကိုင် တပ်ရင်းတွင် အရေးပေါ် ပြန်တမ်းဝင် အရာရှိ ဒုတိယဗိုလ် အဆင့်ဖြင့် တပ်ခွဲအရာရှိတာဝန်ကို စတင်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။

၁၊ ၈၊ ၄၆ ရက်နေ့တွင် ဗိုလ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။

၁၃၊ ၁၀၊ ၄၇ ရက်နေ့တွင် ဗိုလ်ကြီးအဆင့်ဖြင့် ဒုတိယတပ်ခွဲမှူး တာဝန်များကို ထမ်းဆောင်ခဲ့ရပါသည်။

၁၃၊ ၁၁၊ ၄၈ ရက်နေ့တွင် တပ်ခွဲမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၈၊ ၁၁၊ ၄၉ ရက်နေ့တွင် ဗိုလ်မှူး အဆင့်သို့ တိုးမြှင့်ကာ ဒုတိယတပ်ရင်းမှူးတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

၂၁၊ ၅၊ ၅၁ ရက်နေ့တွင် ယာယီ တပ်ရင်းမှူးအဖြစ် ယင်းတပ်ရင်း၌ပင် ထမ်းဆောင်ခဲ့ရသည်။

၁၉၊ ၃၊ ၅၃ ရက်နေ့တွင်ခေတ္တ ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် တပ်ရင်းမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

၈၊ ၅၊ ၅၃ ရက်နေ့တွင် တပ်ရင်းမှူး တာဝန်အပြင် စစ်ရုံးသို့ တွဲဖက်ထားခြင်း ခံခဲ့ရပါသည်။

၁၀၊ ၆၊ ၅၃ ရက်နေ့တွင် အမှတ်(၇) ခြေလျင် တပ်ပေါင်းစုဌာနချုပ်သို့ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရေး စစ်ရုံးတွင် တွဲဖက်ထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၊ ၆၊ ၅၃ ရက်နေ့တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပြောင်းရွှေ့ပြီး စစ်ရုံးတွင် ဆက်လက် တွဲဖက်ထားခဲ့ပါသည်။
၂၉၊ ၉၊ ၅၃ ရက်နေ့တွင် အမှတ်(၅) ဗမာ့ သေနတ်ကိုင် တပ်ရင်းသို့ တပ်ရင်းမှူးအဖြစ် ပြန်လည် တာဝန်ယူခဲ့သည်။
၁၅၊ ၆၊ ၅၅ ရက်နေ့မှ ၁၅၊ ၁၁၊ ၅၆ ရက်နေ့အထိ တပ်ရင်းမှူး တာဝန်များအပြင် မော်ဘီ တပ်နယ်မှူး တာဝန်များကိုပါ ယူခဲ့သည်။
၂၅၊ ၇၊ ၅၅ ရက်နေ့မှ ၂၆၊ ၈၊ ၅၆ ရက်နေ့အတွင်း တပ်မဟာ (၃) ခေတ္တ တပ်မင်းအဖြစ် တာဝန်ယူရသည်။
၁၆၊ ၁၁၊ ၅၇ ရက်နေ့တွင် အမှတ်(၁) ကချင်သေနတ်ကိုင် တပ်ရင်း၊ တပ်ရင်းမှူးအဖြစ် တာဝန်ယူခဲ့ရသည်။
၂၈၊ ၁၁၊ ၅၈ ရက်နေ့တွင် အမှတ်(၁၀၄) ခြေမြန်တပ်ရင်း တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။
၉၊ ၆၊ ၅၉ ရက်နေ့တွင် ဒေသန္တရ ဗိုလ်မှူးကြီးအဖြစ် စစ်သုံး (အမေရိကန်)တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။
၂၂၊ ၄၊ ၆၃ ရက်နေ့မှ စတင်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ဗိုလ်မှူးကြီးအဆင့်ဖြင့် ယာယီ ဒုတိယတိုင်းမှူး အဖြစ်လည်းကောင်း၊
၁၄၊ ၉၊ ၆၄ ရက်နေ့မှ စတင်၍ ယင်းတိုင်း၌ပင် ဒုတိယ တိုင်းမှူး တာဝန်များကို ခေတ္တ ဗိုလ်မှူးကြီးအဆင့်ဖြင့် လည်းကောင်း
၁၊ ၁၀၊ ၆၄ ရက်နေ့မှ စတင်၍ အရှေ့တောင်တိုင်း၊ စစ်ဌာနချုပ် တိုင်းမှူးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သူဖြစ်သည်။
၂၊ ၇၊ ၆၉ ရက်နေ့တွင် ဒုတိယဝန်ကြီးအဖြစ် အမျိုးသား စီမံကိန်း ဝန်ကြီးဌာန၌ ဗိုလ်မှူးကြီးအဆင့်ဖြင့်ပင် တာဝန်ယူ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။

၁၉၇၂ ခုနှစ်၊ ဧပြီ၊ ၂၀ ရက်နေ့မှ စတင်၍ ၎င်း၏ တပ်မတော် ပြန်တမ်းဝင် အရာရှိ အလုပ်ဝတ္တရားများကို ပြန်လည် အပ်နှံခွင့်ပြုခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့တွင် ဝန်ကြီး (စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)အဖြစ် တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။

၁၉၇၄ ခုနှစ်တွင် လက်ရှိဝန်ကြီးအပြင် ဒုတိယဝန်ကြီးချုပ် တာဝန်ကိုပါ ထမ်းဆောင်ခဲ့ပါသည်။

၁၉၇၇ ခုနှစ်တွင် တတိယအကြိမ် ပါတီညီလာခံ၌ ဗဟို အလုပ်အမှုဆောင် ကော်မတီအဖြစ် အရွေးချယ် မခံရတော့ဘဲ အစည်းအဝေးပြီးနောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံဘဏ္ဍာဝန်ကြီး အဖြစ် ဆက်လက် တာဝန်ပေးအပ်ခဲ့ပါသည်။

၎င်းနောက် နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ယူခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ၎င်းအား နိုင်ငံတော်ကောင်စီဝင် အဖြစ်မှ နုတ်ထွက်ခွင့် ပြုခဲ့ပါသည်။

လွတ်လပ်ရေး မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) နှင့် သီရိပျံချီဘွဲ့တို့ ချီးမြှင့်ခံခဲ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူး တာဝန်ကို ယူရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးလည်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သုံးခွမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ ၁၈,၁၈၉ (၆၈%) မဲဖြင့် အနိုင်ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်

၁၉၉၁ ခုနှစ်၊ မတ်လ၊ ၂၆ ရက်တွင် တစ်ကြိမ်၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ၊ ၉ ရက်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၆ ရက်နေ့၊ အသက် ၈၇ နှစ်အရွယ်တွင် ကွယ်လွန် အနိစ္စရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်

# ဆရာမင်းသုဝဏ်၏
# အထီးကျန် ကဗျာတစ်ပုဒ်

**ဒလဘန်း**

သကြန်မတိုင်မီ စနေနံနက်ခင်း ဆရာမင်းယုဝေအိမ်သို့ သွားခဲ့သည်။ ဆရာက သူ့ထံတွင် ရှာရန်မလွယ်သော အဘ၏စာတချို့ မြတ်မင်္ဂလာနှင့် မင်္ဂလာမောင်မယ်တို့တွင် ပြန်လည်ဖော်ပြလိုသည်။ အိမ်တွင်ရှိက ခေတ္တငှားပါဆို၍ ပေးရန် သွားခြင်းဖြစ်ပါသည်။ ဆရာမင်းယုဝေ၊ ဆရာဦးသန်းထွတ်(အငြိမ်းစား-ပညာရေး တက္ကသိုလ်ပါမောက္ခ)နှင့် ဆရာတက္ကသိုလ်ဝင်းမွန်တို့သုံးဦးသား ဆရာ့အိမ်ရှေ့ တံစက်မြိတ်အောက် စားပွဲဝယ်တွင် ဝိုင်းထိုင်အလုပ်လုပ်နေကြသည်နှင့် သွားကြုံပါသည်။ ဆရာတို့ သုံးဦးစလုံးမှာ အဘနှင့် လက်ပွန်းတတီး ခင်မင်ရင်းနှီးစွာ နေခဲ့ကြသော စာပေမိတ်ဆွေများ ဖြစ်ကြသည်။ ဆရာဦးသန်းထွတ်၊ အဘမဆုံးမီက အိမ်သို့ရောက်လာတတ်ကြောင်း အမေနှင့် ချစ်ပတို့ထံမှတစ်ဆင့် သိရသည်။ ဆရာဦးဝင်းမွန်လည်း အလားတူပင်။ ဆရာမင်းယုဝေမှာ သားချင်းတစ်ဦးလို ဖြစ်နေသည်။ အဘငယ်စဉ် ကလေး

www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့် ဆွေမျိုးစဉ်ဆက်အကြောင်းများ ကိုယ်တိုင် ပြော၍ အသံသွင်းပေးခဲ့သည်။ အဘ ဆုံးပါးပြီးနောက် ဆရာ့ထံမှ တိပ်ခွေများ ပြန်ရသည်။ "မောင်ဝင်းမောင်ရေ. . ."ဟု ဆရာမင်းယုဝေကို ရံဖန်ရံခါတိုင်တည်၍ ပြောသွားသော အဘ၏ ငယ်စဉ်တောင်ကျေး ကလေးဘဝ၊ ကျောင်းနေဘက် သူငယ်ချင်းများ၊ ဘိုးဘွား ဘီဘင်များအကြောင်း တစ်ဝကြီးနားထောင်ရသည်။ သိရသည်။ အဘကိုယ်တိုင်အနီးတွင် ထိုင်၍ ပြောနေသလို ခံစားရသည်။ 'ဒို့ကျောင်းသားစာစောင်'တွင် 'မင်္ဂလာ' အမည်ဖြင့် အဘ ရေးခဲ့သော စာပေဝေဖန်ရေး ဆောင်းပါးစာမူများ စုပေါင်းအပ်နှံထားခဲ့သည်ကိုလည်း ဆရာ့ထံမှ ပြန်ရခဲ့သည်။ 'တောင်သမန်ရွှေအင်း စာပေ'ကိုအောင်ကျော်၏ စေတနာနှင့် လှူလတို့ကြောင့် 'မြန်မာစာအုပ် ဝေဖန်ချက်များ' အမည်ဖြင့် စာအုပ်ပင် ထွက်ခဲ့သည်။

ကျွန်တော် ရောက်၍ ဆရာတို့အလုပ် ခေတ္တရပ်ကြသည်။ တစ်လမှတစ်ကြိမ်သာ ဆရာတို့ ဤသို့ စု၍ အလုပ်လုပ်ကြောင်း သိရသည်။ ထိုရက် ထိုအချိန်တွင် ဆရာတို့ သုံးဦးစလုံးနှင့် တစ်ပြိုင်နက်ဆုံရသောကြောင့် ကံကောင်းလှပါသည်။ ဝမ်းလည်းသာမိသည်။ ဆရာမင်းယုဝေက အဘ၏ မောင်ခွေးဖို့ကဗျာများကို ဆရာဦးခင်ဇော်(ကေ)က ဂီတသင်္ကေတရေးပေး၍ ကဗျာတချို့ကို ရှမ်းပြည်နယ်၊ တောင်ကြီးမှ ဆရာမ ဒေါ်သိန်းက သီဆိုပြီး ဓာတ်ပြားသွင်းခဲ့ပုံ ပြန်ပြောင်းအမှတ်တရ ပြောပြသည်။ ဆရာဦးသန်းထွတ်ကလည်း သူ နှစ်သက်ရာ အဘ၏ ကဗျာ၊ စာ တချို့အကြောင်း ပြောသည်။ ဆရာဦးဝင်းမွန်က 'ထိုပြေနှင့် ဤမြေ'ခေါ် နှစ် ၄၀ ကျော်က ကဗျာကို အစအဆုံး ရွတ်သည်။ ဆရာတို့ သုံးဦးစလုံး အလုပ်မေ့၍ သူတို့ ချစ်ခင်လေးစားကြသော အဘနှင့် စာပေအကြောင်း ပြောနေကြသည်ကိုကြည့်ရင်း ကြည်နူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းဝမ်းသာလည်းဖြစ်ရသည်။ မင်္ဂလာနံနက်ခင်းကလေးဟု စိတ်ထဲမှာ ခံစားမိသည်။ ကျွန်တော်လည်း စိတ်ထဲတွင် စွဲနေသည့် အဘ ၏ ကဗျာလေးတစ်ပုဒ်ကို ရွတ်ဆိုပြမိသည်။

## 'နတ်ထင်းတောင်'

တောင်ထိပ်က နေစွယ်
တောင်လယ်က မြူခိုး
တောင်ခြေမှာ **နတ်ထင်း** က
သင်းကြူ နံ့ဖြိုး

သက္ကတစာပေတွင် ဒေဝါရု (နတ်ထင်းပင်)ခေါ်သော ထင်းရှူး ပင် တစ်မျိုး ရှိ၍ မွှေးကြိုင်သော ရနံ့ရှိကြောင်း အဘ မှတ်တမ်းအရ သိရပါသည်။

နှစ် ၆၀ ကျော်က ကဗျာတိုကလေးကို သတိမထားမိဟု ဆိုရ သည်။ ကဗျာစာဆို့သား စာမစပ်တတ်သော်လည်း ဤလင်္ကာတိုကလေး ကို တွေ့ကတည်းက စိတ်ထဲစွဲမိသည်။ ရိုးရှင်းသည်။ တို၍ နားလည်လွယ် သည်။ ဆို၍လည်း ကောင်းသည်။ သင်းကြိုင်သည့် ထင်းရှူးနံ့ကလေး တိုပင် ရသလိုလို ခံစားမိသည်။ ပန်းချီဆရာတစ်ဦးအတွက် ဆေးစက် တချရာ ပုံပေါ်သလို ကဗျာစာဆို အဘအတွက်လည်း လျှပ်တစ်ပြက် စပ်ဆိုခဲ့သည့် ကဗျာလေးတစ်ပုဒ်မျှ ဖြစ်သည်။ သို့သော်လည်း ကျွန်တော့် အတွက်တော့ ဤကဗျာကလေးက အခြားကဗျာများနှင့်မတူ အထူး စိတ်ဝင်စားစေသည့် အကြောင်းတစ်ခုက ရှိနေသည်။ အကြောင်းမှာ ဤကဗျာလေးသည် အမြွာ ကဗျာနှစ်ပုဒ်မှ ကာလတာရှည် အမွေးနေရ ရှာသော ကဗျာကလေးဖြစ်နေ၍ပင်။

အောက်စဖို့ဒ်တက္ကသိုလ် ကျောင်းသားဘဝ ၁၉၃၉ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်တွင် အဘသည် ဗဟုသုတရှာ အပန်းဖြေရင်း ဆွစ်ဇာလန်နိုင်ငံသို့ ဧပြီလ၊ ၆ ရက်နေ့တွင် ရောက်ခဲ့သည်။ မွန်ထရိုးမြို့ကလေးရှိ ဆွစ်နှင့် မဂျက်စတစ်ဟိုတယ် အခန်း (၇၇)တွင် တည်းခိုစခန်းချသည်။ မွန်ထရိုးမြို့ကလေးမှာ ဂျနီဗာကန်ရိုးတွင် တည်ရှိသည်။ ဂျနီဗာကန်ကြီးသို့ လည်းကောင်း၊ တောင်အထပ်ထပ်ကို ကွေ့ကာဝိုက်ကာ တက်ခါသက်ခါဖြင့် အနီးအနားဒေသများသို့လည်းကောင်း အဘ ခြေဆန့်သည်။ သာယာလှပသော ရှုမျှော်ခင်းများကို ကြည့်ရှုခံစားသည်။ မြင်ကွင်းများက စာဆို့ စိတ်ကို ကြည်နူးစေသည်။ ရွှင်လန်းစေသည်။ အားသစ်များဖြစ်စေသည်။ စာဆိုသည် သူခံစားရသော သုခအမြိုက်၊ ထင်မြင်ရသော မြင်ကွင်းကလေးကို မမေ့လို။ တစ်ဖန် မိမိ၏ သုခအမြိုက်ကို သူတစ်ပါးနှင့်လည်း မျှဝေခံစားလိုသေးသည်။ နှစ်လိုဖွယ်သော ရှုခင်းနှင့် ခံစားရသော သုခတို့သည် သင်္ခါရသဘောကို မလွန်ဆန်နိုင်ကြောင်း စာဆိုသိသည်။ ယင်းကြောင့် မိမိ၏သုခကို မစွန့်လိုသော စာဆိုသည် တဒင်္ဂမင်ကို တစ်သက်ဖြစ်ရန် ကြိုးစားတော့သည်။ အားထုတ်တော့သည်။ မိမိခန္ဓာ မမြဲတော့သည့်တိုင် မိမိသုခကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းရန် ပန်းချီသဖွယ် ကဗျာကလေးများကို ရေးခြယ်စပ်ဆိုတော့သည်။ ဤနည်းအားဖြင့် ဖော်ပြပါ အမြွာ ကဗျာလေးနှစ်ပုဒ်သည် ဧပြီလ၊ ၁၂ ရက် တစ်နေ့တည်းတွင် မွေးဖွားလာခြင်း ဖြစ်တော့သည်။

ပထမ ကဗျာလေးကို 'ဂျနီဗာကန်ရိုး၌ (ဆွစ်ဇာလန်ပြည်) ဟုလည်းကောင်း၊ 'တောင်ခိုးနှင့် တိမ်'ဟုလည်းကောင်း အမည်တစ်မျိုးမျိုးဖြင့် စာရှုသူတို့ သိရှိပြီးဖြစ်လောက်မည် ယူဆပါသည်။ ၁၉၄၁ ခုနှစ် မြန်မာပြည်စာအုပ်တိုက်ထုတ် 'သပြေညိုနှင့် အခြားကဗျာများ' စာအုပ်တွင် ပထမဆုံးအကြိမ် အခြားကဗျာများနှင့်အတူ ဖော်ပြခြင်းခံရသည်။ သည့်နောက် ဦးဝန်နှင့် ဦးဘ၏ 'ဒုတိယတန်း မြန်မာဖတ်စာ' ဖော်ဂျီနှင့်

www.burmeseclassic.com

www.burmeseclassic.com





ဆရာမင်းသုဝဏ်

မင်းသုဝဏ်၏ 'ခရီးသည်၊' 'မင်းသုဝဏ် ကဗျာပေါင်းချုပ်'တို့တွင် ဆက်ကာ ဆက်ကာ ဖော်ပြခြင်း ခံခဲ့ရသည်။ 'နတ်ထင်းတောင်' ကဗျာလေးကား အစဉ်တစိုက် အထီးကျန် ဖြစ်ခဲ့ရရှာသည်။ အမြွာ ကဗျာဘဝမှ သင်းကွဲ ကဗျာကလေး ဖြစ်ခဲ့ရသည်။ ဖြစ်ရသည့်အကြောင်းရင်းကို အဘစာဆိုအားလည်း မေးခွင့်မရနိုင်တော့ပြီ။ အကြောင်းမည်သို့ပင် ရှိစေ အဘ၏ စေတနာမွန်ကို ဖြည့်ဆည်းအံ့သောငှာ အခွင့်ကြုံလာ၍ ဖော်ပြလိုက်ပါသည်။ လွန်ခဲ့သော နှစ် ၆၀ ကျော် ဆွစ်နှင့် မဂျက်စတာစ်ဟိုတယ်မှ စာရေးစက္ကူငယ်ပေါ်တွင် အဘကိုယ်တိုင် မှတ်မှတ်ရရ ရေးစပ် မှတ်တမ်းတင်ခဲ့သော အမြွာသင်းကွဲ 'နတ်ထင်းတောင်'မှတ်တမ်းကလေးအဖြစ် တင်ပြလိုက်ပါသည်။ တောင်ကြားလေ အေးမြမြ သယ်ဆောင်လာသည့် သင်းကြူသည့် နတ်ထင်းရနံ့ကလေးကို ရကြပြီး အဘစာဆို လက်ဆင့်တမ်းသည့် စာဆို့သုခကို မျှဝေခံစားကြပါကုန်။

ချယ်ရီမဂ္ဂဇင်း၊ ၂၀၀၆၊ ဩဂုတ်

www.burmeseclassic.com

www.burmeseclassic.com



# အဘ၏ စမ်းမြရိ

**ဒလဘန်း**

မှန်သည့်အတိုင်း ပြောရလျှင် ကဗျာစာဆို၏သား ကဗျပါရမီ အတော်နည်းပါသည်။ ကဗျာကို မကြိုက်၍တော့ မဟုတ်ပါ။ လွန်ဆွဲရလျှင်တော့ ကဗျာထက် အခြား စာပေဝါသနာက အားသာပါသည်။ ငယ်စဉ်က 'ကလေးဂျာနယ်'နှင့် ကြီးရပါသည်။ သာသနာပြုကျောင်းနေ၍ အင်္ဂလိပ်စာကိုလည်း အဘ အားပေးခဲ့ပါသည်။ ရက်သတ္တပတ်လျှင် တစ်ကြိမ် အင်္ဂလိပ်ရုပ်ပြ ကာတွန်းစာစောင်၊ ရုပ်ပြဇာတ်လမ်း၊ စာအုပ်ငယ်များ အဘ ဝယ်လာပေးပါသည်။ ကာတွန်းဆိုသော်လည်း အသိဉာဏ်ဗဟုသုတ တိုးပွားစေပြီး စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေးတို့ကို အခြေခံထားသည့် စာစောင်များဖြစ်၍ အဘက အားပေးပါသည်။ စာဖတ်ရှိန်မြင့်လာသည့်အချိန် အတန်းလည်း ရလာသည့်အခါ ကျောင်းအားရက်များ၌ အဘ၏ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ လိုက်၍ စာကြည့်တတ်ပါသည်။ ဖတ်ချင်စရာစာအုပ် အများအပြားရှိပါသည်။ ကျွန်တော် အဖတ်များသည့် စာရေးဆရာကြီးများမှာ ဒဂုန်ရွှေမြား၊ ရွှေဥဒေါင်း၊ မဟာဆွေ၊ ဇဝ်၊ အောင်လင်း၊ မိုးဝေ၊ မြစကြာ၊ ဒဂုန်ငမောက်၊ မြစလွယ် စသည်တို့ ဖြစ်ကြပါသည်။ စွန့်စားခန်း၊

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းများက ကျွန်တော့်အား အများဆုံး ဆွဲဆောင်ကြပါသည်။

အဘ ဆုံးပါးပြီးနောက် အဘ ထားရစ်သည့်စာအုပ်များကို အမွေဆက်ခံရပါသည်။ မိဘနှစ်ပါးရှိစဉ်ကလည်း အမေဖြစ်သူက သား အလည်သွားသည့်အခါများ၌ "အဖေကြီးသားက စုဆောင်းတာ ဝါသနာ ပါတယ်၊ မှတ်တမ်းတွေ သိမ်းခိုင်းပါလား" ဟု ပြောလေ့ရှိပြီး၊ အဘ ကလည်း သူ၏ နေ့စဉ်မှတ်တမ်းများကို နည်းနည်းချင်း ပေးလေ့ရှိပါ သည်။ အဘ ရှိစဉ်ပေးခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ၊ အဘမရှိတော့ သည့်အခါ အမေက ဆက်၍ပေးသည့်မှတ်တမ်းများ၊ အမေ မရှိတော့ သည့်အခါ ကျန်ရစ်သည့်စာအုပ်နှင့် မှတ်တမ်းများကို ရှာတွေ့သမျှ ဆက်လက်ထိန်းသိမ်းခဲ့ပါသည်။ သို့နှင့် အဘတစ်သက်တာ ပြုစုထိန်းသိမ်း စောင့်ရှောက်ထားခဲ့သည့်စာအုပ်၊ မှတ်တမ်းများအတော်ပင် ပြည့်ပြည့်စုံစုံ သိမ်းဆည်းခွင့်ရပါသည်။ ခြများနှိပ်စက်၍ အဘရှိစဉ်ကပင် ဆုံးရှုံးခဲ့ရ သော စာအုပ်စာတမ်းများလည်း တော်တော်များများ ရှိခဲ့ပါသည်။ ပြန်တွေးကြည့်လျှင် အလွန်နှမြောမိပါသည်။ အဘ အဖို့ကား ဆိုဖွယ်ရာ ပင်ရှိမည် မထင်ပါ။

အဘထံမှ စာပေအမွေများရပြီးသည့်နောက်၊ မိမိအားနည်း သည့် ကဗျာများကို အချိန်ရလျှင် ရသလိုလေ့လာရပါသည်။ 'မင်းသုဝဏ်'၊ 'သပြေညို'၊ 'မောင်ခွေးဖို့'၊ 'အင်းယားကန်သို့ အိုကုတို့'၊ 'မင်းသုဝဏ် ကဗျာပေါင်းချုပ်'၊ 'ဟိုက္ကူ ကဗျာမြည်းစရာ' စသည်တို့ကို အလျဉ်းသင့်သလို ထုတ်ယူဖတ်ရှုပါသည်။ 'မင်းသုဝဏ် ကဗျာပေါင်းချုပ်' ကို ဖတ်ရှုသည့်အခါ၊ စာအုပ်ပါ ပထမဆုံးသော ကဗျာကို အတော် စိတ်ဝင်စားမိပါသည်။ ခေါင်းစဉ်က 'စမ်းမြရိုထံသို့' ဖြစ်ပါသည်။ ၁၉၂၇ နှစ်၊ ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းပါ ကဗျာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလောင်စုံ

## စမ်းမြရီထံသို့

'မြ' မျက်နှာ သွင်ချိုပြုံးကိုတော့
ခဏခဏ တစ်သက်လျာပင် မြင်လိုတဲ့နှလုံးရယ်ကြောင့်
မရမကနှင့် ဆက်လွှာကို အကြင်ကိုကိုသုံးပေမယ့်
တသသနှင့် မက်ကာ ဘဝင်ဖိုလို့ နိုးအောင်ပ
ခင်အပျိုဘုန်းကတော့ ငြင်းရှာတယ်
(အို. . . ကိုအာကာရဲ့)လင်ကိုဖြင့် မုန်းတယ်လို့ ကွင်းကာဖယ်
(ဩော်. . . )ဈေးအနီးဆီက၊ သူဌေးသမီးပေမယ့်
သွေးကြီးကာ မာန်မဝင်တဲ့ပြင်
မြန်ခွင်တွင် စံယူသုံးရန်ဖို့ နှလုံးကြည်သာသာနှင့်
ဤဒကာကို စိတ်မဆိုးစေဖို့
အမျိုးမျိုးနော် ခွင့်ပန်တောင်းကာပ
အကြောင်းအရာစုံတို့နှင့် အဖုံဖုံ ခင်မေမြွက်တာကြောင့်
မိတ်ကလျာကို စိတ်မှာ မမျက်တဲ့ပြင် နှစ်သက်လှတယ်။

ကွမ်းနဂရဋ္ဌာနီ ထိုတစ်ကြောဆီက
စမ်းမြရီ အပျိုချောဟာဖြင့်
စာတမ်းပြလို့ အခါခါ အလီလီ အစ်ကိုတို့ ပြောရန်ဖို့
ချိုသဘောတွေနှင့် ပြုံပုံနှယ်
လူ့ဘုံနယ်မှာတော့ မှတ်ဖွယ်ကောင်း။

သွားတက်မခင်၊ ပါးခွက်ကလေးက တကယ်ယဉ်လို့
(မင့်ကိုလေ)မြင်ပါရင် လူမသိပေမယ့်
မချိပေါင် ဒီဖေဆွေးလှပေါ့
မကြာခင် မရဏာခွင်သို့ပင် ပြေးရတော့မထင့်

www.burmeseclassic.com

www.burmeseclassic.com



နိတ်သူရေ-တဆိတ်ကူလို့ဖေးလှည့်ပ
(ဩော်)ရှေးဘဝဟောင်းဆီက၊ မေးလှတဲ့
အကြောင်းရယ်ကြောင့်
(စမ်းမြရီရေ)ဝေးရချက်မကောင်း။ ။

**(၁၄-၁၂-၂၆)**
**ဒဂုန်မဂ္ဂဇင်း**
**ဩဂုတ်လ၊ ၁၉၂၇။**

ကဗျာ၏ အဓိကအကြောင်းရင်းမှာ မယ်က မောင့်ကို ညင်းသဖြင့် ဆွေးနေရသည့်အဖြစ်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ကဗျာဆရာတို့သည်၊ များသောအားဖြင့် တစ်ချိန်မဟုတ် တစ်ချိန် မယ်ဘွဲ့၊ မောင်ဘွဲ့ အချစ်၊ အလွမ်းအဆွေး ကဗျာများ ဖွဲ့တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ သို့သော်လည်း အဘကဗျာ၏ ထူးခြားချက်က ရည်ရွယ်သူမိန်းမပျိုကို အမည်နာမတပ်၍ ဖွဲ့ဆိုထားမှု ဖြစ်ပါသည်။ ကဗျာရေးဖွဲ့ချိန်က အဘ အသက်အရွယ်မှာ (၁၇)နှစ်ခန့်သာ ရှိသေးသည်။ ဆရာမှတ်ကြီးကျောင်းခေါ် စိန်ဂျွန်းကျောင်းအထက်တန်းကျောင်းသားဘဝ ဖြစ်သည်။ ယောကျ်ားလေးကျောင်းတွင် အဆောင်နေကျောင်းသားဖြစ်သည်။ တွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းမှ ရန်ကုန်ကျောင်းသို့ ပြောင်းသည်မှာလည်း သုံးနှစ်ခန့်သာ ရှိပေသေးသည်။ ဘယ်နေရာ ဘယ်စခန်းမှာများ 'စမ်းမြရီ' နှင့် ဆုံလိုက်ပါလိမ့်။ စမ်းမြရီက သွားတက်ကလေးအပြင် ပါးချိုင့်ကလေးက ပါသေးသည်။ အဘ မရှိတော့၍ ဖတ်ရသည့်ကဗျာထဲမှ 'စမ်းမြရီ' အကြောင်း အဘကို မေးရန်လည်း မစွမ်းသာတော့ပါ။ ဟိုလူပြော၊ သည်လူပြောနှင့် အဘငယ်စဉ်က စိတ်ဝင်စားဖွယ်ဇာတ်လမ်းတလေးများရှိခဲ့သလိုလို။ သည်ဇာတ်လမ်းများထဲမှ 'စမ်းမြရီ'အကြောင်းတော့ တစ်ခါဖူးမျှမပါဘူး။ မကြားဖူးခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အဘ ထားရစ်သည့် စာအုပ်မှတ်တမ်းများအပြင်၊ မဂ္ဂဇင်းအစောင်စောင်တွင် အဘ ရေးခဲ့သည့်ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့မှ အများစုမှာ စာစုစာရင်းများတွင် စာရင်းပေါက်သော်လည်း၊ စာမူစာသားများက အပြည့်အစုံ မရှိပေ။ ထို့ကြောင့် စာမူစာသားများစုဆောင်းရေးအတွက် တက္ကသိုလ်များ စာကြည့်တိုက်သို့ ခြေဦးလှည့်မိသည်။ ဗြိတိသျှဘားမား၊ ဒဂုန်စာဆိုတော်မဂ္ဂဇင်းများနှင့် ဒီးဒုတ်ဂျာနယ်တို့ကို ရနိုင်သလောက် ရှာဖွေဖတ်သည်။ တစ်နေ့တွင် 'မောင်ဝန်သို့' ခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ်ကို ဒဂုန်မဂ္ဂဇင်းတစ်အုပ်၌ အမှတ်မထင် တွေ့လိုက်ရသည်။ ကဗျာကို မဖတ်မီ ကဗျာအောက်ခြေကို ကပြာကယာ ကြည့်လိုက်မိသည်။ ကလောင်ရှင်က 'စမ်းမြရီ' တဲ့။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ စမ်းမြရီကို တွေ့လေပြီ။ စမ်းမြရီက အဘကဲ့သို့ ဒဂုန်ကလောင်ရှင်တစ်ဦးဖြစ်နေသည်။ အသွင်တူလျှင် အိမ်သူဖြစ်သတဲ့။ အဘတို့နှစ်ဦးကို အတဲ့ဖြတ် အမှတ်ပေးပြီးမှ ကဗျာကို ဖတ်သည်။

## မောင်ဝန်သို့

နတ်ပန်းနွယ်နီ မျှတတဲ့အသွေးတွေနှင့်၊ 'သထမ်' စမ်းမယ်ရီ မြမြတလေးရယ်က ဇလပ်၊ ဒန်း၊ စမ္ပယ်၊ သရဖီ အဝဝ မွှေးသလိုပ၊ (အိုရှင်)ကျမက ရေးလိုက်ပါပေါ့ ထံတျာကဗျာ၊ (ကိုကိုရယ်) အထ, အန မတွေးလေနှင့် အစစ မဝေးပါတဲ့ပြန်စာလွှာ၊ များစွာတကယ်ချစ်စဖွယ်စကားတွေကြောင့်၊ တပါး အလှမယ်-ပစ်ပယ်မထားပါဘူး။ 'ငါးရာ့နှစ်ဆယ်-ရှစ်သွယ်' အသွားရယ်နှင့် မမှားတဲ့ ဆရစ်ကညာမှာ နော်ရှင်၊ တရားငဲ့ပါလို့၊ ပွားရဲ့မေတ္တာ၊ အနုအလှ မယ်ကညာ ရာဝတဏှာ ငြိရင်တော့၊ 'အသုဘဆယ်ဖြာ ကာယဂတာသတိ' တွေနှင့်ရှုဆပယ်စရာ ဘာဝသနာ ဓမ္မာအရှိပေဘဲ၊ 'မသာ' ဘဝမှာ ကြည်ပြန်တော့ အသုံးမကျစရာ၊ အပြီးလှဘာကြောင့် 'ရီရီချော'၊ (အို) အဆုံးဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ပထဝီသဘော၊ သားမွေးအိမ်ထောင်၊ နှစ်ပါးတွေးလို့ မလိမ်ပေါင်၊ 'ကျား' သွေး အကြိမ်ကြိမ် ရှောင်မပေါ့၊ ဝဋ်နှောင်တွင် တဖန်မြုပ်လို့ မပြောချင်ဘူး၊ ထွင့်ခေါင်သခင် 'သမ္ဗုဒ္ဓေါ' ရယ်က ကျွတ်လွတ်အောင် ရှင်- ဓမ္မခန်ထုတ်ခါဟောစလေသော၊ **ဂရာဝါသော- ဗဟုကိစ္စော** ဆိုတဲ့ ဓမ္မောကို ဆင်ခြင်ရှုပါရဲ့၊ အချောပျို့ 'ဒင်ဖရု' Dimple ရယ်က အပြော မပို အဆင်အပြင် မပြုတော့ပါဘူး။ [ဩော်] တုသနှင့် သောသောပြီး လူ့တစ်ခွင်လောခဲ့တာမို့၊ အမိန်ဂွန်းပျော်မေ(အိုယောင်လို့ စိန်ဂွန်း ပျော်ရေ) ယခုဖြင့် မော။

**စမ်းမြရီ**
**ဒဂုန်မဂ္ဂဇင်း**
**၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ**

ကဗျာရှင်က 'သထပ်မယ် စမ်းမယ်ရီ-မြမြကလေး' ဟု သူ့ကိုယ်သူ ကဗျာအစပိုင်းတွင် ညွှန်းထားသည်။ အဘ မရဲတရဲ တိတ်တခိုးကြည့်လိုက်ရ၍ သွားထပ်ကို သွားတက်ထင်ခဲ့လေသလား။ ကဗျာအကြောင်းအရာက အစပိုင်းတော့ ဟန်မလိုလိုရှိသည်။ အဘ၏ ချစ်စဖွယ်စကားတွေကြောင့် သူ့အနေဖြင့် ပစ်မထားနိုင်၍ စာပြန်လိုက် သည့်အကြောင်း ဖြစ်သည်။ ပြီးတော့မှ အဘကို တရားပြကာ၊ တရားချတော့သည်။ သူ့အနေဖြင့် အဘအပေါ် သန့်ရှင်းသည့် ၅၂၈ သွယ် မေတ္တာထားကြောင်း၊ သူ့မှာတော့ ဘုရားဟောသည်နှင့်အညီ ကိစ္စများမြောင်၊ လူတို့ဘောင်၏ အိမ်ထောင်သားမွေးမှုကို ရှောင်လိုသည်ဟု အဖြေပေးထားလေသည်။

သည်စာဖတ်ရချိန် အဘ၏ခံစားချက်ကို တွေးကြည့်မိသည်။ အားငယ်ရာမှ ပူဆွေးလွမ်းဆွတ်ရှာပေလိမ့်မည်။ အဘငယ်စဉ်က နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့် ကဗျာနှင့် ဝတ္ထုတိုကလေးများမှာ အလွမ်းအဆွေးနှင့် မကင်းလှပေ။ 'ကိုဝန်၏ကဗျာကလေးများကို ဖတ်လိုက်သည့်အခါ လွမ်းခန်း၊ ဆွေးခန်းများ တစ်နေရာရာတွင် ပါလာလေသည်။ ဤသို့ အလွမ်းကိုချည်း ဖွဲ့သောကြောင့် ကိုဝန်အား အပြစ်မဆိုသာချေ။ ဥသြသည် ဟင်္သာကဲ့သို့ မမြည်နိုင်။ ဟင်္သာသည်လည်း ဥသြကဲ့သို့ မည်နိုင်မြည် မဟုတ်ပေ။ ဥသြသံကိုကြားလိုလျှင် ဥသြရှိရာသို့သာ သွားလော့။ ဟင်္သာများရှိရာကို မသွားလေလင့်။ ထို့အတူ အလွမ်းအဆွေးအကြောင်းများကို မကြားလို မသိလိုလျှင် ကိုဝန်၏ ကဗျာများကို မဖတ်ပါလင့်။ အလွမ်းအဆွေးအကြောင်းကို သိလိုကြားလိုလျှင် ကိုဝန်ဖွဲ့သောကဗျာများကို ဖတ်ပါလေ' ဟူ၍ပင် သိပ္ပံမောင်ဝက တစ်ချိန်တွင် မှတ်ချက်ပေးခဲ့ဖူးသည်။ သူ့ကို 'လွမ်းစာဆို' ဟူ၍ အများက ပြောကြ၍၊ တစ်ချိန်တွင် 'လွမ်းစာဆိုတဲ့' ဟူသော ကဗျာတစ်ပုဒ်ရေး၍ သူကြီးပြင်းခဲ့ရသည့် ဘဝဝန်းကျင်နှင့် အချိန်အခါကြောင့် သူ့ကဗျာနှင့် စာတို့တွင် အလွမ်းအဆွေးများ ပါနေရပုံကို အကြောင်းနှင့် ဖြေရှင်းခဲ့ဖူးရှာသည်။ မည်သို့ပင်ဆိုစေ အဘ လွမ်းတတ်သည်ကတော့ အမှန်ပင်။ အဘ ကိုယ်ရေးမှတ်တမ်းများတွင် ဖခင်ကြီး၏အမည်ကို'ဦးလွမ်းပင်' ဟု အဘ 'လွမ်း' ခဲ့သည်များကို ဂရုပြုမိသည်။ တစ်နေ့ အမှတ်မထင် ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း စတင်တည်ထောင်သည့် မော်ကွန်းမှတ်တမ်းတွင် ကျောင်းကော်မတီ ခေါင်းဖြစ်သူ အဘ၏ ဖခင်အမည်ကို 'ဦးလွန်းပင်' ဟု မကြာမီကမှ တွေ့ရှိ ဂရုပြုမိသည်။ အဘမရှိတော့ပြီမို့ ဒေါ်လေးနုယဉ်ကို မေးကြည့်မိသည်။ ထိုစဉ်က ဒေါ်လေးမှာ ကျန်းမာရေး မကောင်း၍ ဆေးရုံ၌ အနားယူနေသည့် ကာလဖြစ်လေသည်။ ကျွန်တော့်အမေးကို ဒေါ်လေးက ပြုံးပြီး "တို့အမျိုးထဲမှာ ဘယ်သူမှ မလွမ်းဘူး။ ဘဘ နာမည်က နငယ်သတ်နဲ့ လွန်းတယ်" ဟု အရွှန်းအသောကလေးနှင့် ဒေါ်လေးက

www.burmeseclassic.com

www.burmeseclassic.com



ဖြေသည်။ ဤသည်ကို ထောက်ရှုလျှင် အဘငယ်စဉ်က မည်မျှ အလွမ်းသန်ရှာမည်ကို ခန့်မှန်းရနိုင်လောက်သည်။

ကဗျာကလောင်ရှင် 'စမ်းမြရီ' ကိုတွေ့တော့ အဖြေတစ်ဝက် တော့ ထွက်လေပြီ။ ကလောင်ရှင်အမျိုးသမီးက ဘယ်မြို့က ဘယ်သူများ ပါလိမ့်ဆိုသည့် သိချင်စိတ်ကလေးကတော့ ကျန်နေသေးသည်။ တစ်နေ့ တွင် အဘလက်ရေးနှင့် ကဗျာမှတ်စုစာအုပ်တစ်အုပ်ကို သွားတွေ့သည်။ ၁၉၂၆ ခုနှစ်၊ မေလမှ ၁၉၃၂ ခုနှစ်၊ မတ်လအတွင်း ရေးဖွဲ့ခဲ့သည့် ကဗျာပေါင်း ၁၂၃ ပုဒ်ကို အဘ ကိုယ်တိုင်လက်ရေးဖြင့် ပြန်ကူး၍ မှတ်တမ်း အဖြစ် ပြုစုထားသည့် စာအုပ်ကလေးဖြစ်သည်။ ကဗျာအမှတ် စဉ်(၃)မှာ 'စမ်းမြရီ' အကြောင်း ဖွဲ့ထားသည့် လေးချိုးတစ်ပုဒ် ဖြစ်နေကြောင်း တွေ့ရပြန်ပါသည်။ ကဗျာရေးဖွဲ့သည့် နေ့စွဲကိုကြည့်လိုက်သည့်အခါ 'စမ်းမြရီထံသို့' ကဗျာထက် ၆ လခန့်စောကြောင်းတွေ့ရသည်။ စမ်းမြရီကိုတွေ့ပြီး မရှေးမနှောင်းတွင် ရေးဖွဲ့ခဲ့သည့် ပထမဆုံးသော ကဗျာဟု ယူဆရပါသည်။

## မယ်ဘွဲ့လေးချိုး

အနုအလှ အယဉ်မှာ-ဆေးကူလို့ မဆန်းနိုင်ဘူး၊
ရှုမဝ-သဇင်မာလာမွှေးကြူတဲ့ပန်းကိုလှ၊
မအေးသူ-ဖေးကူမဲ့ငြိမ်းတွေနှင့်၊
(စမ်းမြရီရေ)လှမ်းဆွတ်ယူချင်။

(သြော်)အထက်ဖျားမှာမို့၊ မျက်ထားတော် တကယ်ချိမှ၊
ဟောသည် ကိုယ်ဆွတ်ချူဝံ့မယ်၊ စိုးရွံ့ကြောက်အင်။

မတန်တာ သင်ကြံရက်တယ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



ထန်မာမာ ခင်ပြန်လို့မြွက်မှဖြင့်၊
အသက်နှင့်ကိုယ်ကိုပင်
ခွာချင်ရဲ့သက်ထား။

နန်းတွင်း(တော်)ဝင်၊
ပန်းမင်းဂေါ်သဇင်ရဲ့၊
ပျော်ရွှင်စွာ မောင်ပူအေးအောင်
(စမ်းမြရီရယ်)ဆေးကုမှာလား။ ။

(၅-၆-၂၆)

**မောင်ဝန်(စိန်ဂျွန်းပျော်)ကိုအာကာသန်းတပည့်**
**ဒဂုန်မဂ္ဂဇင်း၊ အမှတ်(၇၄)၊ အောက်တိုဘာ၊ ၁၉၂၆ ခုနှစ်**

နှမဝမ်းကွဲ ဒေါ်စိုးငြိမ်း ပြုစုထားသည့် စာစုစာရင်းနှင့် စစ်လိုက်သည့်အခါ 'မောင်ဝန်(စိန်ဂျွန်းပျော်)ကိုအာကာသန်းတပည့်' ဟူသော ကလောင်အမည်ကို အဘ သုံးထားကြောင်း တွေ့ရပါသည်။ ထို့ကြောင့်လည်း စမ်းမြရီက အဖြေပေးသည့် ကဗျာခေါင်းစဉ်ကို 'မောင်ဝန်သို့' ဟု ရွေးခဲ့လေဟန်ရှိသည်။ ကဗျာအဆုံးသတ်ပိုကလေးမှာ ဖတ်ရသူနှလုံးသားဝယ် သနားစိတ်ဖြစ်ပေါ်စေသလို အပြုံးစိတ်ကလေးလည်း ဖြစ်ပေါ်စေမည်လား မသိပါ။ 'စမ်းမြရီထံသို့' ကဗျာကို အဘ၏ လက်ရေး ကဗျာမှတ်တမ်းစာအုပ် ကဗျာအမှတ်စဉ် (၂၂)တွင် တွေ့ရပါသည်။

ကဗျာမှတ်တမ်းစာအုပ်ကို တစ်နေ့ နည်းနည်းချင်း အချိန်ရသလို ဖတ်ဖြစ်သည်။ ကဗျာများအဆုံး၊ မှတ်တမ်းစာအုပ်ကျောဖုံးအတွင်းပိုင်းတွင် 'စာဆိုသူများ။ 19.5.28' ခေါင်းစဉ်ပါ မှတ်တမ်းတိုကလေးတစ်ခု တွေ့ရပြန်ပါသည်။ ပထမစာဆိုမှာ "အာကာဘောင်၊ အာကာမြေ၊ မမြသုမေ့ဝတီသန်း အမည်ခံကို အာကာသန်း" ဟူ၍ ဖြစ်ပါသည်။ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



စာဆိုမှာ 'စမ်းမြရီ' ဖြစ်နေလေတော့သည်။ နှစ်နှင့်ချီ စိတ်ဝင်စားခဲ့ရသည့် 'အဘ၏စမ်းမြရီ'။ နောက်ဆုံးတော့ အမည်ရင်းသာမက၊ နေရပ်ကိုပါ သိရပါပြီ။ အဘသည် ဒဂုန်ကလောင်ရှင်ကို အမည်နှင့်ကဗျာတွေ့၍ သဘောကျပြီး ကဗျာဖွဲ့ ချစ်ရေးဆိုနေခြင်းလော၊ ကလောင်ရှင်မည်သူမှန်းသိလျက်နှင့် စိတ်ကူးယဉ်ကာ၊ လွမ်းကဗျာသီနေခြင်းလော။ စမ်းမြရီ မည်သူမည်ဝါမှန်း သိရကာမှ အဖြေညှိမရနိုင်သည့် ပဟေဠိကြီးနှင့် ရင်ဆိုင်ရပါတော့သည်။ အကြောင်းကား 'စမ်းမြရီ' သည် ဒီးဒုတ်ဂျာနယ်၊ ဗြိတိသျှဘားမား၊ ဒဂုန်မဂ္ဂဇင်းတို့၏ ကလောင်ရှင် 'ဘောင်ဒရီလမ်းစာတိုက်၊ ၅ ထပ်ကြီးဘုရား-ဟံသာဝတီဂိုဏ်းအုပ်ကျောင်းတိုက်၊ ဦးဇင္ဇိလကျောင်း'မှ 'ဦးအဂ္ဂဝံသ' ဖြစ်နေ၍ ဖြစ်ပါတော့သတည်း။

**ဝိတောက်ပွင့်သစ်**
**၂၀၀၇၊ ဇူလိုင်**

www.burmeseclassic.com

www.burmeseclassic.com



# မင်းသုဝဏ်၏သား ဆရာဦးထင်ကျော်နှင့် တွေ့ဆုံခြင်း

ဇော်လင်း

ပိတောက်ပွင့်သစ် မင်းသုဝဏ် အမှတ်တရစာအုပ် စီစဉ်ထုတ်ဝေနိုင်ရန် ကျွန်တော်တို့သည် ဆရာကြီး၏သားဖြစ်သူ ဆရာဦးထင်ကျော်ထံ ရောက်ဖြစ်ကြပါသည်။ ဆရာဦးထင်ကျော်ထံမှ ဆရာကြီးနှင့် ပတ်သက်သည့် အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ နေ့စဉ်မှတ်စုများကို ဖတ်ခွင့်၊ ကြည့်ခွင့်ရခဲ့ကြပါသည်။ ဆရာကြီးနှင့် ပတ်သက်သည့် ရှေးဟောင်းနှောင်းဖြစ်များကိုလည်း ဆရာဦးထင်ကျော်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဆရာဦးထင်ကျော်နှင့် စကားပြောရင်း သိလာရသော ဆရာကြီး၏ အလေ့အလာ၊ အစုအဆောင်းများမှာ အတုယူစရာများဟု မြင်လာသည်။ ဆရာကြီး၏ မှတ်စုများမှာ ရသသဘောပါသော မှတ်တမ်းဝင် အချက်အလက်များဟု သိလာသည်။ ဆရာကြီး၏ ကိုယ်ကျင့်နှင့် ခံယူချက်များမှာ မပျောက်ပျက်သင့်သည့် အမျိုးသားရေးဟု ခံစားလာမိသည်။ ကလေးစိတ်ပညာကို ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သည့် ဖခင်တစ်ယောက်၏ သဘောထားနှင့် အမျိုးသားစာဆို ဖခင်အပေါ် သားဖြစ်သူ၏ အမြင်တို့မှာ မြန်မာ့လူမှု ဘဝ အတွက် အလေ့အကျင့်ကောင်းများဟု သဘောပေါက်လာမိသည်။ ထို့ကြောင့် ဆရာကြီး မင်းသုဝဏ်၏ သားဖြစ်သူ ဆရာဦးထင်ကျော်နှင့် တွေ့ဆုံမေးမြန်းခန်းကို ပိတောက်ပွင့်သစ်မှ တင်ဆက်လိုက်ပါသည်။

ဆရာဦးထင်ကျော်သည် Methodist English ကျောင်း (ယခု အထက ၁ ဒဂုံ)တွင် အခြေခံပညာကို ဆည်းပူးခဲ့ပြီး ၁၉၆၁-၆၂ တွင် အထက်တန်း အောင်မြင်ခဲ့ပါသည်။ ၁၉၆၂-၆၃ ပညာသင်နှစ်မှစ၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ တက်ရောက် ပညာသင်ယူခဲ့ပြီး ၁၉၆၆-၆၇ ပညာသင်နှစ်တွင် စီးပွားရေးပညာဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၆၈ တွင် မဟာစီးပွားရေးပညာ ဆက်လက် သင်ယူနေရင်း စီးပွားရေး တက္ကသိုလ်တွင် နည်းပြအဖြစ် ၁၉၇၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါသည်။ ၁၉၇၁-၇၂ တွင် ယင်းဌာန၏ ပထမဆုံး ပညာတော်သင်အဖြစ် အင်္ဂလန် နိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၇၃ တွင် ဒေါ်စုစုလွင် M.A (Eng) နှင့် အိမ်ထောင်ပြုပါသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူပြီး ၁၉၇၅ တွင် ကွန်ပျူတာမဟာသိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။ ကွန်ပျူတာပညာရပ်နှင့် ပတ်သက်၍ ဂျပန်နိုင်ငံသို့လည်း ပညာသင်သွားရောက်ခဲ့ပါသေးသည်။ နောက်ပိုင်းတွင် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ တွင် ယင်းဌာန၏ ဒုတိယ ညွှန်ကြားရေးမှူး တာဝန်မှ မိမိဆန္ဒအလျောက် နုတ်ထွက်ခဲ့ပါသည်။

***ဆရာ. . . ဆရာကြီးအကြောင်းကို ပြောရင် 'အဖ' လို့ပဲ သုံးတာ သတိထားမိတယ် ဆရာ။ ဒေသသုံး၊ ခေတ်သုံး ဖြစ်ပေမဲ့***

www.burmeseclassic.com

www.burmeseclassic.com



***'အဘ'လို့ခေါ်တဲ့ ဆရာ့ရဲ့လေသံကို နားထောင်ရတာ နွေးထွေးတဲ့ မိသားစုဘဝကို ပိုင်ဆိုင်ခဲ့သူတစ်ယောက်လို့ ခံစားမိတယ်။ ဆရာ့မိသားစု ပုံရိပ်ကလေးပေါ့ ဆရာ. . . နည်းနည်းသိပါရစေ။***

အဘ ဖခင်ရဲ့ အဖေပေါ့လေ။ အဘိုးဦးကြာဖံ့. . .။ ဦးကြာဖံ့ကို အဘာက အဘိုးလို့ မခေါ်ဘူး။ 'ဘဖိုးကြီး'လို့ခေါ်တယ်။ အဘအမေရဲ့ အမေကျတော့ 'ဒေါ်သဲအူ'တဲ့၊ အဲဒါလည်း အဘွားလို့ မခေါ်ဘူး။ 'အမေအိုကြီး'လို့ခေါ်တယ်။ သူ့ရဲ့ အဖေကျတော့ 'ဘဘ'လို့ ခေါ်တယ်။ အဘိုးဦးလွန်းပင်ကိုပေါ့။ အမေ ဒေါ်မိကျတော့ 'အမေမိ'လို့ ခေါ်တယ်။ ကျွန်တော်တို့ကျတော့ အဘိုးဦးလွန်းပင်ကို 'ဘဘကြီး'လို့ ခေါ်တယ်။ အဘွားကျတော့ 'အမေကြီး မမိ' လို့ ခေါ်ကြတယ်။ ဒေါ်လေး (ဒေါ်နုယဉ်) သားသမီးတွေ. . . တူ တူမအားလုံးက ကျွန်တော့်အဖေကို 'အဘ' အဲဒီလိုပဲ ခေါ်ကြတယ်။ အမေ့ကိုတော့ 'အမေ'လို့ပဲ ခေါ်တယ်။ ဆွေမျိုးတွေကရော၊ အိမ်ကို အမြဲဝင်ထွက်နေကြတဲ့ တပည့်တွေကရော ကျွန်တော် မှတ်မိတယ် ဆရာဦးကျော်အောင်တို့၊ ကိုမင်းမော်တို့ကအစ အိမ်ကိုလာရင် "အဘရှိသလား" ဒီလိုပဲ မေးတယ်။ ကျွန်တော် စာရေးတဲ့အခါလည်း 'အဘ'လို့ပဲ ရေးတယ်။ 'အဘ'ဆိုတာ ကျွန်တော် တမင်သုံးတာ။ 'မင်းသုဝဏ်'လို့ ကျွန်တော် မရေးချင်ဘူး။ ဒါပေမဲ့ အဘက 'မင်းသုဝဏ်'ဆိုတဲ့ ကလောင်အမည်ကို အရမ်း မြတ်နိုးတယ်။ စကားစပ်လို့. . . သူ အသက်ထင်ရှား ရှိနေတုန်း ဒီကလောင်အမည်ကို သူ့မြေးတွေအတွက် အမွေပေးခဲ့ရတာကို 'အဘ'အတော်ကျေနပ်ခဲ့ပါတယ်။ ကျွန်တော့်နှမက မွေးတဲ့ သူ့မြေး သုံးယောက်ကိုပေါ့။ သားအကြီးကို 'မင်းဝဏ်'၊ သားအငယ်ကို သုဝဏ်၊ သမီးအငယ်ဆုံးကို အေးနှင်းဝဏ် ဆိုပြီးတော့၊ တိုက်တိုက် ဆိုင်ဆိုင် အဲဒီနာမည်တွေကလည်း မြန်မာ့ရိုးရာ အယူအရ သူတို့နဲ့ နေ့သင့်နံသင့်တွေ ဖြစ်နေတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဘ'ဆန္ဒလည်း ပြည့်သွားခဲ့တယ်လို့ ဆိုရမှာပေ့ါ။ နောက်ပြီး မြေးအကြီးကလည်း ဆရာဝန်ဖြစ်ပြီး အဘ ဇာတိချက်ကြွေ ကွမ်းခြံကုန်းမြို့က ဆေးရုံမှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပါတယ်။ တိုက်ဆိုင်မှုတွေပေ့ါလေ။

***'အဘ'ပေ့ါလေ။ ဆရာကြီးရဲ့ ငယ်ဘဝနဲ့ ပတ်သက်ပြီး ဆရာတို့ကို ပြောပြခဲ့တာ။ ဒါမှမဟုတ် မှတ်တမ်းအနေနဲ့ ရေးခဲ့တာများ သတိထားမိသလားဆရာ။***

၁၉၈၀၊ စက်တင်ဘာမှာ အသံသွင်းခဲ့တာရှိတယ်။ အဘမှာ ငယ်စဉ်က အားနည်းချက်ကလေးတွေရှိတယ်လို့ သူ့ကိုယ်သူ ပြန်ပြီး ဝေဖန်ထားတာပေ့ါ။ စာမတော်ဘူး၊ မှတ်ဉာဏ်မကောင်းဘူး၊ ဂဏန်းညံ့တယ်၊ ဆရာ စာမေးတဲ့အခါ ပြန်ဖြေရင် နည်းနည်းထစ်တတ်တယ်။ အဲဒီအကြောင်းတွေ ပြန်ပြောခဲ့တာ။ အသက် ၇၁ နှစ်မှာ နောက် အားနည်းချက်တွေအဖြစ် အဘက အရှက်ကြီးတယ်၊ အကြောက်ကြီးတယ်။ တစ်ခုခုဖြစ်ရင် သူ့ရင်ထဲမှာပဲ ထားတတ်တယ်။ သူ့ကိုယ်သူ ပြန်သုံးသပ်ပြီး သူ့မှာမရှိတဲ့အရည်အချင်းတွေရှိတဲ့ သူငယ်ချင်းတွေအကြောင်းကို ပြန်ပြောထားတာပေ့ါလေ။ အဘငယ်ငယ်တုန်းက ကွမ်းခြံကုန်းမှာ သူငယ်ချင်း ခြောက်ယောက် ရှိတယ်တဲ့။ ယောကျ်ားလေးမိတ်ဆွေက ငါးယောက်၊ မိန်းကလေး မိတ်ဆွေက တစ်ယောက်။ ကိုယ်ကျင့်တရားအရလည်း ဒီလူတွေကို လေးစားတယ်။ ငယ်ငယ်ကတည်းက ခင်မင်တယ်။ မင်းနဲ့ငါနဲ့ပဲ ပြောကြတယ်။ သူ့ပထမဦးဆုံး သူငယ်ချင်းက 'တီကောက်'တဲ့။ စိတ်က အင်မတန် အေးတယ်။ အနာမယူတတ်ဘူး။ အေးချမ်းတယ်။ နောက်တစ်ယောက် 'ဘသန်း'ကတော့ စိတ်ရှည်တယ်။ သည်းညည်းခံတယ်။ အညှဉ်းခံတယ်။ ဣန္ဒြေ ကြီးတယ်။ နောက် တစ်ယောက်က 'ထွန်းဖေ'တဲ့။ သီချင်းဆိုတယ်။ အဆိုအက ဝါသနာပါ

www.burmeseclassic.com



တယ်။ အပျော်အပါး ဝါသနာပါတယ်။ နောက်တစ်ယောက်က 'ငြိမ်းမောင်' တဲ့၊ အကျီစားသန်တယ်။ ရယ်ရယ်မောမော နေတတ်တယ်။ နောက်တစ်ယောက်က 'ကျောက်ဖား'တဲ့။ စိတ်ဆတ်တယ်။ မဟုတ်ရင် မခံဘူး။ သတ္တိရှိတယ်။ ဒီလူကို တော်တော်သဘောကျတယ်။ တစ်ဦး တည်းသော မိန်းကလေး သူငယ်ချင်းက 'မမြသင်'တဲ့၊ ဖော်ဖော် ရွေရွေရှိတယ်။ ပွင့်ပွင့် လင်းလင်းရှိတယ်။ ကြောက်ရွံ့ခြင်းမရှိဘူး၊ တဲ့တိုးပြောတတ်တယ်။ ဟိုလူဒီလူ တစ်မျိုးထင်မှာ အကြောင်းမဲ့ စိုးရိမ်မနေတတ်ဘူး။ ရိုးရိုး သားသားနဲ့ ပွင့်ပွင့် လင်းလင်း ပြောတတ် တယ်။ အဘမှာ အဲဒီတုန်းက စိတ်ထဲမှာ မကောင်းခဲ့တာရှိတယ်။ မြန်မာ့ထုံးတမ်းစဉ်လာနဲ့ ပတ်သက်ပြီး အသက် ၇၀ ကျော်မှ ပြန်သတိပြု မိတာလေးပေါ့။ အဲဒီတုန်းက မြန်မာ့ထုံးတမ်းစဉ်လာက ဆွေမျိုးမတော် စပ်ဘူးဆိုရင် ယောကျ်ားလေးနဲ့ မိန်းကလေး စာသင်ခန်းထဲမှာ၊ ကျောင်းဝင်းထဲမှာ ခင်ကြ မင်ကြ ပြောကြ ဆိုကြတယ်။ ဒီအထိ ဘာမှ မဖြစ်ဘူး။ ကျောင်းဝင်ပြင်ပ ရောက်သွားရင် ဖော်ဖော် ရွေရွေနေလို့ မသင့်ဘူးဆိုတာ အဘတို့ ခေတ်တုန်းက ရှိခဲ့တယ်။ ၁၉၂၁ မတိုင် သေးဘူး။ အမျိုးသားကျောင်းတောင် မရောက်သေးဘူး။ ဆရာလေး ဦးဖိုးလှိုင်ကျောင်းမှာပေါ့။ ကျောင်းဝင်းထဲက လွန်သွားပြီး မိန်းကလေး သူငယ်ချင်းနဲ့ ရင်းရင်း နှီးနှီး ဖော်ဖော် ရွေရွေနေရင် ရှုတ်ချတတ်တယ်။ ကဲ့ရဲ့တတ်တယ်။ ယိုးစွပ်တတ်တယ်။ အဲဒီမိန်းကလေး သူငယ်ချင်း မြသင်ရဲ့ မိဘတွေနဲ့ အဘရဲ့မိဘတွေက ခင်ကြတယ်။ တစ်နေ့မှာ အဘ ရဲ့အဖေက မြသင်တို့အိမ်ကို သွားလည်တယ်။ အဘလည်း ပါတယ်။ ဒါပေမဲ့ အဘက မြသင်ကို ကျောင်းဝင်းထဲမှာလို မခေါ်ရဲဘူး။ အိမ်ရှေ့ က ခွေးကတက်မှာပဲ သူ ထိုင်နေတယ်။ တိုင်လေးကို ကိုင်ပြီးတော့။ အဲဒီအချိန်မှာ မြသင်က ထွက်လာတယ်။ တိုင်လေး ကိုင်ထားတဲ့လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆွဲပြီး လက်ထဲကို တစ်ခုခုထည့်လိုက်တယ်တဲ့။ သူ မကြည့်ရဲဘူး။ "မြသင် ဘာလဲ" လို့ သူက မေးတော့ "နင့်ဆီက ငါ ချေးထားတဲ့ အကြွေး ပြန်ဆပ်တာ" လို့ ပြောတယ်တဲ့။ အဘက တိုးတိုး မေးတယ်။ မြသင်က ကျယ်ကျယ်ပြန်ပြောတယ်။ မြသင်က အဲဒီလို သူငယ်ချင်းမျိုးပေါ့။ စိတ်မှာ ရိုးသားပွင့်လင်းပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်ဘူးပေါ့။ ယောက်ျား လေး သူငယ်ချင်း ငါးယောက်ကတော့ ကစားဖော် ကစားဖက် တေဖော် တေဖက်တွေပေါ့။ မိန်းကလေး သူငယ်ချင်းကတော့ တိုးတိုးဖော် တိုးတိုး ဖက်။ ကလေးတို့သဘာဝ တိုင်ပင်စရာရှိတာ တိုင်ပင်။ အဘစာထစ်လို့ ရှိရင် ထောက်ပေးတယ်။ ဂဏန်းတွက်တဲ့အခါ အဖြေကိုက်ကြတယ်။ အဲဒါတွေကြောင့် သူ မြသင် အပေါ်မှာ ခင်တွယ်နေတဲ့ သဘောရှိပါ တယ်။ မြသင်က ကျောင်းအစောကြီး ထွက်တယ်။ ၄ တန်း၊ ၅ တန်း လောက်ကတည်းက ထွက်တာ။ အဲဒီနောက်ပိုင်း မြသင်ကို မတွေ့တော့ ဘူးတဲ့။ ယောက်ျားလေး သူငယ်ချင်း ငါးယောက်နဲ့တွေ့တဲ့အခါ ပထမတော့ မြသင် အကြောင်း ပြောဖြစ်ကြတယ်။ ကြာတော့ မပြောဖြစ် ကြတော့ဘူးပေါ့။ ဒါပေမဲ့ အဘက မြသင် အိမ်ရှေ့ကလျှောက်သွားရင် သတိရတယ်။ ပြန်သုံးသပ်တော့ သူ့ရဲ့ Conscious mind ကတော့ ရိုးရိုးသားသားခင်တယ်လို့ပဲ ထင်တယ်တဲ့။ ဒါပေမဲ့ **Sub-conscious mind** ကတော့ မပြောနိုင်ဘူးပေါ့တဲ့။ တကယ်တော့ ရိုးရိုးပဲ ထင်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်က ပြောလာမှာကို ကြိုပြီးစိုးရိမ်သလားတော့ မသိဘူး၊ သူငယ်ချင်းတွေနဲ့ တွေ့ရင်လည်း စွဲလမ်းတာ၊ သတိရတာကို ထုတ်မပြောရဲဘူး။ အထင်လွဲမှာ စိုးလို့၊ လောကထုံးတမ်းအရ မတော် တရော် အမည်တပ်မှာကို စိုးရိမ်တယ်တဲ့. . .။ နောက်ပိုင်း မြသင် တခြားမြို့ကို ပြောင်းသွားတယ် ဆိုတာ ကြားရတယ်။ တွေ့ဖို့ဝေး ပိုဝေး သွားတယ်။ အဘက ရန်ကုန် စိန့်ဂျွန်းကျောင်း ရောက်သွားပြီး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မြသင် အိမ်ထောင်ကျတဲ့ အကြောင်းကြားတယ်။ မေးချင်လိုက်တာတဲ့ "မြသင်ပျော်ရဲ့လား"ဆိုပြီး တော့တဲ့။ မမေးခဲ့ရဘူး။ နောက် မြသင် ကလေးရတာကြားတယ်။ "ကလေးရတော့ ဘယ်လိုနေလဲ၊ ပျော်ရဲ့လား" သူငယ်ချင်းကို မေးဖို့ မမေးဖြစ်ခဲ့ဘူး။ နောက်. . . အိမ်ထောင်ရေး အဆင်မပြေတာ ကြားတယ်။ အဲဒီတော့ မြသင်ကို အားပေးစကား ပြောချင်တယ်။ စိတ်မကောင်းကြောင်းလည်း ပြောချင်တယ်။ ဒါတွေလည်း မပြောနိုင်ခဲ့ဘူး။ တစ်နေ့တော့ မြသင် အနိစ္စရောက်တဲ့အကြောင်း ကြားတယ်။ ကြားတော့ သူ့စိတ်ထဲကပဲ ကြိတ်ပြီး အမျှဝေခဲ့ရတယ်တဲ့။ လောကထုံးစံတချို့က လူမှုရေးမှာ တားဆီးပိတ်ပင်ထားတာတွေ ဖြစ်တယ်ဆိုတဲ့အကြောင်း၊ သူငယ်ချင်း ဝတ္တုရေးပျက်ခဲ့တာနဲ့ ပတ်သက်ပြီး အဘက ဘာပြောလဲဆိုတော့ "လောကထုံးစံတစ်ခု၏ ညှဉ်းပမ်းမှုလို့ပဲ ယိုးစွပ်ချင်တယ်"တဲ့။ အဲဒီခေတ်က မလိုရင် မလိုသလို ပတ်ဝန်း ကျင်က ပြောတတ်တာကို အဘက အရမ်းကြောက်ခဲ့တာပေ့ါ။ နောက် အဘက ဘယ်လိုပြောလဲဆိုတော့ ဦးထွန်းဖေ ပြောသလိုပေ့ါတဲ့။ 'မလတမ လတမ'ဆိုတာ မလိုတစ်မျိုး၊ လိုတစ်မျိုး ပြောတတ်ကြတာကို အဘက မကြိုက်ဘူး။ ဒီအကြောင်းတွေ ပြန်ပြောပြတာ အဘ အသက် ၇၁ နှစ်မှာပေ့ါ။ အဘစိတ်က အဲဒီကတည်းက Liberal minded ဖြစ်ပုံရတယ်။ ဒီခေတ်မှာတော့ ဒါတွေပြောရင် ရယ်မှာပေ့ါလေ။ တချို့ ယောက်ျားလေး၊ မိန်းကလေး ဆက်ဆံရေးက မပြင်ချင် ခေါင်းငုံ့သွားရမယ့် အနေအထား ရောက်နေပြီထင်တယ်။

နောက်ပြီး အဘငယ်ငယ်တုန်းက စိန်ဂွန်းကျောင်းမှာတက်ဖို့ ကျောင်းအပ်ခဲ့စဉ်က အကြောင်းလေးကိုလည်း မှတ်တမ်းတစ်ခုမှာ သွားတွေ့တယ်။ အဘ ကိုယ်တိုင်ရေးထားတာပေ့ါ။ '၁၂၈၅ ခု ဒုတိယ ဝါဆိုလဆုတ် ၃ ရက်နေ့ (၁၉၂၃၊ ဇူလိုင်၊ ၃၀) ရက်နေ့တွင် ရန်ကုန်မြို့

www.burmeseclassic.com



ဆရာမှတ်ကျောင်း၌ ပညာသင်ရန် ကျွန်တော့်ကို အပ်နှံကြပါသည်။ ကျောင်းဝင်ကြေး ၅ ကျပ်၊ အိပ်ခန်းကြေး ၅ ကျပ်၊ ကျောင်းလခ တစ်လ ၅ ကျပ်နှုန်းဖြင့် Apr, May, June, July လအတွက် ၂၀ ကျပ်၊ ကစားစရာအတွက် ၅ ကျပ်၊ July လအတွက် ထမင်းလခ ၁၈ ကျပ် (တစ်ရက်တည်းအတွက် ငွေ ၁၈/ ပေးခဲ့ရခြင်း ဖြစ်၏) ဆေးဆရာအတွက် ၂ ကျပ်၊ ကျွန်တော်တို့ကျောင်းဝင်သောနေ့က လိုသောအရာများဝယ်ရန် ငွေ ၂၅ ကျပ် အလွတ်ပေးခဲ့သည်’တဲ့။ ကျောင်းလိုက်အပ်သူများမှာ ဒေါ်ဟန်၊ ဘဘ၊ ဦးလေး ကိုပန်းညွန့်၊ ဦးဘိုးအို. . . ပဥ္စမတန်းဆရာစံလှအတန်းကစ၍ နေရသည်။ ကျောင်းအုပ်ကြီးက Rev.Alan H.Blencowe ဆိုပြီး အဘ သူ့ Diary မှာ ရေးထားတာ တွေ့ရတယ်။

***၁၉၂၃ ခုနှစ်လောက်က အကြောင်းကို မှတ်တမ်းမှတ်ရာ အတိအကျနဲ့ ကျွန်တော်တို့လို လူငယ်တွေ သိခွင့်ရတာ ဆရာကြီးရဲ့ ကျေးဇူးပါပဲ ဆရာ။ ဒီလို အလေ့အထ ကောင်းတွေကို ရစေတဲ့ ဆရာကြီးတို့ခေတ်က ပညာရေးအခြေအနေ တစ်စိတ် တစ်ပိုင်းလောက်ကိုလည်း သိချင်ပါတယ်ဆရာ. . .***

ကျွန်တော်လည်း တိတိကျကျတော့ မပြောနိုင်ပါဘူး။ ကျွန်တော်တို့ ခေတ်မှ မဟုတ်ဘဲကိုး။ အဘရဲ့မှတ်တမ်းတွေနဲ့ အဘ ပြောပြခဲ့တဲ့ အကြောင်းတွေကို စဉ်းစားပြီး ပြောရတာဆိုတော့ . . . အဲဒီခုနက ဆရာကြီး Bleneowe အကြောင်းကို ပြောရင် အဲဒီခေတ် ပညာရေးရဲ့ တစ်စိတ်တစ်ပိုင်းကို မြင်သာမယ် ထင်ပါတယ်။ အဘ ကျောင်းသားဘဝတုန်းက အဲဒီဆရာကြီး Blencowe က စာကြိုးစားတဲ့ ကလေးတွေကို တော်တော်အားပေးတယ်။ အဘတို့ သူငယ်ချင်း သုံးလေးယောက်ကို ဆရာကြီးက တနင်္ဂနွေနေ့ဆိုရင် ကျောင်းမှာရှိတဲ့ သူ့ဗိုလ်တဲမှာ မုန့်ကျွေး ကော်ဖီတိုက်ပြီး အင်္ဂလိပ် ကဗျာတွေသင်ပေးတယ်။ ကျောင်းအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ စာကြိုးစားတဲ့တပည့်တွေကို အသိအမှတ်ပြုတယ်ပေါ့။ အမျိုးသားကျောင်းမှာတုန်းက ကဗျာရေးနည်းသင်ပေးတဲ့ ဆရာဦးအာကာသန်းနဲ့ တွေ့ခဲ့ရတယ်။ စိန့်ဂျွန်းမှာ ဒီဆရာကြီးနဲ့ ထပ်တွေ့တယ်။ စိန့်ဂျွန်းကျောင်းမှာက St. John's College Chronicle ဆိုပြီး အင်္ဂလိပ်လို စာစောင်ထုတ်တယ်။ အဘက မိုးရာသီဘွဲ့ ကဗျာများဆိုပြီး ရေးထားတာ ဒဂုန်မဂ္ဂဇင်းမှာ ၁၉၂၆ ခုနှစ်လောက်က ပါလာတော့ ဒီကျောင်းသားက မြန်မာကဗျာ ရေးတယ် ဆိုတာ ဆရာကြီး သိသွားတယ်။ ပြီးတော့ "မောင်ဝန် မင်းကဗျာ ရေးရမယ်"ဆိုပြီး ၁၉၂၇ ခုနှစ် ထုတ်တဲ့ စာစောင်မှာ မြန်မာကဏ္ဍဖွင့်ပြီးတော့ အဘရဲ့မြန်မာကဗျာ ငါးပုဒ်ကို ထည့်သွင်းဖော်ပြပေးတယ်။ 'မောင်ဝန် ၁၀ တန်းကျောင်းသား စိန့်ဂျွန်း'ဆိုပြီးတော့ ပါလာတယ်။ နောက်တစ်ခါ ၁၉၂၉ ခုနှစ်က ထုတ်တဲ့စာစောင်မှာလည်း ကဗျာတွေပါတယ်။ ကဗျာ ခေါင်းစဉ်တော့ ကျွန်တော် မေ့နေပြီ။ သူ့အမေက ငါးပိကြော်ပို့လိုက်လို့ လွမ်းတဲ့အကြောင်းကို ရေးထားတာ။ နောက် ဆရာမှတ်ကြီးကျောင်း ဘွဲ့ရတု၊ ဆရာကြီး Blencowe အကြောင်း ပါတယ်။ မွန်ဆရာကြီး ဦးရွှေမှန်အကြောင်းပါတယ်။ စသဖြင့်ပေါ့။ စိန့်ဂျွန်းကျောင်းသားဘဝနဲ့ ရေးခဲ့တဲ့စာတွေ။ ဆရာကြီးက မြန်မာကဗျာရေးတာကို အားပေးတယ်။

လူမှုရေးလုပ်ဖို့လည်း သင်ပေးခဲ့တယ်။ ဟိုးတုန်းက လသာလမ်းအနီးတစ်ဝိုက်မှာ ကလေးတွေ လေလွင့်ပြီး ဆော့နေကြတာတွေ့ရင် ကလေးတွေကို အဘတို့က မေးတယ်။ မိဘနဲ့လည်း သွားတွေ့တယ်။ ကျောင်းမနေနိုင်လို့လား မေးတယ်။ အဲဒီနားမှာရှိတဲ့ ဒေါ်မြမေကျောင်းကို နေရာတောင်းပြီး ဆရာကြီးက ညကျောင်းလုပ်တယ်။ စာတော်တဲ့ တပည့်တွေကို အလှည့်ကျ စာသင်ခိုင်းတယ်။ လူမှုရေးလုပ်ငန်းပေါ့။ နောက်ပြီး ကျောင်းက ဆရာတွေဆီက သတင်းစာဟောင်းတွေ လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တောင်းခိုင်းတယ်။ တနင်္ဂနွေနေ့ဆိုရင် ဆရာကြီးနဲ့အတူ ဆေးရုံကိုသွားကြတယ်။ နယ်ကလာပြီး ဆွေဝေး၊ မျိုးဝေး ဆေးရုံလာတက်နေတဲ့ လူတွေကို သတင်းစာတွေ ပေးခိုင်းတယ်။ လိုက်ဝေခိုင်းတယ်။ တနင်္ဂနွေနေ့တိုင်း သွားကြတာဆိုတော့ လူမမာတွေတင်မကဘူး နပ်(စ်)တွေကအစ သူတို့ကို မျှော်တယ်တဲ့။ လူမမာတွေ ပျော်တယ်ဆိုပြီးတော့. . .။ အဘတို့တစ်ပတ်ပြီးလို့ ပြန်ရင် လူမမာတွေကလည်း စိတ်မကောင်းဖြစ်ကြတယ်။ ဆရာကြီး Blencowe က လူမျိုးခြားပေမဲ့ အဘတို့ကို စရိုက်ကောင်းတွေ သွင်းပေးခဲ့တယ်လို့ ပြောရမှာပေါ့။ တနင်္ဂနွေနေ့မှာ တခြား လူတွေက သုဓမ္မာဇရပ်မှာ ခရစ်ယာန်ဘုရားကျောင်း တက်ကြတယ်။ အဘတကျောင်းရဲ့စာကြည့်ခန်းမှာ ဗုဒ္ဓဘာသာကလေးတွေခေါ်ပြီး ဘုရားစာတွေ ရွတ်ပြရတယ်။ ညအိပ်ရာဝင်ခါနီး ခုတင်နားမှာ ကျောင်းသားတွေကို စုဝေးစေပြီး ငါးပါးသီလချပေးရတယ်။ ဆရာကြီး Blencowe က ဘာသာခြားပေမဲ့ ဗုဒ္ဓဘာသာကိုလည်း အားပေးတာတွေ့ရတယ်။ သာသနာပြုကျောင်းပေမဲ့ ဗုဒ္ဓဘာသာကို လျစ်လျူမပြုဘူးဆိုတာလည်း တွေ့ရတယ်။

BURMESE CLASSIC

အဲဒီဆရာကြီး Blencowe ဟာ စိန့်ဂွန်းကျောင်းကနေ ပင်စင်ယူပြီး သူ့နေရပ် အင်္ဂလန်နိုင်ငံက Chester ကို ပြန်ရောက်သွားတယ်။ ပြီးတော့ သင်းအုပ်ဆရာဖြစ်တယ်။ အဘ ၁၉၃၆ မှာ ပညာတော် သင်သွားတော့ ဆရာတပည့် ပြန်အဆက်အသွယ်ရတယ်။ ဆရာကြီး Blencowe နေတဲ့ Chester ဆိုတဲ့မြို့နားက Hawarden ဆိုတဲ့ ရွာကလေးမှာ St. Deiniol's Library ဆိုတာ ရှိတယ်။ အဘက ဆောင်းတွင်းကျောင်းပိတ်ရက် အေးအေးဆေးဆေး စာရေးစာဖတ်ချင်တယ်လို့ ပြောတော့ ဆရာကြီး Blencowe က "ဒီနားက Hawarden ရွာကလေးမှာ လူလည်းနေလို့ရတဲ့ St. Deiniol's စာကြည့်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"ဆိုပြီးပြောလို့ အဘလည်း ဆရာကြီးဆီသွားလည်ရင်းနဲ့ အဲဒီစာကြည့်တိုက်ကို ရောက်ခဲ့တယ်။ အဲဒီစာကြည့်တိုက်က အဘ **သမြေညီ** ရေးခဲ့တဲ့ စာကြည့်တိုက်ပေါ့။ အဲဒီခေတ်တုန်းက လူနေပြီး စာဖတ်လို့ရတာ ဒီစာကြည့်တိုက်တစ်ခုပဲရှိတယ်။ လူအယောက် ၂၀၊ ၃၀ တည်းပြီး စာဖတ်စာရေးလို့ရတယ်။ ၁၉၃၈ ခုနှစ်ပေါ့။ ဆရာကြီးကိုလည်း သွားတွေ့သေးတယ်။ ဆရာကြီးနဲ့ သန်းခေါင်သန်းလွဲထိုင်ပြီး စကားပြောခဲ့တယ်။ ဆရာကြီးကလည်း စိန်ဂွန်းက တပည့်ဟောင်းတွေရဲ့ နာမည်တွေမေးပြီး "အခု ဘာတွေလုပ်နေကြသလဲပေါ့" အလွမ်းပြေ စကားတွေ ပြောဖြစ်ခဲ့ကြတယ်။ အဘတို့ခေတ် ပညာရေးက ခုန ပြောသလို ကလေးသူငယ် ပညာရေးကို သိပ်အလေးအနက်ထားတယ်။ အနာဂတ်ကို ကြိုမြင်ပြီး ကြိုပြင်တယ်လို့ ဆိုရမှာပေါ့။ ဒါကြောင့် အဘက သူရိယ ဦးသိမ်းမောင်ကို တစ်ချိန်က ပြောခဲ့ဖူးတယ်။ **"ကျွန်တော် ကလေးသာသနာ ပြုချင်တယ်"** လို့

***ကျွန်တော်ကတော့ အင်္ဂလိပ်ကဗျာတွေ သင်ပေးတဲ့ ကျောင်းအုပ်ကြီး၊ အင်္ဂလိပ်လို ထုတ်တဲ့ စာစောင်အတွက် ဆရာကြီးကို အင်္ဂလိပ်ကဗျာတွေ ဖွတ်မရေးခိုင်းတာပဲ ကျေးဇူးတင်နေမိတယ်။ ဆရာကြီးဘဝမှာ Rev. Alan H.Blencowe လို တခြား ဆရာကောင်းတွေ တွေ့ခဲ့ကြုံခဲ့မှာပဲနော်။***


ဟုတ်ပါတယ်။ အဘ ဘဝမှာ တက္ကသိုလ်ရောက်တော့လည်း ဆရာကြီး ဦးဖေမောင်တင်တို့၊ ဆရာကြီး Luce တို့၊ ဆရာလည်း ဆရာ၊ မိတ်ကောင်းဆွေကောင်းလည်းဖြစ်တဲ့ ဆရာဇော်ဂျီတို့နဲ့ ဆုံခဲ့ရပါတယ်။ ဒါပေမဲ့ အဘ Oxford မှာ ပညာတော်သင်သွားပြီး Thesis တင်ရတော့ အဘအတွက် စိတ်ညစ်စရာလေးတွေ ကြုံခဲ့ပုံရတယ်။ သူ့ Thesis ကို ကြီးကြပ်တဲ့ဆရာက မြန်မာ့သမိုင်းတွေရေးတဲ့ နိုင်ငံခြား သား

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တစ်ယောက်ပေါ့။ အဲဒီဆရာကြီးဆီမှာ အဘ Paper သွားတင်ရတယ်၊ အဲဒီဆရာကြီးက မြန်မာပြည်အကြောင်း သူ ရေးဖို့ သူနဲ့ သက်ဆိုင်တဲ့ကိစ္စတွေကို အဘဆီမှာ မေးတယ်။ အဘ Thesisနဲ့ မဆိုင်ဘူးနော်။ ကုန်ကြမ်းရှာတာပေါ့။ အဘ Paper နဲ့ ပတ်သက်လို့ တော့ "အေး. . . ငါ ဖတ်ထားလိုက်မယ်"ပြောပြီး နောက်တစ်ပတ်ကျ တော့ မဖတ်ရသေးပြန်ဘူး ပြောတယ်။ Diary မှာ "ဆရာကြီးကတော့ လုပ်ပြန်ပြီ"ဆိုပြီး မှတ်တမ်းရေးထားတာ တွေ့ရတယ်။ အဲဒီဆရာကြီးနဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်ခဲ့ရတာလေးပေါ့။ ဆရာကြီး Blencowe လို၊ ဆရာကောင်းတွေရှိသလို အဘ ဘဝမှာ စိတ်ညစ်စရာကောင်းတဲ့ ဆရာမျိုးတွေလည်း ကြုံခဲ့ရတယ်လို့ ပြောရမှာပေါ့။



၁၉၅၂ ခုနှစ် ယေးလ်တက္ကသိုလ်မှ အပြန်တွင် သားဖြစ်သူ မောင်ပို(ဦးထင်ကျော်) နှင့် သမီးငယ်တို့လာကြိုကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာ Luce နဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ငယ်ငယ်တုန်းက ဆရာ Luce ကို ပါပါကြီးပဲ ခေါ်တယ်။ ဆရာ Luce က အဘကို အရမ်းခင်တယ်။ ဆရာ Luce ကို အင်္ဂလိပ်တွေကတောင် အပြစ်ပြောလေ့ရှိတယ်။ မြန်မာနဲ့ရင်းနှီးလို့။ အထင်အမြင်လည်း သေးတာပေါ့လေ။ အဲဒီအကြောင်းကို ပြောဖြစ်တော့ ဆရာကြီး Luce က အဘကို ပြောတယ်။ "Will you write this on my tomb stone... Here lies a crank, a Buddhist and a pro-Burman" လို့ မောင်ဝန်ရေးလိုက် စမ်းပါတဲ့။ သူ သေရင် သူ့အုတ်ဂူပေါ်မှာပေါ့။ နောက် အဘပြောတာ မှတ်မိသေးတယ်။ ဒေါက်တာဒေါ်သင်းကြည် နယ်က ပြန်လာတော့ အဘကိုပြောတာ "ဆရာရေ. . . တဲ့ ဆရာ Luce ကတော့ ရှားပါတယ်။ သူ့အိမ်ဖုန်း နံပါတ်ကိုမေးရင် သူ မမှတ်မိဘူး။ ပုဂံဘုရားတွေကိုတော့ နံပါတ်နဲ့ ပြောတယ်"တဲ့. . .။ ဆရာကြီး Luceက အင်းလျားလမ်းမှာ မိဘမဲ့ကလေးကျောင်းလည်း ထောင်ခဲ့သေးတယ်။ နောက်ပြီး ဆရာ Luce နဲ့ ပတ်သက်လို့ အဘ မှတ်တမ်းမှာ ၂၆-၁၁-၁၉၅၄ ရက်စွဲနဲ့ "ဆရာ Luce ပုဂံအကြောင်း စာအုပ်ရေးရသည်မှာ မဟာမိတ်စစ်သားတို့ မြန်မာပြည်အဝင်တွင် ဘုရားပုထိုးများကို ရှိသေအောင်ရေးရခြင်းဖြစ်သည်ဟု ပြောသည်"ဆိုပြီး တွေ့မိတယ်။

အဘက ဆရာကြီးဦးဖေမောင်တင်ကို ဆရာကြီးက "ရန်ဘယ်တော့မှ မလိုဘူး"တဲ့။ သူ့ကို ရန်ရှာလာရင်တောင် ရှောင်တယ်။ အင်မတန် အေးချမ်းမှုကို လိုလားတဲ့သူတစ်ယောက်လို့ အဘရေးထားတာ ရှိပါတယ်။ နောက်ပြီး ဆရာကြီးနဲ့ ပတ်သက်လို့ အဘရေးထားသေးတယ်။ ၁၁-၅-၁၉၆၈ ရက်စွဲနဲ့ 'ဆရာကြီး ဦးဖေမောင်တင်၏ အနှစ်(၈၀)မြောက်မွေးနေ့ကို သုတေသနအသင်းက နံနက် ၈း၃၀ နာရီ မြောရုံတွင်လုပ်သည်။ ကျွန်ုပ်တို့ စာပေဝိုင်းက ကျွန်ုပ် အိမ်တွင်လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စံတိုး ဆရာကြီးပုံဆွဲသည်။ ကိုသိန်းလွင်(စာရေးဆရာ)က မုန့်ဟင်းခါး၊ ရွှေကြည် လက်ဖက် စသည်တို့ကို စီစဉ်ပေးသည်။' ဆိုပြီး ရေးထားတယ်။ ၁၉၆၉ March လောက်မှာ ဆရာကြီးဦးဖေမောင်တင် ကျန်းမာရေး မကောင်းတော့ အဘ သူ့ဆရာကို နှစ်လကျော်စောင့်ရှောက်ခဲ့ရတယ်။ အဲဒီအကြောင်းတွေလည်း အဘ မှတ်ထားတယ်။ ဆရာကြီးတခရစ်ယာန် ဘာသာဝင်ပေမဲ့ ဆေးရုံတက်စရာ အကြောင်းပေါ်လာတော့ အဘကို ရက်ရာဇာ၊ ပြဿဒါးမေးလို့ အဘကြည့်ပေးခဲ့ရတဲ့ အကြောင်းလည်း ရေးထားတာတွေ့ရတယ်။ ဖတ်ကြည့်ပါဦး။

***ဆရာကြီးရဲ့မှတ်တမ်းမှတ်ရာတွေ၊ စုဆောင်းခဲ့တာတွေကို ဖတ်ခွင့်၊ ကြည့်ခွင့်ရတာ ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာကြီးရဲ့ မှတ်စုတွေနဲ့ ပတ်သက်ပြီး နောက်ထပ် ထူးထူးခြားခြားဖတ်မိတာများ ရှိပါသလား. . .***

အဘက ဝန်ထမ်းဒိုင်ယာရီကိုလည်း သီးခြားရေးလေ့ရေးထရှိတယ်။ ဒီထဲမှာ ဒီလဆို မာလာဖူးတွေထွက်ပြီ၊ သရက်တွေဖူးပြီ၊ ဘယ်ရာသီမှာ ဘာပင်ပေါက်တယ်။ ဘယ်အပင်က ရွက်နုတွေဝေနေပြီ။ ဒီနှစ် ဥသြသံလေး စကြားရပြီ။ သပိတ်လွယ်ငှက်သံကြားရပြီ . . . စသဖြင့်ပေါ့။ တစ်လုံးလုံး သဘာဝအကြောင်းတွေပဲ ရေးထားတာ။ ကျွန်တော့်ကိုမွေးတုန်းက မနက် ၅ နာရီခွဲ။ အဲဒီအချိန်မှာ ဘုတ်ငှက်ကြီးအီးသံ ကြားနေရတယ်လို့ ပြောဖူးတယ်။ တက္ကသိုလ်ထဲကို ဆောင်းခိုငှက် (မြီးညှောင့်ကောင်)လေးတွေ ရောက်လာပြီကအစ။ အဲဒီငှက်တွေတ တရုတ်ပြည်နဲ့ ဆိုက်ဘေးရီးယားတို့ဘက်က လာတာ။ အဲဒီဆောင်းခိုငှက်၊ မြီးညှောင့်ငှက် ခြောက်မျိုးလောက်ရှိတယ်။ ဗိုက်ဝါဝါလေးတွေက သုံးမျိုးလာတယ်။ အနက်နဲ့ အဖြူကြားက သုံးမျိုးလာတယ်။ လေဆိပ်ပတ်က်မှာ၊ အင်းလျားစောင်းမှာ တစ်ကောင်စ၊ နှစ်ကောင်စ တွေ့တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးတွေ မှတ်တမ်းတင်ထားခဲ့တယ်။ အဘရေးခဲ့တဲ့ 'ဖိုးသူတော် ဦးမင်း၏ သဘာဝပြကွဒိန်'၊ 'မိုးပေါ်မှာ ကြယ်တစ်လုံး'၊ 'အာကာတစ်ခွင် မြေပြင်တစ်ဝန်း'တို့ကို ဖတ်ကြည့်ရင် အဘဟာ သဘာဝကို သိပ်ဂရုစိုက်တယ်ဆိုတာ ထင်ရှားပါတယ်။ နောက်ပြီး ပတ်ဝန်းကျင်ကို တလေးတစားဂရုပြုတတ်တာ အဘရဲ့ ပင်ကို သဘာဝလို့လည်း ပြောနိုင်ပါတယ်။ သူ ကလေးဘဝတုန်းက ကွမ်းခြံကုန်းမှာ သတိပြုမိခဲ့တာလေးပေ့ါ။ အိန္ဒိယသားတစ်ယောက်ရဲ့ ထန်းရည်ဆိုင်မှာ ရေးထားတာလေး အဘ အမြဲအမှတ်ရတယ်။ 'ဒီသာပါမောက္ခ၊ ညီညာလာရောက်သမျှ၊ ဒီမှာလာသောက်ကြ'ဆိုပြီး ရေးထားတော့ လူမျိုးခြားတစ်ယောက်က မြန်မာစာကို ကာရန်နဲ့ ရေးထားတာ အဘအတွက် ထူးထူးခြားခြားပြုံးချင်စရာ ဖြစ်ခဲ့ပုံရပါတယ်။

နောက်ပြီး အဘက အစုအဆောင်းကောင်းတယ်။ ကျွန်တော်တို့ငယ်ငယ်က Report Card တွေကအစ နှစ်အလိုက်သိမ်းတယ်။ ဘက်(၃)က ချက်လက်မှတ်ဟောင်းတွေ။ လန်ဒန်က ပညာတော်သင်ပြန်လာပြီး ဒီရောက်တော့ Customs ဖြတ်ပိုင်းလေးကအစ။ အင်္ဂလန်မှာနေတဲ့ အဆောင်ရဲ့ဖြတ်ပိုင်းတွေ။ SOAS စာကြည့်တိုက်ကတ်ပြားတွေလည်း သိမ်းထားတယ်။ ခြ နှစ်ခါ နိုပ်စက်လို့ ပျောက်ပျက်သွားတာတွေလည်းရှိတယ်။ သိပ္ပံမောင်ဝရဲ့ စာတွေ၊ လက်ရေးမူတွေ၊ စာဟောင်းတွေ အများကြီးပဲ။ မင်္ဂလာဆောင် ဖိတ်စာတွေလည်း စုထားတာ အများကြီးပဲ။ အစက ဘာကြောင့်မှန်း မသိခဲ့ဘူး။ နောက် ကျွန်တော့်အမျိုးသမီးနဲ့ ပြောဖြစ်တော့မှ. . . အမျိုးသမီးက အဘနဲ့အထိ အတွေ့ပိုများတယ်။ ၁၉၇၃ အိမ်ထောင်ကျပြီးတော့ သူက ပညာရေးသုတေသနဌာနမှာလုပ်တယ်။ ကျွန်တော့်ကားနဲ့ အမြဲသွားကြိုရတယ်။ ကျွန်တော်ရုံးနောက်ကျတဲ့နေ့ဆို သူက ကမာရွတ် အိမ်မှာ လာစောင့်နေလေ့ရှိတော့

www.burmeseclassic.com

www.burmeseclassic.com



အဘနဲ့သူက စကားအမြဲ ပြောဖြစ်ကြတယ်။ အမျိုးသမီးကလည်း စာပေဝါသနာပါတယ်။ Guardian မှာ အင်္ဂလိပ်ကဗျာတွေရေးတယ်။ အဘရဲ့ ကဗျာအချို့ကိုလည်း အင်္ဂလိပ် ဘာသာပြန်ခဲ့ဖူးတယ်။ အဘနဲ့ ကဗျာအကြောင်း၊ စာအကြောင်း ပြောလေ့ရှိတော့ သူက အဘရဲ့ အကြောင်းကို ပိုသိတယ်။ "ဒီဖိတ်စာတွေက အဘ တမင်တကာ သိမ်းထားတာ။ ဒီဥစ္စာတွေက တစ်နေ့နေ့မှာ တစ်ယောက်ယောက် ဝါသနာပါတဲ့လူကို စာတမ်းပြုစုခိုင်းမယ်ဆိုပြီး ရည်ရွယ်ချက်ရှိတယ်တဲ့"။ မြန်မာစာပေ အရေးအသား ခေတ်အဆက်ဆက်မှာ ဘယ်လိုပြောင်းလာတယ်ဆိုပြီး အဘက အဲဒီလောက်အထိ စဉ်းစားတာ။

***ဆရာကြီးရေးခဲ့တဲ့ "စု၊ တု၊ ပြု"ဆိုတာကို သတိရမိတယ် ဆရာရေ . . . နောက်ထပ် အတုယူဖို့ကောင်းတာလေးတွေ ရှိရင်လည်း သိပါရစေ။ ဥပမာ. . . ဆရာကြီးရဲ့ ကိုယ်ကျင့်တရားနဲ့ သီတွာပေါ့။***

ကျွန်တော် ၁၉၇၁ ခုနှစ် ကွန်ပျူတာဌာနကနေ ပညာတော်သင် သွားရတယ်။ အဲဒီခေတ်က ပညာသင်အပြန်မှာ အများနဲ့အတူ ကားတင်သွင်းခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ မူရှိတာက ကားကို ချက်ချင်း ပြန်ရောင်းခွင့်မရှိဘူး။ အနည်းဆုံး သုံးနှစ်လောက် စီးရမယ်ပေါ့။ လူငယ်မိတ်ဆွေအချို့က ရောင်းပြီး တိုက်ခန်းဝယ်ကြတယ်။ အဲဒီတိုက်ခန်းတွေက အကျိုးဖြစ်တော့ လူငယ်ပီပီ အားကျပြီး ကျွန်တော်လည်း ကားရောင်းချင်လိုက်တာ။ အဘက "ငါ့သားဖြစ်နေရင် လျှာမြက်ပေါက်ပါစေ စည်းကမ်းဥပဒေကို မချိုးဖောက်ရဘူး"ဆိုပြီး ပြောတယ်။ နောက်ဆုံး သက်တမ်းပြည့်တဲ့အထိ စီးရတယ်။ ရောင်းတဲ့အချိန်ရောက်တော့ ရတဲ့ငွေက မိတ်ဆွေတွေလို တိုက်ခန်း မဖြစ်တော့ဘူး။

နောက်ပြီး အဘ ဂျပန်မှာ ပါမောက္ခလုပ်နေတုန်း ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ပူဆာတာနဲ့ ကားတစ်စီးဝယ်ပို့ဖြစ်သေးတယ်။ ကျွန်တော်ကပဲ ဘာကား ဝယ်ရမလဲ၊ ဟိုလူမေး ဒီလူမေးနဲ့ပေါ့။ အဲဒါနဲ့ Light Truck တစ်မျိုး ဝယ်ပို့လိုက်တယ်။ ဒီရောက်တော့ ဘီးထောက်တဲ့ ဂျိုက်က ကားကြီး ဂျိုက်မဟုတ်ဘဲ ကားလေးဂျိုက်ဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်က အဘဲဆီ စာထပ်ရေးတယ်။ ကုမ္ပဏီကိုပြောပြီး ဂျိုက်အကြီး တောင်းဖို့။ နောက်ပိုင်း အမေက စာပြန်တယ်။ ကျွန်တော့်အမျိုးသမီးက မှတ်မိတယ်၊ "သားသမီးတွေ စိတ်ဆန္ဒရှိလို့ ဒီကားကို ဝယ်ပေးတာ။ ဒီလောက်နဲ့ မတင်းတိမ်ရင် ပြောလိုက် ကားကို မြစ်ထဲသာတွန်းချလိုက်တော့"လို့ အဘက ပြောခိုင်းတယ်တဲ့. . .။ အခွင့်အရေးဆိုတာ ရတိုင်း မယူသင့် ဘူးပေါ့။

ဒီလိုနဲ့ အဘ ဂျပန်က ပြန်လာတော့ လေဆိပ်မှာအခပ်တာ ဒေါ်လာ တစ်သောင်းကျော်တယ်။ ၁၉၇၉ ခုနှစ်ပေါ့။ အဲဒီအချိန်မှာ တာဝန်ရှိတဲ့သူတွေက အဘကိုလည်း သိ၊ ယောက္ခမကြီးနဲ့လည်း ပတ်သက်ပြီး သိနေကြတော့ ဆရာကြီးကို ပြောပါပေါ့။ ဘာလို့အခပ် တာလဲ။ ဒေါ်လာတစ်သောင်းကျော် နည်းတဲ့ပိုက်ဆံမဟုတ် ဘူးဆိုပြီး ပြောတယ်။ ဒါပေမဲ့ သူ Declare (ကြေညာ)လုပ်ပြီး အခပ်လိုက်တယ်။ အိမ်ရောက်တော့ ဘာပြောလဲဆိုတော့. . . ကျွန်တော်တို့က ပြောလို့ ကားတစ်စီးတောင်မှ ဝယ်ပေးခဲ့ပြီးပြီတဲ့။ ဒီနေရာမှာပဲ တော်လောက်ပြီ . . . တဲ့။ သူ အသက် ၇၀ ကျော် ပင်စင်ယူပြီးမှ ဒီအလုပ်ရတာ။ အစိုးရ က ခွင့်ပြုလို့တဲ့။ တိုင်းပြည်က ကြည့်ရှုလို့ ဒီငွေ တွေရခဲ့တာ။ တိုင်းပြည်ကို ပြန်ပြီး အလုပ်အကျွေး ပြုသင့်တယ်ဆိုပြီး ပြောတယ်။ တိုင်းပြည်အတွက် ဒေါ်လာဆိုတာ တန်ဖိုးရှိတယ်တဲ့။

အဘ ဂျပန်မှာရှိနေတုန်း ၁၉၇၈ လောက်မှာ ချွေးမ နှစ်ယောက် နဲ့ မြေးမကလေးကို အလည်ခေါ်တယ်။ အစ်ကို့ဇနီး ဒေါ်တင်မမနဲ့

www.burmeseclassic.com



သမီးကလေး တင်အေးစိုးရယ်၊ ကျွန်တော့်ဇနီးရယ်၊ သူတို့ အလည် လိုက်သွားကြတယ်။ လေယာဉ် ပျံလက်မှတ်ဝယ်ဖို့ ဖြစ်လာတယ်။ အဘက JAL စီးခိုင်းတယ်။ ကျွန်တော်တို့က တွက်တာပေါ့။ JAL စီးရင် လေယာဉ်ပျံစရိတ်က ကုန်တယ်။ တခြားသက်သာတဲ့ လေကြောင်းလိုင်း သုံးမယ်ပေါ့။ ဒါပေမယ့် အဘက JAL လက်မှတ်ပဲ ပို့လိုက်တယ်။ ဟိုရောက်တော့ အဘက ဘာပြောသလဲဆိုတော့ "အဘ ဒီကိုလာပြီးတော့ ဂျပန်အစိုးရ လစာကို စားနေရတဲ့အချိန်၊ ဂျပန်လေယာဉ်ကို စီးတာဟာ သူတစ်ပါးရဲ့ကျေးဇူးကို တစ်စိတ်တစ်ပိုင်း သိရာကျတယ်။ ဈေးကြီးရင် ကြီးပါစေ JAL ပဲ စီးရမယ်"ဆိုပြီး ပြောတယ်။ ကိုယ့်အတွက် ကျွန်အောင် ဆိုပြီး မလုပ်ဘူး။ ဟိုဘက် အစိုးရအတွက်လည်း သူ စဉ်းစားတယ်။

အဘတို့က ကျွန်ပညာရေးနဲ့ ကြီးပြင်းခဲ့ရပေမဲ့ အဘမှာ အမျိုး သားရေး စရိုက်လက္ခဏာကို ထိန်းမယ်ဆိုတဲ့ သဘောမျိုးရှိပါတယ်။ ဂျပန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေတဲ့အချိန်တွေမှာ တတ်နိုင် သမျှ ဗမာလို အမြဲဝတ်တယ်။ ဂျပန်ရာသီဥတုကလည်း အရမ်းအေးတယ်။ စွပ်ကျယ်သား ဘောင်းဘီကို ပုဆိုးအောက်က ခံဝတ်တယ်။ ပထမ စွပ်ကျယ် ဝတ်တယ်။ ပြီးတော့ စတစ်ကော်လာဝတ်တယ်။ တစ်ခါ အဲဒီအပေါ်က ဆွယ်တာလိုမျိုး လက်ပြတ်ဝတ်တယ်။ ပြီးမှ တိုက်ပုံဝတ်တယ်။

***ဆရာကြီးလို ဖခင်တစ်ယောက်ရဲ့ သားဖြစ်ရတာ ဂုဏ်ယူ စရာပါ ဆရာ။ အဲဒီလို လက္ခဏာရှိတဲ့ ပညာရှင် ဖခင်တစ်ယောက် က သားသမီးတွေကို ဘယ်လိုပြုစုပျိုးထောင်ခဲ့တယ် ဆိုတာလေး လည်း သိပါရစေ။***

အဘက ကျွန်တော်တို့ ငယ်ငယ်ကတည်းက မင်းတို့ဘာလုပ် ပါလို့ မပြောခဲ့ဘူး။ ဘုရားတရားနဲ့ ပတ်သက်လို့ မမေ့ရဘူး။ ဘုရားတရား သင်ပေးတယ်။ ဆရာကြီး ဦးဘကြည် ဆွဲတဲ့ ဗုဒ္ဓဝင်စာအုပ်ကို ပေးဖတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အသေးစိတ် ပြောပြတယ်။ 'ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ်' အဲဒါမျိုး တွေကအစ၊ ငယ်ငယ်ကတည်းက သင်ပေးတယ်။ ငယ်ငယ်က ပုဂံလမ်း အိမ်မှာပေါ့၊ ဗုဒ္ဓဝင်နေ့ဆိုပြီး အထိမ်းအမှတ်သဘော လုပ်ပေးတယ်။ အဘက ဘာသာတရားကို သိပ်အလေးထားတော့ သားသမီးတွေကို အခြေခံသီလ စောင့်ထိန်းတတ်အောင် လေ့ကျင့်ပေးခဲ့ပါတယ်။ ကျွန်တော် သတိရမိတာ အဘဥရောပနိုင်ငံအချို့ကို ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် သွားတုန်းက ချက်နိုင်ငံက လေသေနတ် တစ်လက် လက်ဆောင်ပေးလိုက်ဖူးတယ်။ ကျွန်တော်တို့က ကလေးတွေ ဆိုတော့ ဆော့ချင်တာပေါ့။ အဘက "Target ကိုပဲ မှန်အောင် ပစ်ရမယ်။ သတ္တဝါတွေကို မပစ်ရဘူး"ဆိုပြီး ဆော့ခွင့်ပေးတယ်။ နှီးဆီခွက် ကို ထောင်ထောင်ပြီး ပစ်ရတာပေါ့။ ဒါပေမဲ့ ကလေးဆိုတော့ ငှက်တွေ ဘာတွေပစ်မိတာပေါ့။ အဲဒါ အဘသိသွားတော့ ရဲဌာနသွားပြီး လေ သေနတ်ကို ဖျက်ခိုင်းတယ်။ သားသမီး ဒါနဲ့ ငှက်ပစ်တာ မဖြစ်ရအောင် လုပ်တာပေါ့။ အဘက သတ္တဝါကို သိပ်ချစ်တယ်။ ကြောင်၊ ခွေး၊ ခို၊ ကြက်၊ အဲဒါတွေ အိမ်မှာ အကုန်မွေးခဲ့ဖူးတယ်။ ဘာသာပြန် ဌာနမှာ လုပ်တော့ ခွေးက အဘကို ညနေတိုင်း လမ်းထိပ်မှာ လာကြိုတယ်။ ကြောင်က အဘနဲ့ အတူအိပ်တယ်။ သူကိုယ်တိုင်လည်း သတ္တဝါတွေကို မေတ္တာထားတယ်။ သားသမီးတွေ မေတ္တာထားတတ်အောင်လည်း လေ့ကျင့်ပေးခဲ့ပါတယ်။

အဘက သားသမီးပညာရေးမှာလည်း ဘာမှဝင်မပြောဘူး။ ဆရာဝန် ဖြစ်ရမယ် မပြောဘူး။ မြန်မာစာ ယူရမယ် မပြောဘူး။ စီးပွားရေး လုပ်ရမယ် မပြောဘူး။ သားသမီးတွေ ဗီဇမှာ ပါလာတဲ့ဟာကို မြှင့်တင် ထောင်မယ်ဆိုတဲ့ သဘောမျိုးပေါ့။ အနုပညာလုပ်တယ်ဆိုလည်း လက်ခံ တယ်၊ ဂီတဝါသနာပါတယ်ဆိုရင် စန္ဒရားသင်ပေးတယ်။ ဆရာဦးမြေအောင်

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဆီမှာ သင်ရတယ်။ ဟိုတုန်းက ပုဂံလမ်းအိမ်မှာ ဦးဖိုးစိန် စန္ဒရားကြီး ရှိတယ်။ Grand Piano ကြီးပေါ့။ ခုတော့ မရှိတော့ဘူး။ ဝါသနာ ပါတယ်ဆို အားပေးတာပဲ။ အဘကလည်း သူငယ်ငယ်တုန်းက ပန်းချီ တွေ၊ ဘာတွေ ဆွဲခဲ့တယ်လေ။ အဘက အဲဒီလို သားသမီးတွေ ဘာ ဝါသနာပါလည်း ဆိုတာကို ကြည့်တယ်။ ရေကူးအသင်းဝင်မယ် ဆိုလည်း လက်ခံတယ်။ ခြေလျင်တောင်တက် လုပ်မယ်ဆိုလည်း မတားဘူး။ တင်းနစ်ရိုက်မယ်ဆို Racket ဝယ်ပေးတယ်။ ဘာပဲ ဖြစ်ဖြစ် လိုက်လိုက် လျောလျောရှိတယ်။ ဆိုးတာ၊ မကောင်းတာတော့ မလုပ်နဲ့ပေါ့။ ကျန်တာတော့ အကုန်လက်ခံတယ်။ စိုက်ပျိုးရေးဆိုလည်း အိမ်မှာ ဟင်းသီးဟင်းရွက်၊ ခရမ်းသီး၊ ပဲသီး၊ ဟင်းနုနွယ်၊ ချဉ်ပေါင် စသည်ဖြင့် စားလို့ရတာစိုက်တယ်။ သူကိုယ်တိုင်လည်း ဝါသနာပါတယ်။ သားသမီး တွေ ဝါသနာပါလာအောင်လည်း လက်တွေ့လုပ်ပြတယ်။

ကျွန်တော်တို့ ကျောင်းတက်တာ အခု ဒဂုံ(၁)ပေါ့။ ဟိုတုန်းက Methodist English ကျောင်းပေါ့။ ဆရာဦးသော်ကောင်းက ကျွန်တော့်ထက် ခုနစ်နှစ်၊ ရှစ်နှစ်လောက် ကြီးမယ်ထင်တယ်။ အစ်ကိုက ကျွန်တော့်ထက် နှစ်တန်းကြီးတယ်။ ဦးသော်ကောင်း နှမအငယ် မရီက ကျွန်တော့်ထက် တစ်တန်းကြီးတယ်။ အစ်မ ဒေါ်အောင်ဆန်းစုကြည် လည်း ဒီကျောင်းမှာပဲ တက်ခဲ့တယ်။ မရီက အစ်မနဲ့ အတူတူ။ အစ်တို့ ထက် တစ်တန်းငယ်တယ်။ Methodist က သာသနာပြုကျောင်း ပေမဲ့ လွတ်လပ်ပါတယ်။ တစ်ပတ်တစ်ခါ ဘုရားရှိခိုးကျောင်းသွားရတယ်။ သီချင်းတွေ ဆိုရတယ်။ ဒါပေမဲ့ မြန်မာစာပေကိုလည်း အားပေးပါတယ်။ ကျွန်တော်တို့ ၉ တန်း၊ ၁၀ တန်းမှာ မြန်မာစာသင်ပေးတဲ့ ဆရာမက 'ဒေါ်အေးခင်'တဲ့။ အဘတို့ မြန်မာစာဂုဏ်ထူးတန်းတက်ခဲ့တဲ့ လေး ယောက်ထဲက တစ်ယောက်ပေါ့။ ဆရာဦးတိုးအောင်၊ ဒေါ်ခင်စောမူ

www.burmeseclassic.com

www.burmeseclassic.com



(ဒေါ်ခင်စောတင့်၏မိခင်) ဒေါ်အေးခင်၊ ပြီးတော့ အဘ။ ဆရာမ ဒေါ်အေးခင်က အဘနဲ့ ကျောင်းနေဖက်ပေါ့။ သာသနာပြုကျောင်းပေမဲ့ မြန်မာစာသင်ကြားရေး အားကောင်းပါတယ်။ တခြား ဘာသာရပ်တွေ ကတော့ ပြောစရာတောင် မလိုပါဘူး။ ဆရာ၊ ဆရာမတွေက စေတနာ ထားပြီး အတန်းထဲမှာတင် တကယ်တတ်အောင် သင်ပေးတဲ့ခေတ်လို့ ပြောရပါမယ်။ ဒါပေမဲ့ စည်းကမ်းစနစ်ကြီးတယ်။ ကျွန်တော်တို့တုန်းက ၇ တန်း အစိုးရစစ်။ အဲဒီတုန်းက ကျွန်တော် မှတ်မိသေးတယ်။ နိုင်ငံ တော် ခေါင်းဆောင်ကြီးတွေရဲ့ သားသမီးတွေတောင် စာမေးပွဲကျတာမျိုး ရှိခဲ့ဖူးတယ်။ ဘယ်သူဘယ်ဝါ သားသမီးရယ်လို့ မျက်နှာလိုက်တာမျိုး မရှိဘူး။ အမေကတော့ သားသမီးတွေကို ဖြစ်မြောက်စေချင်တဲ့စိတ်နဲ့ အချိန်နဲ့ စာကျက်ရမယ်။ ဘာညာပေါ့လေ။ အဲဒီတော့ ငယ်ငယ် တုန်းက ဘကြီးဇော်လာရင် ကျွန်တော်တို့က သိပ်ပျော်တယ်။ လူကြီးတွေ စကား ပြောနေရင် မသိမသာလေးနေလို့ ရတယ်ပေါ့။ လူကြီးတွေနားမှာ ရစ်သီ ရစ်သီနဲ့ စာမကျက်ရရင် ကြိုက်တာကိုး။ အချိန်ခိုးတာပေါ့။ အဘကတော့ မပြောရှာဘူး။ အမေကတော့ သားသမီးတွေကို ထူးချွန်စေချင်တယ်ပေါ့။

***ဆရာပြောတဲ့အထဲမှာ ဘကြီးဇော်ဆိုတာ ဆရာဇော်ဂျီကို ပြောတာလားဆရာ။***

ဟုတ်ပါတယ်။ ကျွန်တော်တို့ကတော့ 'ဘကြီးဇော်'လို့ပဲ ခေါ်တယ်။ ဘကြီးဇော်နဲ့ အဘကတော့ အမြဲတမ်း တတွဲတွဲပဲ။ အင်းလျား ကန်စောင်းကို ညနေဆို အတူတူလမ်းလျှောက်ထွက်ကြတယ်။ ပြန်လာရင် ပုဂံလမ်းအိမ်မှာ ပြန်ထိုင်တယ်။ ရေနွေးကြမ်းသောက်၊ လက်ဖက်စား၊ စကားပြောပြီးတော့မှ ၉ နာရီလောက်ဆို ပြန်တယ်ပေါ့။ အဲဒါ ပုံမှန်လိုပဲ။ အိမ်ချင်းကလည်း နီးတယ်။ အဖွဲ့အစည်းတွေမှာ အတူတူပါတယ်။ တက္ကသိုလ်တုန်းကလည်း အဆောင်ချင်းနီးခဲ့တယ်။ အင်းလျားလမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



တုန်းကလည်း အိမ်နီးချင်းတွေ ဖြစ်ခဲ့တယ်။ အဆက်အစပ်တွေက လွတ်မသွားဘူးပေါ့။ တရုတ်ပြည် ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့နဲ့ သွားတော့လည်း အတူတူပဲ။ အဘ ၁၉၂၉ တက္ကသိုလ် ရောက်တော့ ဘကြီးဇော်က ဘွဲ့ရပြီးခါစ။ ၁၉၃၀-၃၁ တက္ကသိုလ်မှာ ဆရာတပည့်အဖြစ်နဲ့ အက်ဆေးအတန်းမှာ ဆုံရတယ်။ ဘကြီးဇော်က 'နေရောင်အောက်၌ ကစားနေသော ကြောင်ကလေးများ'ဆိုတဲ့ ခေါင်းစဉ်နဲ့ အက်ဆေးရေးခိုင်းတယ်။ အဘကလည်း ခေါင်းစဉ်ကို သဘောကျတာနဲ့ ရေးတာ အမှတ်တိုအပြည့်နီးပါးရတယ်တဲ့။ အဘက ဘကြီးဇော်ကို 'ပိတောက်ပန်း'တဖျာနဲ့ ဆရာဇော်ဂျီဆိုပြီး သိနေ၊ သဘောကျနေတာ။ ဆရာဦးသိန်းဟန်အဖြစ်နဲ့ ဆုံရတော့ 'မောင်ဝန်'၊ 'ဆရာ' ဒီလိုပဲ ခေါ်ကြတယ်။ ဘကြီးဇော်ဆုံးတော့ ဘကြီးဇော်အိမ်ကို လာပြီး ဓာတ်ပုံရိုက်ကြတယ်။ အိပ်ခန်းကိုလည်း ဓာတ်ပုံရိုက်တယ်။ ကြီးကြီးဒေါ်စောရင်ကိုလည်း မေးမြန်းကြတယ်ပေါ့။ ကြီးကြီးက ဘကြီးဇော် စာပေလုံးပန်းမှုနဲ့ ပတ်သက်လို့ သိချင်ရင် အဘကို မေးပါဆိုပြီး ညွှန်းတယ်။ နောက်တစ်နေ့ အဲဒီအကြောင်းကို ကြီးကြီးက ဖုန်းဆက်ပြီး အဘကို ပြောတယ်။ အဘက "ရာမအကြောင်းမေးရင် လက္ခဏာအကြောင်း ပါမှ ပြည့်စုံမှာပေါ့"လို့ပဲ ပြန်ပြောလိုက်ရတယ်တဲ့။ တာလတစ်ခုမှာ အဘဆီ လစဉ်စာမူတောင်းနေကြသူတွေ အလာအတော်ကြသွားတယ်။ ဒါပေမဲ့ အားနေချိန်မှာ အဘက ဓမ္မပဒဝါထာတွေ ဘာသာပြန် ဖြစ်နေခဲ့တယ်။ ပထမတော့ စိတ်မကောင်းဖြစ်မိတယ်။ နောက် သူတို့ကို သာဓုခေါ်မိတယ်တဲ့။ အခုလို စာကောင်း တစ်ခုပြုစုဖြစ်ခဲ့တဲ့အတွက်. . .

***ဆရာရေ. . . ဆရာဇော်ဂျီ ရာပြည့်တုန်းက ဖျာပုံသွားပြီတော့ သင်္ဘောပေါ်မှာ ဆရာလည်း ပါလာတယ်နော်။ အဲဒီမှာ ကျွန်တော်တို့ စကားဝိုင်းကလေးဖွဲ့မိကြတော့ ဆရာကြီးရဲ့တပည့်***

www.burmeseclassic.com

www.burmeseclassic.com



***တစ်ယောက်က 'ယမုန်သောင်စပ်၊ ရွှေသမင်နှင့် ရေတင်လို့ ခပ်စဉ်တ၊ လောင်းမြတ်ကဲ့ဆုမွန်၊ ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်ကို၊ စိန်ချွန်တော်ထိ ဒုက္ခတွေဖိတုန်းက"ဆိုတာလေးကိုးကားပြီး ဆရာကြီးရဲ့ ပညာရှင်ဘဝဟာ မချောမွေ့ခဲ့ဘူးလို့ ပြောတာ အမှတ်ရ နေမိတယ်။***

အဘ ဘဝမှာ စိတ်မချမ်းမြေ့ခဲ့တာတွေ ရှိခဲ့ပါတယ်။ အဘ ဘဝမှာ အတိုက်အခိုက်က အမြဲရှိတယ်။ အဆိုးအကောင်း အမြဲ ဒွန်တွဲနေတယ်။ အဆိုးက အရင်လာတတ်တယ်။ ဝေဖန်တာ၊ အပြစ်တင် ခံရတာ မလွတ်ခဲ့ဘူး။ တက္ကသိုလ်မှာ ဝိဇ္ဇာဂုဏ်ထူးတန်းအတွက် ဝေါဟာရတ္ထပကာသနီကျမ်းကို ပြဋ္ဌာန်းဖို့ အဘက အဆိုတင်သွင်းတယ်။ အဲဒီတုန်းကတော့ မြန်မာစာဌာနအဖွဲ့ အစည်းအဝေးပေါ့။ အထက်လူကြီးက ဥပစာတန်း စိတ်ကြိုက်မြန်မာစာအတွက် ဖြစ်သင့်တယ်လို့ ပြောတယ်။ အဘက ဒါမဟုတ်ဘူး ခက်တယ်။ ဝေါဟာရတ္ထပကာသနီနဲ့ ဥပစာတန်းနဲ့ မကိုက်ဘူးဆိုပြီး အထက်လူကြီးနဲ့ အချေ အတင် ဖြစ်ကြတယ်။ အဘဘက်က "မောင်ဝန် ပြောတာမှန်တယ်"ဆိုပြီး ဆရာကြီး ဦးလင်းက ဝင်ပြောတယ်။ ဝိဇ္ဇာဂုဏ်ထူးတန်းအတွက် ပြဋ္ဌာန်း ဖို့ စာအုပ်တွေကို စီစဉ်ခိုင်းတော့လည်း ပုဂံကျောက်စာခေတ်ကနေ ကနေ့ခေတ်အထိ ပေါ်ပေါက်ခဲ့တဲ့ စာကောင်းတွေပါအောင် လင်္ကာ၊ စကားပြေ၊ ပျို့၊ မော်ကွန်းမျိုးစုံအောင်၊ ဝယ်လို့လည်း အလွယ်တကူ ရနိုင်တဲ့ စာအုပ်မျိုးဖြစ်အောင် စာရင်းပြုစုတယ်။ ဒါလွတ်လပ်ရေး မရခင်ကပေါ့။ ၁၉၄၆ ထင်တယ်။ စာအုပ်က အင်မတန်ရှားပါးတဲ့ အချိန်။ ကျောင်းသားတွေ ဝယ်ရလွယ်အောင် ဈေးကွက်မှာ ဘာရှိသလဲ ဆိုတာကအစ အဘက စဉ်းစားတယ်။ အဘပေးတဲ့ စာရင်းထဲမှာ 'ဝိဓူရပျို့'ပါတယ်။ အဲဒီမှာလည်း ဝိဓူရပျို့လို စာညံ့တွေမသင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုပြီး အပြောခံရပြန်တယ်။ မဟာရာဇဝင်ကြီးကိုလည်း မြန်မာစာပေမှာ နမူနာပြစရာ မဟုတ်ဘူး။ ရာဇဝင်ဌာနနဲ့သာဆိုင်တယ်ဆိုပြီး ပြောပြန်တယ်။ အဘက ဘာပြန်ပြောသလဲဆို တော့ "အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ ဘင်္ဂါလီစာပေတွေမှာ ဂုဏ်ထူးတန်းသင်တဲ့အခါ စာပေနဲ့ ပတ်သက်လို့ ခေတ်စုံအောင် သင်တယ်။ စာကောင်းမရှိလျှင် စာညံ့ကိုပင် ထိုခေတ်ရဲ့သဘောသိရေးအတွက် မလပ်အောင် ပြဌာန်းသင့်တယ်" လို့ အဘက ပြောတယ်။ အဲဒီတော့ လူကြီးက "သူတို့စာပေက တခြား၊ ဒါက မြန်မာစာပေ တစ်မျိုးဖြစ်ရမယ်"ဆိုပြီးတော့ ပယ်တယ်တဲ့။

အဲဒီလိုပဲ အစည်းအဝေးတစ်ခုမှာ အထက်လူကြီးက "ဆရာဆိုတာ အတန်းထဲမှာ မသိရင် မသိဘူး မပြောရဘူး"ဆိုပြီး ပြောတယ်။ သူ့ကို ပြောတယ်ဆိုတာ ရိပ်မိတာနဲ့ "ကျွန်တော့်သဘောကတော့ ကျွန်တော် မသိတာကို မသိဘူးလို့ ဝန်ခံတယ်။ သန်းဖြန်းပြီးလို့တော့ မပြောချင်ဘူး။ မှန်တာကိုပဲ ပြောချင်တယ်။ ဒါပေမဲ့ ပြောသင့်ပြောထိုက်တာကို ပြောတာပါ"ဆိုပြီး ပြန်ပြောတယ်။ အဲဒီတော့ "မသိမေးပါလားကွ" လို့ ပြန်ပြောခံရတယ်။ အဘက "ကျွန်တော် မေးပါတယ်"လို့ ရှင်းပြရပြန်တယ်။ အဲဒါလည်း "မသိဘူးဆိုတာ သုံးခါထက် ပိုပြီးမပြောရဘူး"လို့ ပြန်ပြောတယ်တဲ့။ အဲဒီတော့ အဘက နောက်ဆုံး "မသိတာရှိရင် တတ်နိုင်သမျှရှာ ဖွေပြီးလေ့လာပါမယ်။ ဆရာကြီးများထံလည်း မေးပါမယ်။ ဒီလိုနဲ့မှ မသိရင် မသိတာကို မသိဘူးပြောဖို့ ကျွန်တော့်တာဝန်လို့ အယူရှိပါတယ်။ ကျွန်တော့်ရဲ့ ဒီဝါဒကိုတော့ မစွန့်လွှတ်ပါရစေနဲ့" လို့ ပြန်ပြောလိုက်တယ်တဲ့။ အဘမှတ်တမ်းမှာ ၃-၉-၁၉၄၆ ဆိုပြီး မှတ်ထားတယ်။ ၄-၉-၁၉၄၆ မှာ တက္ကသိုလ်မြန်မာစာစစ်ဆေးရေး အဖွဲ့၊ တက္ကသိုလ်မြန်မာစာညွှန်းအဖွဲ့၊ ပညာရေးဌာန၊ အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ၊ မြန်မာ ၁၀ တန်း၊ ၉ တန်း စာစစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



(မြန်မာ)စတဲ့ အဖွဲ့များမှ ထွက်စာ တင်တဲ့အကြောင်း ရေးထားတယ်။

အဘရဲ့ မှတ်ချက်တွေထဲမှာ 'တက္ကသိုလ်မြန်မာအဘိဓာန်'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတာလေးကိုလည်း သတိရမိတယ်။ '၁၉၅၂-၆၄ တွင် အဘိဓာန် ငါးတွဲ ပြီးတယ်။ ဆလိမ်အထိ ပြီးတယ်။ စာမျက်နှာပေါင်း ၈၅၃၊ အုပ်ရေ တစ်သောင်း၊ ပညာရပ်ဝေါဟာရများ A to Z ၊ စာမျက်နှာပေါင်း ၁,၂၀၂၊ တက္ကသိုလ်အဘိဓာန်ကို ကိုယ်တိုင်ပြုစုတယ်။ ပညာရပ်ဝေါဟာရများကို ခေါင်းဆောင်ပြီး ပြုစုတယ်။ ပညာရှင်မျိုးစုံ လည်းပါရဲ့။ လူကြီးမကြိုက်ဆို၍ နှစ်မျိုးစလုံး အသုံးမခံရ။ ဝေါဟာရ စာအုပ်က စက္ကူကောင်းနဲ့ပုံနှိပ်ပြီးမှ ပုံထားရတယ်။ အနည်းငယ် အပြင်ကို ပေါက်ထွက်တယ်။ တန်ဖိုးကြီးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရတယ်။ အများသုံးတဲ့ ပညာရပ် ဝေါဟာရများမှာ ယင်းစာအုပ် ထွက်များဟု ပြောကြတယ်။ ပညာရပ် ဝေါဟာရမှာ ကျိုက္ကဆံပြပွဲတွင် တင်ပြရာ၌ လူကြီးသဘောမကျ၍ ထုတ်ဝေခွင့် မပြုတော့။ ဌာနတွင် ကျွန်ုပ် ရှိစဉ်ကတည်းက နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ခဲ့ရသည်။ မသင့်သည်ကိုပြင်၊ လိုသည်ကိုဖြည့် ဆက်လက်လုပ်သွားနိုင်ပါရဲ့။ ယနေ့ ထိအောင် ကျွန်ုပ် ကျန်းမာသေးသည်။ ဆက်လုပ်နေခဲ့လျှင် ပြီးနိုင်သည်။ **Oxford English Dictionary** ကို ဤကဲ့သို့ပင် လုပ်သည်။ ငါတို့ တိုင်းပြည်တွင်ကား ပညာအင်အားကုန်၊ ပစ္စည်းအင်အားဆုံးရှုံး၊ စိတ်အင် အားပျက်ပြားရ၍ ငါတို့၏ကံကြမ္မာ . . . စာမျက်နှာပေါင်း ၁,၂၀၀၊ စာတစ်မျက်နှာ ပျမ်းမျှကြေးစာလုံး ၆၀၊ ကြေးစာလုံး ၇,၂၀၀ လောက် ရှိမယ်။ အလဟဿဖြစ်ခဲ့ရတယ်"ဆိုပြီး သုခံစားချက်ကို ရေးထားတယ်။

နောက် သတိရမိတာက အဘ ၁၉၄၇ ခုမှာ ရေးခဲ့တာ လေးရှင့်။ "ပညာသည် ဟူသည် ပျော်လျှင် ကျွန်ထက် လုပ်သည်။ ကျွန်သို့ ခိုင်း လျှင်ကား မပျော်တတ်ကြ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၂၊ ဩဂုတ်လ၊ ၂ ရက်နေ့ ရက်စွဲနဲ့ အဘရေးထားတာ တစ်ခုကိုလည်း အမှတ်ရမိတယ်။ အဘိဓာန်လုပ်တာကို မသေချာ မရေရာ ဘူးလို့ စွပ်စွဲခံခဲ့ရတဲ့ အကြောင်းလေးပေါ့။ "မသေချာ မရေရာဟုပြော တာ ကျွန်ုပ် အဘိဓာန်လာ 'ကျောက်ဆောင်' ဖော်ပြချက်အတွက်ဖြစ် သည်။ ကျွန်ုပ် အဘိဓာန်တွင် ပုဒ်ပေါင်း ၁၃,၀၀၀ ကျော် ပါသည့်အနက် ဤတစ်ပုဒ်ကိုသာ အခဲမကြေဖြစ်လျက်ရှိသည်။ အစွဲများ ကြောက်ဖွယ် ကောင်းပါဘိတော့တယ်။ ကျွန်ုပ် ရေးထုံးကျမ်းနှင့် ပတ်သက်၍လည်း ပြောသည်။ 'ဟိုဒင်း'ဆိုသောစကားကို အကြိမ်ပေါင်းများစွာ ကြားရ သည်။ ပြတ်ပြတ်သားသား မပြောနိုင်သမျှကို 'ဟိုဒင်း' လုပ်ချလိုက်သည်။ 'အဆင်မသင့် တဖျင့်တပါး'ဆိုသော စကားမျိုးဖြစ်သည်။ အဘိဓာန် အနက်တွင် 'ကြိုတ်'ကို နာမ်အနက် မပါဘူးဟု ပြောသည်။ ကျွန်ုပ်က မပါရင်တော့ လစ်ဟင်းချက်ပါပဲဟု ဝန်ခံပြောဆိုလိုက်သည်။ အိမ်ပြန် ရောက်တော့ အဘိဓာန်လှန်ကြည့်လိုက်သောအခါ နာမ်အနက်ပါ နေသည်ကို တွေ့ရသည်။ ဤသို့ဖြင့် တစ်ချက်ခံလိုက်ရပြန်သည်။ တစ်နေ ရာသို့ ရောက်သောအခါ "ကက် ဦးဝန်ဆွဲတတ်သလား"ဟု မေးသည်။ မဆွဲတတ်ကြောင်း ကျွန်ုပ်က ဖြေသည်။ "မဆွဲတတ်ဘူး။ အဲဒါဒုတ္တပဲ" ဟုဆိုကာ ဆက်၍ "အဖြူဆယ်ပွင့်၊ အနီတစ်ပွင့်နှင့် ဖဲချပ်တစ်မျိုး 'ကက်' လို့ ခေါ်တယ်၊ ကျွန်တော်တို့ အဲဒီ 'ကက်'ထဲ မတွေ့မိဘူး"ဟုဆိုကာ စွပ်စွဲချက်တစ်မျိုးတင်ပြန်သည်။ ကျွန်တော် စုံစမ်း၍ အဓိပ္ပာယ် ပေးထားခြင်း ဖြစ်သည်။ မှားချင်မှားပေမည်။ သူက ဤကိစ္စမျိုးတွင် ကျွမ်းကျင်သဖြင့် ကျွန်တော် ဘာမှပြန်၍ မပြောတတ်ခဲ့။ သို့သော် နောက်တစ်ကြိမ် အစည်းအဝေးတွင် ဤစွပ်စွဲချက်ကို ပြန်လည်ရုပ်သိမ်း သည်။ အဘိဓာန်တွင်ပါသော 'ကက်'အကြောင်းမှာ မှန်သည်ဟု ပြောသည်။" ဆိုပြီးတော့ ရေးထားတာမျိုး တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



***ပညာရှင်ဟာ ဖဲကောင်းကောင်းရိုက်တတ်ရမလိုဖြစ်နေပြီ ဆရာရေ။ ဆရာကြီးနဲ့ ပတ်သက်ပြီး နောက်ဆုံး ဘာများပြောချင်ပါ သလဲ။***

အဘတို့တုန်းက 'နိုင်ငံတော်သီချင်း'ကိုစလုပ်ကြတော့ အဘ လည်း ပါတယ်။ ဘကြီးဇော်လည်း ပါတယ်။ အခြားပညာရှင် ပုဂ္ဂိုလ်တွေ လည်း ပါတယ်။ ကျွန်တော့်အမျိုးသမီးက ပြောတယ်။ နိုင်ငံတော်သီချင်း ရဲ့ ခြေဆင်းအတိုင်း အဘက ကျင့်တာ. . . တဲ့။ သိကြတယ် မဟုတ်လား။ 'တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ'ဆိုတာလေ။ အဲဒီသဘောအတိုင်းပဲ သာတူညီမျှဖြစ်ရမယ်။ တန်းတူအခွင့်အရေး ရှိရမယ် ဆိုတဲ့မူကို တောက် လျှောက်ကျင့်သုံးသွားတဲ့ သဘောရှိတယ်။ ယောက်ျားရယ်၊ မိန်းမရယ် မခွဲဘူး။ ဆင်းရဲချမ်းသာမခွဲဘူး။ ရာထူးရှိ ရာထူးမဲ့ မခွဲဘူး။ အဘတို့ခေတ် အနေအထားနဲ့ ပြောရမယ်ဆိုရင် အဘက Progressive ဖြစ်တယ်လို့ ပြောရမှာပေါ့။

ကျွန်တော် တစ်ခုသတိရမိတယ်။ ၁၉၇၆ ခုနှစ်လောက်ကပေါ့။ အဘ Osaka မှာရှိနေတုန်း Japan Times သတင်းစာမှာ သတင်း တစ်ပုဒ်ပါလာတယ်။ အဲဒီသတင်းက The Bridge Over River Kwae နဲ့ ပတ်သက်ပြီး ရေးထားတာပါ။ သတင်းရဲ့ သဘောကတော့ တစ်ချိန်တုန်းက ရန်သူတွေအဖြစ် အသေအကျေ တိုက်ခဲ့ကြတဲ့ အမေရိကန်နဲ့ ဂျပန် စစ်ပြန်စစ်သားဟောင်းတွေ၊ အဲဒီတံတားပေါ်မှာ တွေ့ဆုံပြီး လက်ဆွဲနှုတ်ဆက်ကြမယ်။ စစ်ဆန့်ကျင်ရေးအဓိဋ္ဌာန်ကို အပြန်အလှန် အလဲအလှယ်လုပ်ကြမယ်ဆိုတဲ့ သဘောပေါ့။ အဲဒီသတင်း ကို Far Eastern Economic Review လို စာစောင်တွေကလည်း ကြိုဆိုထောက်ခံရေးသားကြတယ်။ အဲဒီသတင်းကို ဖတ်မိပြီး Japan Times သတင်းစာရဲ့ အယ်ဒီတာဆီကို စာတစ်စောင် ရေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘရဲ့ ဆိုလိုရင်းက "ဒီသတင်းဟာ လူသားအားလုံး လှိုက်လှိုက် လှဲလှဲ ကြိုဆိုရမယ့် သတင်းကောင်းတစ်ခုပါ။ သတင်းအဆိုအရ ဒေသခံပြည်သူ ၃၀,၀၀၀ သေတယ်။ အဲဒီအထဲမှာ ကျွန်တော့်ရဲ့ မျိုးချစ်ရဲဘော်တွေနဲ့ မြန်မာလူမျိုးတွေ အမြောက်အမြား ပါဝင်ပါတယ်။ ယောကျ်ားတွေ ချွေးတပ်စွဲခံရတော့ သူတို့ရဲ့ အမေတွေ၊ ဇနီးမယားတွေ၊ ကလေးတွေနဲ့ သူတို့ကို ခင်မင်ကြတဲ့ လူငယ်တွေဟာ ငိုကြွေးပြီး ကျန်ရစ်ခဲ့ကြတယ်။ အချို့က ပြန်လည်လွတ်မြောက်လာကြတယ်။ အနာရောဂါတစ်မျိုးမျိုး ဒါမှမဟုတ် အခြားရောဂါတွေနဲ့ ပြန်ရောက်လာတာပါ။ အဓမ္မ လုပ်သား အများစုကတော့ အိမ်ကိုပြန်မရောက်ကြတော့ပါဘူး။ သူတို့ဟာ စစ်ရာဇဝတ်သားတွေ မဟုတ်ပါဘူး။ သာမန်ပြည်သူ ပြည်သားတွေပါ။ သူတို့ဟာ ကျွန်တော်တို့ မြန်မာစကားပုံထဲကအတိုင်း ကျွဲနှစ်ကောင် ခတ်တဲ့ကြားက မြေဇာပင်တွေပါ။ သူတို့ဆောက်လုပ်ခဲ့တဲ့ Kwae မြစ် တံတားပေါ်မှာ အခုလို ပြန်ဆုံကြမယ် ဆိုတော့ ကျွန်တော့် စိတ်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားမိတာက ဒီသနားစရာ ချွေးတပ်သားတွေဟာ သေတဲ့သူသေ၊ ရှင်တဲ့လူရှင်နဲ့ သူတို့ကို ထူးထူးခြားခြား သတိရတဲ့အနေနဲ့ နေရာတစ်ခုကို ပေးသင့်ပါတယ်။ သူတို့ဟာ အမေရိကန်နဲ့ရော ဂျပန်နဲ့ပါ ရန်သူတွေ မဟုတ်ကြပါဘူး။ သူတို့ကို ဥပက္ခာမပြုသင့်ပါဘူး။ အချို့ဟာ မြန်မာနဲ့ ထိုင်းဘက်မှာ အသက်ထင်ရှား ရှိကြပါသေးတယ်။ ဒါပေမဲ့ သူတို့ဟာ ဖွံ့ဖြိုးတိုး တက်တဲ့နိုင်ငံကြီးတွေကတော့ မဟုတ်ဘူးပေါ့ဗျာ"တဲ့။ အဘာရေးတဲ့ လေသံကိုကြည့်ရင် သူတိုင်းပြည် သူ့လူမျိုးအတွက် မခံချင်ဖြစ်တာလည်း ပါသလို နိုင်ငံကြီး၊ နိုင်ငံငယ် မခွဲ၊ ဆင်းရဲချမ်းသာ မခွဲ၊ တန်းတူအသိအမှတ်ပြုသင့်တယ်ဆိုတဲ့ သဘောလည်း ပါတယ်လို့ ထင်ပါတယ်။

နောက်ပြီး အဘာမှာ ကျား၊ မ ခွဲခြားဆက်ဆံတဲ့ Gender

www.burmeseclassic.com

www.burmeseclassic.com



**Discrimination** မရှိဘူး။ အဘတို့ခေတ်နဲ့ ပြောရင် ဒါလည်း တိုးတက်တဲ့ အမြင်တစ်ခုပဲပေါ့။ အဲဒီလို မပြောခဲ့ပေမဲ့ အဘရဲ့အမူအရာ အပြောအဆိုတွေအရ သားတစ်ယောက်အနေနဲ့ ခံစားမိတာလေးပေါ့။

နောက်ဆုံးအနေနဲ့ ပြောချင်တာလေးကတော့ အဘဟာ တရားသဘောကို ရင်ထဲက နားလည်နေတယ်လို့ ထင်မိတာလေးပါ. . . အဘ တရားလည်း ထိုင်ခဲ့ဖူးတယ်။ ၁၉၆၉ ခုနှစ်လောက်က အဘ မှတ်တမ်းတစ်ခုမှာ သွားတွေ့တယ်။ ဆရာ ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်တို့အိမ်မှာ တရားသွားထိုင်တယ်ဆိုပြီးတော့. . . အဲဒီမှာ တရားထိုင်ဖို့ အဆောင်လေးလို လုပ်ထားဖူးတယ်။ ကျွန်တော်တို့တောင် တစ်ခါတလေ လိုက်သွားဖူးတယ်။ ကျွန်တော့်ယောက္ခမကြီးကတော့ တစ်ချိန်တုန်းက မဟာစည်မှာ အမြဲလိုထိုင်တယ်။ အဘကတော့ အဲဒီလိုတော့ မရှိဘူး။ တရား အမြဲ မထိုင်ပေမဲ့ သူ့ရင်ထဲမှာရှိနေပြီးသားလို့ သူ ယုံတယ်။ သူ့ရဲ့ နောက်ဆုံးအချိန်တွေမှာ ဝေဒနာဆိုတာ ရှိနိုင်တယ်။ မညည်းညူဘူး။ ဆုံးတဲ့နေ့က ဟိုဘက်ဒီဘက် လှည့်ရင်းနဲ့ တစ်ဒင်္ဂအချိန်လေးမှာ အသက်မရှူတော့တာ. . . ပါ။

* * *

ဆရာကြီး မင်းသုဝဏ်သည် ၁၅၊ ဩဂုတ်လ၊ ၂၀၀၄ ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါပြီ။ စေတနာသည် တူသောအကျိုးပေးသည်ဟူသော မြန်မာ့အစဉ်အလာအရ ရိုးရိုးသားသား ယုံကြည်မိသည့်အတိုင်း ဖြစ်လေရာဘဝတွင် မသူတော်နှင့် ဝေးလိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ အပါအဝင် နောက်မျိုးဆက်အားလုံးမှာ ငယ်စဉ်ကတည်းက သူ၏ အေးမြသော ကဗျာ့မေတ္တာငွေ့ကို မလှုံခဲ့ဖူးသူ မရှိသလောက်ဖြစ်လိမ့်မည်။ ကျွန်တော်တို့ အရွယ်ရောက်လာပြီးသည့်တိုင်အောင် ယနေ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိလည်း သူ့ကဗျာများမှရသော ဖြဟွစိုရ်ရတရားနှင့် တိုင်းရေး ပြည်ရေး၊ အမျိုးသားရေးမှာ အေးအေးမြမြနှင့် နားဝင်ချိုဆဲ. . .၊ မြန်မာ့လူထုသည် သူ၏ကဗျာ၊ သူ၏စာများမှ သူတော်ကောင်း ဥစ္စာ ၇ ပါးကို အရိုးသားဆုံး မြင်ခွင့်ရလိုက်ကြပါသည်။ ထိုကုသိုလ်၏ အကျိုးကို ကျွန်တော်တို့ မခန့်မှန်းနိုင်ပါ။ ထို့အတူ မြန်မာလူထုသည် သူ၏ကဗျာ၊ သူ၏စာများမှ အမျိုးသားရေး ရည်မှန်းချက်ကို ရင်ထဲ၌ အခိုင်မာဆုံး တည်ဆောက်ခွင့် ရလိုက်ကြပါသည်။ ထိုကုသိုလ်၏ အကျိုးဆက်ကိုလည်း ကျွန်တော်တို့ မခန့်မှန်းနိုင်ပါ။

ရပ်ရေးရွာရေး တိုင်းပြည်ရေးအတွက် . . .
"နှင်းရည်စက်သည်၊ လက်လက် လင်းလင်း၊
နေခြည်တွင်း၌၊ ဝင်းဝင်းတောက်ကာ
ဒေါင်းမြီးဖြာခိုက်၊ ရွာဝင်တံခါး စည်းရိုးကြားမှ
ခုန်လွှားပျံတက် ခြံတန်းထက်တွင်၊
အိမ်ကြက်ဖကြီး မိုးမျှော်ပြီးသော်
အောက်အီးတွန်ကာ ကြွေးကြော်ရာတွင်
ငါ လျှင်စိုး၍ ငါ၏ ရှေ့၌
ချမ်းမြေ့မြင်ကွင်း နှင်းမြူတွင်းသို့၊
ဖောက်ထွင်းပျောက်ကွယ်သွားသတည်း"

ဟူ ဖွဲ့ဆိုခဲ့သည့် အမျိုးသား စာဆိုကြီး ယနေ့အချိန်ထိ သက်ရှိထင်ရှားရှိ နေသေးလျှင် သူ့တိုင်းပြည်အတွက် စေတနာပါပါ ဘာတွေများ ရေးဖွဲ့ဦးမည် ဆိုသည်ကိုလည်း ကျွန်တော်တို့ မခန့်မှန်းနိုင်ပါ။

ဝိတောက်ပွင့်သစ်
၂၀၁၇၊ ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com



# မျိုးနဲ့ ရိုးနဲ့

**မောင်သစ်လွင်(လူထု)**

၂၀၀၀ ပြည့်နှစ်တုန်းက မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂုဏပူဇာ ရာပြည့်စာစောင် အယ်ဒီတာအဖြစ် မောင်သစ်လွင်(လူထု)၊ မောင်အေးမြင့်(မြန်မာမှု ဒီဗိုင်း)၊ စိန်ထွန်း(တောင်လေးလုံး)နဲ့ ဆူးငှက်တို့လုပ်ကြဖို့ မဟာဂန္ဓာရုံ ဆရာတော်များက တာဝန်ပေးပါတယ်။

တာဝန်ပေးလို့လုပ်တော့ စာပေစိစစ်ရေးနဲ့ ပက်ပင်းတိုးတော့တာပါပဲ။ နှစ်တစ်ရာပြည့်စာစောင်အတွက် ဆရာမင်းသုဝဏ်ဆီ စာမူတောင်းတယ်။ တောင်းလို့ ဆရာက ဆရာတော်ကြီးကို ကြည်ညို လေးစားသူ ဖြစ်တဲ့အတိုင်း မဆိုင်းမတွ စာမူရေးပေးတယ်။ ဆရာမင်းသုဝဏ် ပေးတဲ့ကဗျာက 'အနေကဇာတင် ဥဒါန်းတော်'တဲ့။ စာပေစိစစ်ရေးက စာစောင်ထဲထည့်သွင်းဖော်ပြမယ့် စာမူတွေကို သူတို့ဆီ အရင်တင်ပြီး ခွင့်ပြုချက်တောင်းရမယ်ဆိုလို့ စာပေစိစစ်ရေးကို တင်တယ်။ **အမလေး ဒုက္ခပါပဲ။ ဆရာမင်းသုဝဏ်ရဲ့ကဗျာကို မသုံးရဘူးတဲ့။ ဖြုတ်ဆိုလို့ ချန်လှပ်လိုက်ရတယ်။ ဘယ်လောက် ကြေကွဲ ထိခိုက်ခံစားရလဲ ဆိုတာ ပြောမပြတတ်အောင်ပါပဲ။ 'အယ်ဒီတာတို့ရဲ့ ကြေကွဲဖွယ် ဝေဒနာ'ပါ။**

www.burmeseclassic.com

www.burmeseclassic.com





ခေတ်စမ်းစာဆိုရှင်
ဆရာကြီးမင်းသုဝဏ်

ဆရာမင်းသုဝဏ် တစ်ဦးတည်းရဲ့ စာမူသာ ဖြုတ်ရ ချန်လှပ်ရတာ မဟုတ်ပါဘူး။ **ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမည်ကိုလည်း ဖြုတ်ရမယ် ဆိုလို့ ဖြုတ်ခဲ့ရပါတယ်။**

အင်း ဆရာမင်းသုဝဏ်ရဲ့ အစဉ်အလာကလည်း ကြီးလှပေသကိုး။ ဆရာက သူ့ကျွန်ဘဝမှာကတည်းက နယ်ချဲ့ဆန့်ကျင်ရေး တိုင်းပြည်လွတ်လပ်ရေးအတွက် ကဗျာရေးဖွဲ့ခဲ့သူပေပဲ။ အလုပ်သမား လယ်သမား၊ ကျောင်းသားတွေဘက်မှာ ရပ်ခဲ့သူပေပဲ။ ၁၃၀၀ ပြည့်ကာလ ရေနံမြေ အလုပ်သမားတပ်ကြီးကို ဝန်းရံခဲ့တဲ့ ကျောင်းသားတွေကို ဗြိတိသျှနယ်ချဲ့သမားက အကြမ်းဖက်ဖြိုခွင်းလို့ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတယ်။ ဗိုလ်အောင်ကျော် ကြေးရုပ်ဖွင့်တဲ့အခါ နဂါးနီဂျာနယ်က အထူးထုတ်ပြီး ဂုဏ်ပြုခဲ့တယ်။ အဲဒီအထူးထုတ်ဂျာနယ်မှာ ဆရာမင်းသုဝဏ်က **ဗိုလ်အောင်ကျော် နတ်သံ** ကဗျာ အထူးစပ်ဆိုပြီး ဖော်ပြခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



စာပေလွတ်လပ်ခွင့် ပိတ်ပင်ခံရတဲ့အကြောင်းတွေ ရေးရင်း ဆရာမင်းသုဝဏ်ရေးတဲ့စာ၊ စာပေစိစစ်ရေးက ဖြုတ်ချပစ်တဲ့ အကြောင်းကို ရေးဖို့ ကြိုးပမ်းတဲ့အခါ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ရှာဖွေရတယ်။ ရှာလို့ ဖွေလို့ တွေ့တဲ့ စာအုပ်တစ်အုပ်ကတော့ 'ရွှေလိုဝင်းတဲ့ မင်းသုဝဏ်'စာအုပ်ပါပဲ။ အဲဒီစာအုပ်မှာ ကျွန်တော်က 'မြင်ရတဲ့ အသံ'ဆိုတဲ့ ဆောင်းပါးရေးခဲ့တယ်။ အထူးအလေးအနက် ထားမိတဲ့ ဆောင်းပါးတစ်ပုဒ် ပါနေတာကိုလည်း တွေ့ရတယ်။

"အဲဒီဆောင်းပါးကတော့ 'ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်'တဲ့။ ရေးသူက ဆရာမင်းသုဝဏ်ရဲ့သားဖြစ်တယ်။ ကလောင်အမည်က 'ဒလဘန်း'တဲ့။ **ဒလဘန်း ဆိုတာက အခု နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ ဦးထင်ကျော်ရဲ့ ကလောင်အမည်ပါ။ သမ္မတ ဦးထင်ကျော်ပါပဲ။** "အထူးအလေးအနက်ထားမိတဲ့ ဆောင်းပါးလို့ ဆိုရတာက အခု သမ္မတဖြစ်တဲ့သူ၊ သမ္မတ မဖြစ်ခင်က ရေးတဲ့စာမို့ ပြောတာ မဟုတ်ပါဘူး။ ဆောင်းပါးထဲမှာပါတဲ့ အကြောင်းအရာက အလေးအနက် ထားမိစေတဲ့ အကြောင်းအရာ ဖြစ်နေလို့ပါ။ ကြည့်ပါ။ ဒလဘန်း ဒီလို ရေးပါတယ်"

*၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ ၅ ရက်နေ့တွင် ကောလိပ်ကျောင်းသားများသည် တက္ကသိုလ်ဝင် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် စတင် သပိတ်မှောက်ကြသည်။ အဆိုပါ သပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုအသွင်ကို ဆောင်သည်။ အကျိုးဆက်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားကျောင်းများ စတင်ပေါ်ပေါက်လာသည်။ ကွမ်းခြံကုန်းမြို့တွင်လည်း မြို့မိမြို့ဖများ ကမကထပြု၍ ၁၉၂၁ ခုနှစ်၊ ဇွန်လ၊ ၂၁ ရက်နေ့၌ အမျိုးသားကျောင်း စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းကော်မတီလူကြီး (၄)ဦးအနက် ဦးဆောင်ဦးရွက်*

www.burmeseclassic.com

www.burmeseclassic.com



*ပြုသူမှာ အဖေ၏ဖခင် ဦးလွမ်းပင် ဖြစ်သည်။ ဂျားကျောင်းခေါ် ရွှေကျင်ကျောင်းတိုက် (ဆရာဦးဖိုးလှိုင်ကျောင်း)တွင် မြန်မာစာသင်ယူနေသောသားဖြစ်သူကို ဖခင်ဖြစ်သူက အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာသင်စေသည်။*

စာရေးဆရာ ဒလဘန်း (ဦးထင်ကျော်)ရေးတဲ့ ဒီစာပိုဒ်တတကယ်ပဲ အလေးအနက်ထားစရာ၊ သတိပြုစရာ စာပိုဒ်ပါပဲ။ ဟုတ်ပါတယ်။ ဩော်. . . ဦးထင်ကျော်တို့က ပြည်သူလူထုအတွက် ထားရှိလာတဲ့ မျိုးချစ်စိတ်ဓာတ်က မျိုးနဲ့ ရိုးနဲ့ပါလား။

သမိုင်းဝင် ဆရာမင်းသုဝဏ်ရဲ့ ကဗျာနှစ်ပုဒ်ကိုလည်း ဖော်ပြပါရစေ။

**ဗိုလ်အောင်ကျော်နတ်သံ**

စာအုပ်ကယ်မှ ကလောင်လေ. . .
သိပ္ပံအပေါင်း ဝိဇ္ဇာအောင်းသည့်
ကျောင်းများခေါင်က
ဗိုလ်အောင်ငယ်မှုမည်တင့်
ကျော်တစ်ဆင့်နှင့် မင်းမင့်နောင်ညီ
ငါ. . . ဇာနည်ကို လာပြီကြိုကြ
သပြေပန်းနှင့် ရေချမ်းဆောင်ကာ
အောင်စည်စလော့. . .။ ။

နှမငယ် ဖြူဖြူ
ပညာစီးပွား စွမ်းအင်အားနှင့်
အင်းလျားသူတို့
ငါမူအစ ရှေးဘဝက
နှမတို့နှယ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ပါးပါး၊ ဟိုသည်သွားလို့၊
ကြွားခဲ့တယ်. . .။ ။

နောက်ဝယ်သောခါ
ငါ့မိ ငါ့ဘ၊ ကျွန်ဘဝကို
မြင်ရမလျော်၊ စိတ်မပျော်၍
ရဲဘော်အများ၊ သစ္စာအားနှင့်၊
ကြိုးစားရာဝယ်၊ ကြမ္မာငါ့ကံ၊
တလှူဘဝ၊ ရှုမလှအောင်
ငါ့ကိုယ်ခံ၍၊ ရန်သူ့လက်နက်၊
ဆံတိုဆံတောင်း၊ ဘာမဆောင်းသည့်၊
ငါ့ခေါင်းထက်မှာ၊ ဆက်ကာ ဆက်ကာ၊
ဝင်းဝင်းလျှံတောက်၊ မူးမော်နောက်အောင်၊
ကျရောက်လှာသော်၊ ငါ့မှာ မချို၊
ဘုရားကယ်ပါ၊ အော်မြည်ပါလည်း၊
ကွာသတိနှင့်၊ ငါ့မိရင်ခွင်၊
ဤမြေပြင်တွင်၊ ငါလျှင်လဲ၍၊
အောင်ပွဲခံသည်၊ နိုင်ငံသာကြောင်း၊
ငါဆုတောင်းမည်၊ သောင်းသိန်းသန်းကျော်၊
တို့ရဲဘော်တို့. . .။ ။

မင်းသုဝဏ်

## အနေကဇာတင် ဥဒါန်းတော်

အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊

www.burmeseclassic.com

www.burmeseclassic.com



ဂဟာကာရ ဒိဋ္ဌေသိ၊ ပုနဂေဟံ နကာဟသိ၊
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟာကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(၁)

ဘဝများစွာ၊ သံသရာ၌
အိမ်ဆောက်သမား၊ သင်ယောက်ျားကို
ငါသည် လှည့်ပတ်ရှာဖွေခဲ့။
မတွေ့ရဘဲ၊ ဇာတိထဲတွင်
ဆင်းရဲခဲ့ရ အကြိမ်ကြိမ်။

(၂)

အိမ်ဆောက်သမား၊ အိုယောက်ျား
ခုကား သင့်ကို ငါတွေ့ပြီ။

နောင်ခါတစ်ဖန် အိမ်ဆောက်ရန်ကို
မကြံစည်နှင့် မရတော့။

ခေါင် လျှောက် ရက်မ၊ ဟူသမျှကို
ဖြိုချ ဖျက်ချိုးပစ်လိုက်ပြီ။

ငါ၏စိတ်လျှင် (ငါ့ဝိညာဉ်သည်)
ပြုပြင်ကင်းရာ၊ ရောက်ခဲ့ပါ၍
တဏှာကုန်ခန်းပြီတကား။

အထက်ပါ ဥဒါန်းတော်ဖြင့် မဟာဂန္ဓာရုံဆရာတော်ဘုရားအား ဂုဏ်ပြုကန်တော့ပါ၏။

**မင်းသုဝဏ်**

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ဆိုတာ

ခင်စောတင့်

**နီနီရေ. . .**

နီနီက ဦးထင်ကျော်အကြောင်းကို ရေးပေးပါလို့ ပြောလာတုန်းက ကိုထင်ကျော် ခေါ် ကိုပိုကို ဒုတိယသမ္မတပဲ ရွေးထားသေးတယ်။ အခုတော့ အန်တီတို့ တိုင်းပြည်ရဲ့သမ္မတကြီးဖြစ်သွားပါပြီ။ အလွန်ပဲဝမ်းသာရပါတယ်။

ကိုထင်ကျော်က ဆရာကြီးမင်းသုဝဏ်နဲ့ ဒေါ်ကြည်ကြည်တို့ရဲ့သားဖြစ်ပါတယ်။ မောင်နှမသုံးယောက်ရှိတယ်။ ဦးဉာဏ်စိုး၊ ဦးထင်ကျော်နဲ့ ဒေါ်ထားချိုတို့ ဖြစ်ပါတယ်။ ဆရာကြီးနဲ့ အန်တီကြည်တို့က သူတို့သားကို 'မောင်ပို'လို့ ခေါ်ကြတယ်။ အန်တီတို့ကတော့ 'ကိုပို'လို့ပဲခေါ်ပါတယ်။ သူတို့ မောင်နှမတွေနဲ့ အန်တီတို့ မောင်နှမတွေက ခင်မင်ကြပါတယ်။ ကိုဉာဏ်စိုးနဲ့ အန်တီရဲ့မောင် ကိုနေအုပ်တို့က ရွယ်တူတွေပါ။ ကိုပိုကတော့ အသက် (၇၀) မပြည့်တတ်သေးဘူးလို့ ထင်ပါတယ်။

အန်တီနဲ့ ကိုပိုတို့ ခင်မင်ရင်းနှီးကြတဲ့အကြောင်းကတော့ ဆရာကြီးမဆုံးခင် (၇)နှစ်၊ (၈)နှစ်လောက်မှာ အန်တီက ဆရာကြီးတို့နဲ့ ထိထိဝင်ဝင် ရင်းနှီးရှိကြပြီး 'သပြေညို'အိမ်ကို မကြာခဏ ရောက်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးမင်းသုဝဏ်၏ ဇနီးနှင့် မိသားစု

ဆရာကြီးတို့က သမီးမိသားစုနဲ့ အတူတူနေကြတယ်။ သားတွေကတော့ အိမ်ခွဲနေကြပါတယ်။ မနက်ဆိုရင် သူတို့ မိသားစုက အလုပ်သွားကြ၊ ကျောင်းသွားကြနဲ့ အိမ်မှာ ဆရာကြီးနဲ့ အန်တီကြည်တို့ပဲ ရှိကြတယ်။ အေးအေးဆေးဆေး စကားတွေ ပြောဖြစ်ကြပါတယ်။ စစ်ပြေးတုန်းက လသားအရွယ် သားလေးတစ်ယောက် ဆုံးပါးသွားတာ၊ မောင်ခွေးဖို့ကဗျာတွေအကြောင်း၊ ပျဉ်းမငုတ်တို၊ သပြေညို၊ နှင်းဆီကဗျာတွေ ရေးဖြစ်ပုံအကြောင်းတွေ ဆရာကြီးက ပြောပြတတ်ပါတယ်။ ဆရာကြီးက မနက်တိုင်း ဆင်ဝင်အောက်မှာထိုင်ပြီး စာကလေးတွေ၊ စပါးနှံတွဲတွေ လာစားတာကို ကြည်ကြည်နူးနူး ကြည့်လေ့ရှိတယ်။ အန်တီ့ကို ဆရာကြီးက စာအုပ်တွေမှာ လက်မှတ်ထိုးပြီး ပေးပါတယ်။ ပျော်စရာ နေ့လေးတွေပါပဲ။ အန်တီ ပြန်ပြီဆိုရင် ဂိတ်အဝအထိ ဆရာကြီးက တုတ်ကောက်လေး ကိုင်ပြီး လိုက်ပို့ပါတယ်။ အိမ်ထဲကို ပြန်မဝင်သေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ဝကနေပြီး မျက်စိတစ်ဆုံးကြည့်ပြီး ကျန်ရစ်တတ်တယ်။ ဦးထွန်းလင်းလမ်းက တစ်ဖြောင့်တည်း အရှည်ကြီးလေ။ အန်တီ ပြန်လှည့်ကြည့်လိုက်တိုင်း ဆရာကြီးက လှမ်းကြည့်နေတုန်းပဲ ရှိသေးတယ်။ ဝမ်းသာကြည်နူးလွန်းလို့ ပါးပေါ်ကို မျက်ရည်တွေ စီးကျလာတာ အင်းစိန်လမ်းပေါ် ရောက်ပြီး အငှားကား စီးသွားတဲ့အထိပါပဲ နီနီရယ်။

ကိုထင်ကျော်ကလည်း ရောက်လာတတ်တယ်။ အဲဒီအချိန်က အစိုးရ အလုပ်က ထွက်လိုက်ပြီလေ။ သူ့ဇနီး စုစုလွင်က UNICEF မှာ အလုပ်လုပ်တယ်။ နိုင်ငံခြားလည်း မကြာခဏ သွားရတယ်။ အပြန်မှာ ကိုပိုက အန်တီကို အိမ်ပြန်ပို့ပေးလေ့ရှိတယ်။ သူတို့က ကမ္ဘာ့ဧရိပ်သာ မှာနေကြပြီး အန်တီက သံလွင်လမ်းမှာ ဆိုတော့ နီးနေပြီလေ။ အဲဒီတုန်းက ကိုပို့မှာ ပေါင်မုန့်ကား လို့ခေါ်တဲ့ Hi Ace ကားရှိတယ်။ ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်ရင် ယူသွားတတ်တယ်။ သူ့ရဲ့ မာဇဒါဆီဒင် ကားလေးကို ကိုပို့ဆီမှာ ထားခဲ့တယ်။ အန်တီတောင် တစ်ခါစီးဖူးသေးတယ်။ ကား ရှေ့ခန်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံ ချိတ်ထားတယ်။ ဒီပဲယင်း ခရီးတုန်းက ကိုပို့ကားကို ယူသွားတာပေါ့။ စိစိ ညက်ညက်ကြေသွားလို့ ပြန်မရတော့ဘူး ထင်ထားတာ ပကတိအတိုင်းပြင်ပြီး ပြန်လာပေးတယ်လို့ ကိုပိုက ပြောပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဆရာကြီး မင်းသုဝဏ်က သံယောဇဉ် တော်တော်ရှိပါတယ်။ ကိုပိုနဲ့ကလည်း ကျောင်းနေဖက် သူငယ်ချင်းဖြစ်တော့ ကိုပိုတို့ ဇနီးမောင်နှံက အနီးကပ် စောင့်ရှောက်ကြတယ်။ ကိုပိုကို အမြဲ ဒေါ်အောင်ဆန်းစုကြည်ဘေးမှာ တွေ့ရတတ်တယ်။ သစ္စာရှိပြီး အစစ အရာရာ တိုင်ပင်လို့ရတဲ့ သူငယ်ချင်းဖြစ်ပါတယ်။ ကိုပိုအကြောင်း ပြောရရင်တော့ ဆရာကြီးနဲ့ အတူဆုံးသားပါပဲ။ အရပ်ကရှည်ရှည် ထောင်ထောင်မောင်းမောင်း၊ ပြောပုံဆိုပုံနူးညံ့သိမ်မွေ့တယ်။ စာပေလည်း ဝါသနာပါတယ်။ ဆရာကြီး ငွယ်လွန်

www.burmeseclassic.com

www.burmeseclassic.com



တော့ စာအုပ်တွေ၊ မှတ်တမ်းတွေ ကိုပိုက ထိန်းသိမ်းထားတယ်။ ရှေး လူကြီးတွေများ ဘယ်လောက် အသိမ်းအဆည်းကောင်းသလဲဆိုရင် ကိုဝို မွေးတုန်းက မှတ်တမ်းတွေ၊ ဘီလပ်သွားတုန်းက ဒိုင်ယာရီစာအုပ်တွေ၊ ပုံမနှိပ်ရသေးတဲ့ ကဗျာတွေနဲ့ ရှားပါးတဲ့ ဓာတ်ပုံတွေပါ ရလိုက်တယ်။ သူ့ကို မွေးစက ပေးထားတဲ့ 'ဒလဘန်း'ဆိုတဲ့ နာမည်နဲ့ 'အဘအကြောင်း တစေ့တစောင်း' စာအုပ်ကြီး ထွက်လာပါတော့တယ်။ ခုဆို မှတ်တမ်း ဝင်သွားပြီပေါ့လေ။ ဟိုခေတ်တုန်းက အခေါ်အဝေါ်တွေ သူ မသိရင် အန်တီ့ကို လာမေးပါတယ်။

လူကြီးတွေရဲ့ ဘဝတွေ လွဲချော်ခဲ့ပေမဲ့ အန်တီတို့က မောင်နှမ တွေလို ခင်မင်ခဲ့ကြတယ်။ အန်တီကြည် ပြောပြဖူးတယ်။ ကိုညဏ်စိုးနဲ့ ကိုနေအုပ်တို့က ကျောင်းမတူကြဘူး။ အထက(၁)ဒဂုံနဲ့ စိန့်ပေါ်(လ်) ကျောင်းတွေမှာ နေကြတာ။ ကျူရှင်မှာ တွေ့ကြပြီး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆရာမင်းသုဝဏ်သားမှန်း၊ ဒေါ်ခင်စောမူသားမှန်း မသိကြဘူးတဲ့။ နောက်တော့လည်း အိမ်ဝင်ထွက် ပြီး အားလုံးနဲ့ ခင်မင်သွားကြတာတဲ့။

စုစုလွင်ကလည်း တစ်ခါက ပြောပါတယ်။ "မမကို ကိုပိုက အစ်မ အရင်း လိုချစ်တာလေ။ မမက ရိုးသားလို့တဲ့"လို့ ပြောဖူးပါတယ်။ တစ်ဦး မေတ္တာ တစ်ဦးမှာ ဆိုသလို ဖြစ်မယ်ထင်ပါတယ်။ သူတို့ ဇနီး မောင်နှံက လည်း ရိုးရိုးအေးအေးပဲ နေကြတယ်။ သားသမီးလည်း မရှိပါဘူး။ စုစုက အမြဲသက်သတ်လွတ် စားတဲ့သူ ဖြစ်ပါတယ်။ ကိုပိုက နဂို အသားက လတ်ပါတယ်။ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက အမှုဆောင် ဆိုတော့ ရေဘေး မီးဘေး၊ လေဘေး စတဲ့ ဒုက္ခသည် စခန်းတွေဆီကို သွားပြီး လှူရေးရလို့ အသားတွေ မည်းသွားတာပါ။ ဆံပင်လည်း ဆေးမဆိုးဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



နီနီရေ. . . သမ္မတအဆက်ဆက်မှာ **အန်တီတို့ရဲ့ သမ္မတက အသံဩဇာ အကောင်းဆုံး ဖြစ်လာလိမ့်မယ်။ ဘာလို့လဲ ဆိုတော့ တိုပိုတ ယောက်ျားပီသတဲ့ အသံနဲ့ စကားပြောရင် တစ်လုံးချင်း ပီပီသသ ပြောတတ်လို့ပါပဲ။** လူနဲ့ အသံနဲ့ လိုက်ဖက်တယ်လို့ ဆိုရမယ်။ မိန့်ခွန်း ပြောရင် တော်တော် နားထောင်ကောင်းလိမ့်မယ်လို့ သတင်းပေး လိုက်ပါတယ်။

သမ္မတကြီး ဦးထင်ကျော် ကျန်းမာချမ်းသာစေဖို့ ဆုတောင်း မေတ္တာ ပေးပို့လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# လာခြင်းကောင်းတဲ့ ဦးထင်ကျော်

ညီပုလေး

ဦးထင်ကျော် (စာရေးဆရာ ဒလဘန်း)ကို ၂၁ ရာစု မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခေတ်ဦးအတွက် ပထမဆုံး သမ္မတဖြစ်ဖို့ ရာနှုန်းတော်တော် များနေချိန်မှာ ရန်ကုန်အခြေစိုက် ဂျာနယ်တစ်စောင်တကျွန်တော့် ထင်မြင်ချက် တောင်းပါတယ်။ ထင်မြင်ချက် ဘာလို့တောင်းတာလဲလို့ ကျွန်တော် ပြန်မေးမနေတော့ဘူး။

ဦးထင်ကျော်ကို သမ္မတရာထူးအတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့အကြောင်း မုဒိတာစိတ်မှာ ပီတိ အပြည့်အသိပ်နဲ့ ဖြေလိုက်တယ်။ ဘာဖြစ်လို့ ဒီလို ပြောလိုက်ရတာလဲ။ ကျွန်တော့်မှာ လုံလောက်တဲ့အဖြေရှိတယ်။ ဒီ့ပြင် မိတ်ဆွေ တစ်ယောက်ယောက်ကို မေးရင်လည်း ကျွန်တော်နဲ့ သိတူကြောင်းကွဲ အဖြစ်နဲ့ သံတူကြောင်းတူ အဖြေတွေပဲ ရမှာပါ။ ဘာလို့အဖြေတွေက တူနေကြရတာလဲ။

ဗမာပြည်သူတွေဟာ စစ်အစိုးရ အဆက်ဆက်ရဲ့အောက်မှာ ပြားပြားဝပ်နေခဲ့ကြရ၊ ပြုသမျှ ခါးစည်းခံကြရ၊ ထုသမျှ ကျေကျော့နေ

www.burmeseclassic.com

www.burmeseclassic.com





သမ္မတကြီးဦးထင်ကျော်

အောင် ခံခဲ့ကြရ၊ ဘဝတွေ ပျက်ကြရ၊ ခြေလက်အင်္ဂါ မပြည့်မစုံနဲ့ ဒုက္ခိတဘဝတွေ ရောက်ကြရ၊ အသက်ပေးခဲ့ကြရ၊ ခရုဆံကျွတ်ဘဝ နေခဲ့ကြရ၊ ခံစားခဲ့ကြရတယ်။

အာဏာလက်ကိုင်ရှိသူ အုပ်စိုးသူ လူတန်းစားနဲ့ အမြီးစားဖက်၊ ခေါင်းစားဖက်ပုဂ္ဂိုလ်တွေက တိုင်းပြည်ရဲ့ အဆီအနှစ်တွေ လက်ဝါးကြီးအုပ် ဝါးမျိုခဲ့ကြတယ်။ သူတို့ တစ်တွေ ကြီးပွားချမ်းသာပြီး ဘီလျံနာ၊ မီလျံနာတွေ ဖြစ်ကြချိန်မှာ တိုင်းပြည်မှာ သယံဇာတတွေ ကုန်ဆုံး၊ စာရိတ္တတွေ ပျက်စီး၊ ပညာရေး ချွတ်ခြုံကျ၊ တိုင်းပြည်ရဲ့ အဓိကထွက်ကုန်က အိမ်စေနဲ့ အလုပ်ကြမ်းသမား ဖြစ်သွားတယ်။ ကမ္ဘာ့လူပုံအလယ်မှာ မျက်နှာမဲ့။ အိမ်နားနီးချင်း နိုင်ငံတွေကြားမှာ မျက်နှာငယ်၊ ခွဲခြားဆက်ဆံခံကြရ၊ အထင်မြင်သေးခံကြရ၊ ပြည်သူနဲ့ တိုင်းပြည်ရဲ့ ဆုံးရှုံးနစ်နာရပုံ

www.burmeseclassic.com

www.burmeseclassic.com



တွေက ပြောမဆုံးပေါင် တောသုံးတောင်ပါပဲ။ တဟုန်းဟုန်း လောင်နေတဲ့ ပြည်တွင်းစစ်မီးကြောင့် ညွှေမျိုးသားချင်းတွေအကြား အထင်အမြင်တွေ လွဲကြရတာ အဆိုးဆုံးပဲ။ တိုင်းပြည် ဆင်းရဲတွင်းနက်တာလည်း ပြည်တွင်းစစ် မီးလျှံနဲ့ စစ်အာဏာရှင် စနစ်ကြောင့်ပဲ။ ခါးသီးလှတဲ့ ဘဝ၊ နာကြည်း လှတဲ့ဘဝက လွတ်မြောက်ချင်လို့ ၂၀၁၅၊ နိုဝင်ဘာ၊ ၁၅ ရက်က ကျင်းပတဲ့ အထွေထွေ ရွေးကောက်ပွဲမှာ ပြည်သူလူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပုံအောပြီး မဲပေးခဲ့ကြတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်ပွဲခံ၊ အစိုးရအဖွဲ့ ဖွဲ့တော့မယ်။ (အာဏာ လွှဲပြောင်းရေးကာလအတွင်းမှာ စိတ်ပျက်စရာ ကိုယ်ကျိုးတွေ အများကြီးရှာသူတွေ ရှာကြတယ်။)

ပြည်သူအများစုက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကို သမ္မတ တင်မြှောက်ချင်ကြတယ်။ ဒါပေမဲ့ နှစ်ကာလရှည်ကြာစွာ တမင်တကာ အစီအစဉ် ရှိရှိနဲ့ ရေးဆွဲထားတဲ့ ၂၀၀၈ ခုနှစ်၊ နဝတ၊ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်လို့ သမ္မတ မဖြစ်ခဲ့ဘူး။ လူထုရဲ့ ရင်ဘတ်ထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ သမ္မတပဲ။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အနိုင်ရပါတီက ဒုတိယ သမ္မတလောင်း နှစ်ဦး ရွေးချယ်ရာမှာ ဦးထင်ကျော်နဲ့ ဦးဟင်နရီဗန်ထီးယူ တို့ကို ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုတယ်။ ဦးထင်ကျော်ဟာ ရိုးသားပြီး သစ္စာရှိသူတဲ့။ ပညာတတ်တစ်ဦးလည်း ဖြစ်တယ်။ စည်းကမ်း လိုက်နာမှု ရှိပြီး နိုင်ငံတကာမှာ ဝင်ဆံ့သူလို့ သိရတယ်။

ဦးထင်ကျော်ဟာ သမ္မတဖြစ်ဖို့ အလားအလာ အကောင်းဆုံး ပုဂ္ဂိုလ် ဖြစ်သလို သုံးဦးထဲမှာ (ထက၊ ဟနရဗထယ၊ မဆ) သမ္မတရာထူး အတွက် အထိုက်တန်ဆုံးလို့ လူထုက လက်ခံကြတယ်။ ဒီကိစ္စ ဦးထင်ကျော် သမ္မတဖြစ်မှုဟာ ကိစ္စကောင်း၊ ဝမ်းသာစရာကိစ္စဖြစ်ပေမဲ့ ဦးထင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရွက်ရမယ့်တာဝန်တွေ၊ ဖြေရှင်းရမယ့် ပြဿနာတွေက အများကြီး။ တမ္ဘာပေါ်မှာ အညစ်ပတ်၊ အစုတ်ပဲ့ဆုံး အကြီးဆုံး အမှိုက်ပုံကြီးနဲ့ ပြဿနာပေါင်း သိန်းတစ်သောင်းခြောက်ထောင်ကို သူ ရင်ဆိုင်ရလိမ့်မယ်။ သူ့ကိုယ်စား ရင်မောလှတယ်။

၂၁ ရာစု မြန်မာနိုင်ငံဒီမိုကရေစီခေတ်ဦးရဲ့ ပထမဆုံးသမ္မတ ဦးထင်ကျော် ခင်ဗျား. . . စိတ်နှလုံးအေးချမ်းစွာနဲ့ ဗမာပြည်သူတွေ အကျိုး သယ်ပိုးနိုင်ပါစေ။ ပြည်တွင်း စစ်မီးကို ငြိမ်းသတ်နိုင်ပါစေလို့ ဆုမွန် တောင်းလိုက်ပါတယ်။

**လာခြင်းကောင်းတဲ့ သမ္မတသစ် ဖြစ်ပါစေ။**

ချစ်ခင်လေးစားစွာ
ညီပုလေး

www.burmeseclassic.com

www.burmeseclassic.com



# ကျုပ် အစ်မ ရွေးချယ်တဲ့ မွန်အမျိုးသား သမ္မတကြီး 'ဒလဘန်း'

မိုးယံးလင်း



သမ္မတကြီးဦးထင်ကျော်နှင့် သမ္မတကတော် ဒေါ်စုစုလွင်

အခုတလော သမ္မတဦးထင်ကျော်အကြောင်းကို သိမှတ်မိသမျှ အကြောင်း အရာလေးတွေနဲ့ ဖော်ပြရေးသားလာကြတာတွေကို ဖတ်ရှုရ ပါတယ်။ မပြည့်စုံဘူး ဖြစ်နေပါတယ်။ လူတွေက အစ်ကို ကိုထင်ကျော်ကို သိပ်မသိကြဘူးဗျ။ သူက သိုသို သိပ်သိပ် နေတတ်တဲ့လူလေ။ လူတွေ မသိကြ တာတွေ ရှိသေးလို့ သိစေချင်တာကြောင့် ကျုပ်က ရေးပြလိုက်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လား ကျုပ်က အစ်မရဲ့ ထမင်းချက် (၁၉၉၅ ခုနှစ်၊ ဇူလိုင်၊ ၁၀ ရက် ပထမအကြိမ် နေအိမ်အကျယ်ချုပ် ပြန်လွတ်လာကတည်းက အစ်မရဲ့ ထမင်းချက် လုပ်လာခဲ့တာ။ နောက်ဆုံး အကျယ်ချုပ်မှာလည်း နေ့စဉ် နားရက်မရှိ ချက်ပြုတ်ပြီး ခြံတံခါးဝထိပ်ကနေ လိုအပ်တဲ့ အရာအားလုံးကို သွားသွားပို့ပေးခွင့် ရရှိခဲ့တာ ဒုတိယအကြိမ်နဲ့ နောက်ဆုံး နေအိမ်အကျယ်ချုပ် လွတ်မြောက်လာတဲ့ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ ၁၃ ရက်အထိပေါ့ဗျာ. . .။)

အဲဒီလို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက်ကနေ အစ်မအိမ်ထဲမှာ နေထိုင်ရတော့ အစ်မဆီကိုလာတဲ့ ဧည့်သည်မှန်သမျှ၊ အစ်မ မိတ်ဆွေမှန်သမျှကို ဧည့်ဝတ်ပြုရတယ်။ နှုတ်ဆက်ရတယ်။ မြန်မာလူမျိုးရော နိုင်ငံခြားသားရော အစုံပေါ့။ အဲဒီတော့ အားလုံးနဲ့က သိသွားကြတယ် ပေါ့ဗျာ။

အဲဒီထဲမှာ အစ်မက သူ ခင်မင်တဲ့သူတွေဆို အိမ်ကိုလာလည်ဖို့ ဖိတ်ခေါ်တယ်။ ထမင်းလာစားဖို့ ခေါ်တယ်။ စကားစမြည်ပြောရင်း တိုင်းရေး ပြည်ရေး ပြောဆိုကြတယ်။ အဲဒါ အစ်မအကျင့်။ အစ်မက ဧည့်သည်လာပြီဆိုရင် ရေနွေးကြမ်းနဲ့ စားစာရာတစ်ခုခု ဧည့်ခံလေ့ ရှိတယ်။ အဲဒါ ကျုပ်က လုပ်ရတယ်။ (အစ်မက ဘာမဆို စည်းစနစ် ကျစွာနဲ့ သင်ပြပေးထားတတ်တယ်။) ဧည့်သည်ကို ထမင်းကျွေးမယ် ဆိုရင် ကြိုပြောတတ်တယ်။ “ကိုမြင့်စိုး ဧည့်သည်နဲ့အစ်မ ထမင်းစားမယ်။ နှစ်ယောက်စာ၊ သုံးယောက်စာ စီစဉ်ထားပါ” လို့ပြောရင် ကျုပ်က သဘော ပေါက်ပြီ။ လိုအပ်တာတွေနဲ့ စီစဉ်ထားရတယ်။ ကြာလာတော့ လာနေ ကျသူတွေက ဘယ်သူတွေဟာ အစ်မကို အကျိုးပြုနေကြသူတွေ၊ ဖျက်ဆီး နေကြသူတွေဆိုတာ ကျုပ်က မှတ်မိနေတာပေါ့။

အဲဒီအထဲမှာ အစ်ကို ကိုထင်ကျော်ရယ်၊ မစုစုလွင်ရယ်၊ မငယ်

www.burmeseclassic.com

www.burmeseclassic.com



(ဒေါက်တာ တင်မာအောင်)တို့ရယ်ဟာ အပတ်စဉ်(စနေ၊ တနင်္ဂနွေ)ဆို လာနေကျ။ တစ်နေကုန် အစ်မကို ကူညီနေကြပြီး ညနေစောင်းမှ ပြန်ကြတဲ့ သူတွေပါ။ သူတို့လာပြီဆိုရင် အစ်မက ကျုပ်ကိုခေါ်ပြီး "တို့မြင့်စိုး စုစုနဲ့ ငယ်ငယ် အစ်မနဲ့ အတူတူထမင်းစားမယ်။ သူတို့အတွက်က သက်သတ်လွတ်နော်" အမြဲတမ်း ခေါ်ခေါ်ပြောခဲ့ပါတယ်။ (မစုစုလွင်နဲ့ မငယ်က ထာဝရသက်သတ်လွတ်သမားတွေပါ။ ဒါပေမဲ့ ကြက်ဥတော့ စားပါတယ်) ကြာလာတော့ မစုစုလွင်နဲ့ မငယ်က အားနာလို့လား မသိဘူး။ သူတို့အိမ်ကနေ ဟင်းလေးတွေ ယူယူလာပါတယ်။ ကျုပ်ကတော့ အစ်မ မှာထားတဲ့အတိုင်း သူတို့အတွက် သက်သတ်လွတ်ဟင်းကတော့ အမြဲလုပ်လျက်ပါပဲ။

အစ်ကို ကိုထင်ကျော်ကတော့ ခြံထဲမှာ ဆွမ်းကပ်တဲ့နေ့တွေ ဖြစ်တဲ့၊ အစ်မ မွေးနေ့ဖြစ်တဲ့ ဇွန်လ၊ ၁၉ ရက်ရယ်၊ အာဇာနည်နေ့ ဇူလိုင်လ၊ ၁၉ ရက်ရယ်၊ မေမေကြီး ဒေါ်ခင်ကြည် နှစ်ပတ်လည်နေ့ ဒီဇင်ဘာ၊ ၂၇ ရက်တွေဆိုရင် ဘုန်းကြီးတွေ သွားပင့်ရပါတယ်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်း၊ ချမ်းမြေ့ကျောင်း၊ မွန်ကျောင်း၊ ရွှေကြက်ယက်ကျောင်းက ဆရာတော်တွေကို အပို့အကြို တာဝန်တွေကို ယူရပါတယ်။ အဲဒီအချိန်ကာလ ၉၅-၉၆ ကာလတုန်းက အထက်ပါ ဘုန်းကြီးကျောင်းတွေသာဖြစ်ခဲ့ပြီး ယခုကာလ ၂၀၁၀-၂၀၁၅ မှာတော့ ဘုန်းကြီးကျောင်းတွေ များလာခဲ့ပါတယ်။ အရှင်ဆန္ဒာဓိကတို့ ရဝေနွယ် (အင်းမ) တို့ပါ ကြွရောက်ပါတယ်။ ကျောင်းပိုင်ကားတွေနဲ့ ကြွရောက်ကြတဲ့ ကိုယ်တော်တွေ များလာပါတယ်။

အစ်ကို ကိုထင်ကျော်ဟာ အစ်မ အကူအညီတောင်းတဲ့ သီးခြား ပြင်ပ အလုပ်တွေကို ဒိုင်ခံလုပ်ဆောင်ပေးခဲ့သူဖြစ်ပါတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြင်ပအကူအညီ မှန်သမျှကို

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ခံလုပ်ဆောင်နေခဲ့သူတွေက ဒေါက်တာတင်မျိုးဝင်း၊ ကိုထင်ကျော်နဲ့ ကိုမြင့်စိုးတို့ပဲဖြစ်တယ်။ အစ်မက အိမ်ထဲမှာ ကူညီနေတဲ့သူတွေဆို ပါတီ တာဝန်တွေ ထမ်းဆောင်တာကို မလုပ်စေခဲ့ပါဘူး။ (သူရဲ့ ပါစင်နယ် တွေ အဖြစ်သာ ရပ်တည်စေခဲ့ပါတယ်။)

အစ်ကို ကိုထင်ကျော်ဟာ ၂၀၀၉ ခုနှစ်၊ မေ၊ ၁၄ ရက်က အစ်မကို အင်းစိန် အကျဉ်းထောင်ကို ခေါ်ဆောင်သွားတော့ အိမ်နဲ့ ခြံကြီးအတွက် ဝေယျာဝစ္စမှန်သမျှကို အစ်မက ကိုနီ(ကွယ်လွန်)နဲ့ ကျုပ် (ကိုမြင့်စိုး)ကို တာဝန်ပေးပြီး သက်ဆိုင်ရာနဲ့ ပြောဖို့ ဆိုဖို့ အင်းစိန် ထောင်က အစ်မနဲ့ ထိတွေ့ဖို့ ကိုထင်ကျော်ကို တာဝန်ပေးပါတယ်။ ဒါကြောင့် အဲဒီအချိန်ကာလတုန်းက အိမ်ကြီးကို စောင့်ရှောက် နေရတဲ့ ကျုပ်တို့ကို အစ်ကို ကိုထင်ကျော်က လာလာတွေ့ခွင့်ရခဲ့ပါတယ်။ သက်ဆိုင်ရာက လာခွင့်ပြုပေးတာပါ။ အန်တီနီ (မိုးကုတ် ဒေါ်မေနှင်း ကြည်)လည်း နေ့စဉ်လာခွင့်ရခဲ့ပါတယ်။ နေ့လယ် ၁ နာရီဆို ပြန်ကြပါ တယ်။ **(ဒါတွေအားလုံးကို ဘယ်သူမှ မသိပါဘူး။ ကျုပ်လည်း အတျယ်ချုပ်လိုသဘောသွားနေရတာပါ။)**

အစ်မ အိမ်ပြင်ဆင်ခွင့်ကို သက်ဆိုင်ရာက ခွင့်မပြုဘဲ ပိတ်ပင် ထားတာ ကြာပါပြီ။ ထောင်ထဲရောက်တော့ အစ်မ စဉ်းစားမှာပေါ့။ သူမရှိစဉ် ပြင်ဆင်ရင် ရလိမ့်မယ် အတွေးနဲ့ သက်ဆိုင်ရာတင်ပြမှာပေါ့၊ ရခဲ့တယ်ဗျ။ အဲဒီမှာအစ်မက ကိုထင်ကျော်ကို တာဝန်ပေးလိုက်တယ်။ ကိုထင်ကျော်က ကျုပ်ကို လာပြောတယ်။ အဲဒီမှာ ဗိသုကာ အင်ဂျင်နီယာ ကိုခွန်သာမြင့်ကို ခေါ်လာပါတယ်။

ကျုပ်နဲ့ စကားပြောကြတယ်။ ကျုပ်ကပြင်မယ့် အပေါ်ထပ် နေရာတွေကို သော့ဖွင့်ပေး၊ အောက်ကအခန်းတွေ သော့ဖွင့်ပေးလိုက်ပြ နဲ့ သူတို့အတွက် အစားအသောက်တွေ ကျုပ်က စီစဉ်ပေးရတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အစ်မ အိမ်အပေါ် ထပ်ပုံစံတစ်မျိုး ပြောင်းလဲသွားတယ်။ အဲဒါတွေကို ကိုထင်ကျော်နဲ့ ကိုခွန်သာမြင့်တို့ လုပ်သွားတာပါပဲ။ အစ်မ အမှတ် (၅၄)၊ တက္ကသိုလ်ရိပ်သာလမ်းက အိမ်နဲ့ ပတ်သက်ရင် ကိုယ်စားလုပ်ဖို့ ကိုထင်ကျော်ကို တာဝန်ပေးထားတာဗျ။

အစ်ကို ကိုထင်ကျော်နဲ့ အစ်မ မစုစုလွင်က သီးခြား အလုပ် ကိုယ်စီနဲ့၊ ကားလည်းတစ်ယောက်တစ်စီးနဲ့၊ အစ်ကို ကိုထင်ကျော်က အရင်တုန်းကဆိုရင် မီးခိုးရောင် တောင်းအေ့စ်လေးတစ်စီးနဲ့ အစ်မနဲ့ ပတ်သက်တာတွေကို သူတစ်ယောက်တည်း လုပ်ပေးနေတာ။ နိုင်ငံရေးနဲ့ မပတ်သက်စေရဘူး။ (ဒါပေမဲ့ နိုင်ငံရေးခေါင်းဆောင်ရဲ့ အကူအညီ တောင်းတာတွေကို လုပ်ပေးနေတာ) အစ်မက ကိုယ့်အနားက လူတွေကို သီးသန့်တာဝန်တွေပေးပြီး ထမ်းဆောင်စေခဲ့တာ။ အစ်မမှာက အတွေ့ အကြုံတွေက များခဲ့ပြီလေ။ **'ထောက်လှမ်းရေးတွေက' ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၊ ၂၀ ရက်မှာ** ခြံကို ဝင်သိမ်းပြီး အစ်မနဲ့ကျုပ်တို့အုပ်စုတို ဖမ်းဆီးခဲ့ပါတယ်။ အစ်မကို နေအိမ်အကျယ်ချုပ် ပုဒ်မ-၁၀(ခ)နဲ့ ထားပြီး ကျုပ်တို့ကို ၁၀(က)နဲ့ အင်းစိန်ထောင်မှာ ထိန်းသိမ်းထားစဉ် ကာလက စပြီး လုံခြုံရေး အကြောင်းပြချက်နဲ့ အစ်မ ခြံထဲမှာ စခန်းချ တပ်စွဲ နေထိုင်နေတာ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ၊ ၈ ရက်အထိလေ။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လမှာ အစ်မ ခြံထဲက ထောက်လှမ်းရေးတွေကို ထွက်ခွာသွား ဖို့ နှင်ထုတ်ခဲ့တာဗျ။ ကျုပ်ကို သွားပြောခိုင်းတာလေ။ ခင်ဗျားတို့ မှတ်မိ ကြမှာပါ။

၁၉၉၈ ခုနှစ်၊ ဇူလိုင်လမှာ ဧရာဝတီတိုင်း ခရီးစဉ်သွားတာ လှိုင်သာယာမြို့နယ် ပဒန်ရွာနားက (ကြည်စုရွာ)မှာ ပိတ်ဆို့ထားတာ နှစ်ပတ်လောက် နေနေရတာလေ။ အဲဒီမှာ ထောက်လှမ်းရေးတွေက အစ်မကားထဲကို အကြမ်းဖက်ဝင်ရောက် ဖမ်းဆီးပြီး အစ်မကို ခြံထဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်လာတဲ့ဖြစ်စဉ်လေ။ အစ်မက ကားထဲမှာ အစာမစားဘဲ နေတော့ မြော့မြော့လေး ဖြစ်နေတယ်။ ကားကိုမောင်းယူလာတဲ့ ဗိုလ်မှူးနေစိုး (ထောက်လှမ်းရေး - ၁၂ တပ်မှူး၊ အစ်မရဲ့လုံခြုံရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယဗိုလ်မှူးကြီးနေစိုး(ငြိမ်း)၊ ဟိုတလောက သမ္မတအမိန့်နဲ့ လွတ်ငြိမ်းခွင့် နောက်ဆုံးအသုတ်မှာ ပြည် ထောင်မှ လွတ်လာသူ) ခေါင်းဆောင်တဲ့အဖွဲ့ဟာ အစ်မ အိမ်ပေါ်တီကိုအောက် ကားလည်းရပ်ရော အတင်းဆင်းပြီး ထွက်ပြေးကြတယ်။ ကားထဲက အစ်မကို ကျုပ်တို့က တွဲလည်းထုတ်ရော အစ်မက လေသံတိုးတိုးနဲ့ "ကိုမြင့်စိုး ဗိုလ်ကြီးသူရ (ဗိုလ်မှူးနေစိုး)ကို သွားပြော၊ အခုချက်ချင်း ခြံထဲက အားလုံးထွက်သွား။ အစ်မ ပြောခိုင်းတာလို့ပြော"လို့ ပြောဆိုခိုင်းပါတယ်။ ပြီးတော့ ဆက်ပြောတာက "ကိုမြင့်စိုး ခြင်ထောင်၊ ခေါင်းအုံး တွေပါ ယူပြီး အဲဒီမှာ သွားနေ"လို့ ပြောပါတယ်။

ကျုပ်လည်း ခြင်ထောင်၊ ခေါင်းအုံးတွေ ယူပြီးသွားတော့ အားလုံးက မီးတွေ ပိတ်ပြီး ငြိမ်နေကြတယ်။ အစ်မ စိတ်ဆိုးနေမှန်း သူတို့ကလည်း သိနေတယ်လေ။ ကိုသူရနဲ့တွေ့တော့ အစ်မ ပြောလိုက်တာတွေ သူ့ကို ပြောပြတာပေါ့။ ဗိုလ်ကြီးသူရက "ကိုမြင့်စိုးရေ. . . ကျွန်တော်တို့က အထက်က တာဝန်ပေးချက်အရ ဒီမှာလာပြီး စောင့်ရှောက်နေရတာပါ။ အထက်က အမိန့်မပေးဘဲနဲ့ ထွက်သွားလို့ မရပါဘူး။ ဒီနေ့ အဖြစ်အပျက်တွေကို အစ်မ စိတ်ဆိုးနေတာ နားလည်ပါတယ်။ ထွက်သွားလို့မရကြောင်း အစ်မကို ပြောပေးပါ"လို့ ပြောပါတယ်။ "ကျွန်တော် မနက်ကျမှ ပြောပြပေးပါမယ်။ အခုတော့ ဒီမှာ သွားအိပ်ရမယ်လို့ အစ်မက ပြောတယ်။ ဒါကြောင့် ဒီမှာ ကျွန်တော် အိပ်မယ်"ဆိုပြီး ပြောပြလိုက်ရပါတယ်။ "ရပါတယ်. . . ရပါတယ်. . . " လို့ သူက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ကျတော့ အစ်မကို သွားပြောပြပါတယ်။ နောက်နေ့တွေမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီး စကားပြောကြပါတယ်။ တစ်ပတ်လောက် ကြာပါတယ်။ နောက်ဆုံးတော့ ညှိနှိုင်းကြပြီး **ဩဂုတ်၊ ၈ ရက်** နောက်ဆုံးထားပြီး ထွက်ခွာမယ်လို့ အကြောင်းကြားလာပါတယ်။

**၁၉၉၈ ခုနှစ်၊ ဩဂုတ်၊ ၈ရက်** ည ၈ နာရီမှာ အားလုံးထွက်ခွာသွားကြပါတယ်။ ဗိုလ်ကြီးဇော်ထူးအောင် ခေါင်းဆောင်ပြီး ထွက်ခွာသွားကြတာပါ။ ဗိုလ်ကြီးဇော်ထူးအောင်က အစ်မကို လာရောက်နှုတ်ဆက်ပါတယ်။ ဒါပေမဲ့ ည ၁၂ နာရီ လောက်မှာ ခြံရှေ့မှာ မီးမောင်းတွေ ထွန်း၊ ခြံရှေ့က စည်းရိုးနဲ့ကပ်ပြီး ဝင်းတံခါးကြီးရဲ့ ဘယ်ညာမှာ သစ်ပင်တွေ အားချင်းလာစိုက်တာကို တွေ့ရပါတယ်။ မနက်ကျတော့ သစ်ပင်ကျွမ်းကျင်သူတွေကိုခေါ်ပြီး ဘာသစ်ပင်လည်းဆိုတာ မေးမြန်းကြည့်တော့ 'သော်ကပင်'တဲ့။ ကျုပ်တို့ကို သောကတွေ ပွားနေအောင်လို့ ယတြာချေတာပေါ့ဗျာ။ ကျုပ်တို့ကလည်း ဘယ်ရမလဲ ကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပြီး ခြံအတွင်းက ထောင့်တွေမှာ အုန်းသီးပင်ပေါက်တွေ ပြန်စိုက်တာပေါ့။ နောက်ပိုင်းမှာ ကျုပ်တို့ကလည်း မသိမသာနဲ့ ဆွဲနုတ်ပစ်တာပေါ့။ (သူတို့က ခြံထဲက ပြောင်းသွားပေမဲ့ ခြံမျက်စောင်းထိုးက၊ ဘဏ်ရိပ်သာထဲက ဘဏ်ဥက္ကဋ္ဌ နေတဲ့အိမ်မှာ ဘဏ်ဥက္ကဋ္ဌကို မထားတော့ဘဲ ထောက်လှမ်းရေးတွေက စခန်းချပြီး အစ်မ ခြံအတွက် တာဝန်ပြန်ယူနေတယ်ဗျ)

ဒါပေမဲ့ အပင်တွေကို ကျုပ်တို့က မသိမသာ နုတ်သွားတော့ ကုန်ပေမဲ့ တံခါးတည့်တည့် ခြံရှေ့ပလက်ဖောင်းဘေးမှာ အပင်လေး တစ်ပင်က ရှင်သန်နေခဲ့တာ အမှတ်တမဲ့ပဲဗျ။ ကျုပ်ကလည်း နေ့စဉ်သွားပို့နေတော့ လူတစ်ရပ်ကျော်ရှိနေပြီ။ အမှတ်တမဲ့ပါပဲ။ ၂၀၁၀ မှာ အစ်မ ပြန်လွတ်လာတဲ့အထိ ရှိနေခဲ့တယ်။ ခြံစည်းရိုးအသစ်၊ တံခါး

www.burmeseclassic.com

www.burmeseclassic.com



အသစ်လုပ်တော့၊ ခြံရှေ့မှာ မြက်ခင်းလေးလုပ်တော့ အဲဒီအပင် ခုတ်လှဲပစ်လိုက်တယ်။ အဲဒီအပင်လည်း ခုတ်လှဲလိုက်ရော ခြံထဲမှာ ဘာသောကမှ မရှိတော့ဘူး။ အံ့ဩစရာပါ။ အစ်မကို နည်းမျိုးစုံနဲ့ကို လုပ်ခဲ့ကြတာပါ။

အဲဒီလို ထောက်လှမ်းရေးတွေ မျက်စိဒေါက်ထောက် ကြည့်နေကြလို့ အစ်မက ကိုထင်ကျော်ကို ထောက်လှမ်းရေးလက် မပါရအောင် သီးသန့်တာဝန်တွေ ထမ်းဆောင်စေခဲ့တာပါ။ (အဲဒါကို ဘယ်သူမှ မသိပါဘူး) ကိုထင်ကျော်ရဲ့ တောင်းအေ့စ်ကားလေးကို အစ်မက အရေးပေါ်သုံးရတဲ့အခါ တွေ့ရှိခဲ့ပါတယ်။ အဲဒီအခါကျ ထောက်လှမ်းရေးက ခေါ်ယူပြီး မေးတာမြန်းတာတွေ ပြုလုပ်လေ့ရှိပါတယ်။ အစ်မ ခိုင်းရင်တော့ ကိုထင်ကျော်က လုပ်ပေးမှာပဲ။ မကြောက်ဘူး၊ ပြန်ပြောစရာရှိ ပြန်ပြောတာပဲ။ ကိုထင်ကျော်ကို တစ်ခါတလေကျ နှစ်လ သုံးလကြာ ခေါ်သွားခြင်း ခံရပါတယ်။ ပြီးတော့ ပြန်လွှတ်ပေးပါတယ်။

အစ်မကို ဒလဘက်ကမ်းမှာ ပိတ်ဆို့ထားတာ ခင်ဗျားတို့ သိမှာပါ။ အစ်မကားကို ပန်းဆိုးတန်းဆိပ်ကမ်း တံတားဘေးမှာ ရပ်ထားခဲ့တယ်။ ကျုပ်ရယ်၊ ကားမောင်းတဲ့သူရယ်၊ အဖော်တစ်ယောက်ရယ်က ကားနဲ့အတူ ရှိနေရတယ်။ အစ်မ ပြန်မလာမချင်း ကားနဲ့စောင့်နေရတယ်။ နေ့ရော ညရော ဆိုပါတော့။ အစ်ကို ကိုထင်ကျော်ကလည်း သူ့တောင်းအေ့စ်ကားလေးနဲ့ နေ့စဉ်လာပြီး ကျုပ်တို့နဲ့အတူ နေပေးတယ်။ ထမင်း၊ မုန့်ပဲသရေစာ ဒိုင်ခံဝယ်ကျွေးတယ်။ ည ၈ နာရီမှ ပြန်တယ်။ နောက်တစ်နေ့မနက်ဆို ပုံမှန်လာတယ်။

**၁၉၉၉ ခုနှစ်၊ မတ်လ၊ ၂၇ ရက်**နေ့မှာ အစ်ကို မိုက်ကယ် ဆုံးတော့ နာရေး အသုဘ အိမ်မှာ လုပ်တယ်။ အစ်ကို ကိုထင်ကျော်ရယ်၊ အစ်ကို ကိုမြင့်ဆွေ(တင်ဆွေမိုး)တို့ရယ်က ဦးစီးပြီး လုပ်ကြတာပါ။ ပန်းဖလက်လုပ်တာ၊ ဓာတ်ပုံပြပွဲတွေ လုပ်ခဲ့တာကတော့ အားကိုးတရပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို မိုက်ကယ်က ဗုဒ္ဓဘာသာဝင်လေ။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း ထူထောင်တော့. . . အစ်ကို ကိုထင်ကျော်နဲ့ အစ်မ ဒေါ်ဥမ္မာမိုးမြင့်တို့ကို တာဝန်ပေးပါတယ်။ သူတို့ ဦးစီးပြီးလုပ်တာ အောင်မြင်နေပါတယ်။ အစ်ကို ကိုထင်ကျော်ဟာ အစ်မရဲ့ နိုင်ငံရေး ခရီးလမ်းမှာ အကောင်းမွန်ဆုံး၊ အရိုးသားဆုံး မိတ်ဆွေ တစ်ဦးပါ၊ အဖော်တစ်ဦးပါ။ ရဲဘော်ရဲဘက် တစ်ဦးပါ။ ထိုက်တန်တဲ့ နေရာ တစ်ခုခုတော့ ပေးရပါမယ်။ နိုင်ငံရေးသမားတွေ၊ ဒီမိုကရေစီရေး လှုပ်ရှားသူတွေဆို မလိုလားတဲ့ နက္ခတ်နဲ့ ဝေဒပညာရှင် စီအီးအို တစ်ယောက်တာ ဟောပြောထားတယ်လေ။ နောက်တက်မယ့်သမ္မတဟာ စနေသား ဖြစ်ရမယ်တဲ့။ စာရေးဆရာ 'ဒလဘန်း'က စနေသားပါ၊ မွန်လူမျိုးလေ။



**အစ်မ၏ နိုင်ငံရေး ခရီးလမ်းမှ အကောင်းမွန် အရိုးသားဆုံး မိတ်ဆွေများ**

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတဲ့၊ ပြည်ထောင်စုမပြိုကွဲရေးတဲ့၊ အပြောနဲ့ဟန်ပြလုပ်နေကြတာ။ ကျုပ် အစ်မက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရော၊ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးရော လုပ်ဆောင်ဖို့အတွက် မွန်လူမျိုး သမ္မတ၊ ချင်းလူမျိုး ဒုတိယသမ္မတ၊ ကရင်လူမျိုး ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ၊ ရခိုင်လူမျိုး ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌတွေအဖြစ် ရွေးချယ်တာဝန်ပေးတာဟာ ရည်ရွယ်ချက်နဲ့လေ။ ပင်လုံစိတ်ဓာတ်ဗျ။ ဘယ်သူ လုပ်ခဲ့ဖူးလဲပြော။

မြန်မာနိုင်ငံမှာ လူထုသမ္မတဆိုတာ တစ်ခါမှ မပေါ်ပေါက်ခဲ့သေးပါဘူး။ တိုင်းပြည်ရဲ့ ဂုဏ်ထူးဆောင်သမ္မတသုံးယောက်ပဲ ရှိခဲ့ဖူးပါတယ်။ အဲဒီနောက် နှစ် ၅၀ ကျော်အတွင်းမှာ အာဏာရှင် သမ္မတ၊ အာဏာရှင်က ရွေးလိုက်တဲ့ သမ္မတ၊ ၁၈ ရက် သမ္မတ၊ တစ်လကျော် သမ္မတ၊ အာဏာရှင်တပည့် သမ္မတ၊ လူတစ်စု အကျိုးဆောင် သမ္မတများသာ ပေါ်ပေါက်ခဲ့ပါတယ်။

**လူထု သမ္မတဆိုတာ အခုမှ ပေါ်ပေါက်လာတော့မှာပါ။ ကျုပ် အစ်မ လူထုခေါင်းဆောင်ရွေးပေးတဲ့ လူထုသမ္မတ စစ်စစ် ပေါ်ပေါက်လာပါပြီဗျာ။**

**စံတော်ချိန် နေ့စဉ်သတင်းစာ**
**၁၆၊ ၃၊ ၂၀၁၆**

www.burmeseclassic.com

www.burmeseclassic.com



# ဦးထင်ကျော် (သို့မဟုတ်) ပြည်သူထဲက ပြည်သူ ခေါင်းဆောင်ထဲက ခေါင်းဆောင်

တို၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သမ္မတလောင်းအဖြစ်တင်ဖို့ စဉ်စားနေကြသူတွေထဲမှာ ဦးထင်ကျော် ပါတယ်လို့ သတင်းတွေထွက်လာတော့ ဝမ်းသာရသလို ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်နိုင်ခဲ့ရင်ဆိုတဲ့ အတွေးရဲ့ဖိစီးမှုကြောင့် ပူပန်နေရတဲ့စိတ်တွေ အထိုက်အလျောက်တော့ ပြေလျော့သွားရပါတယ်။ ဒီနေရာမှာ ဝမ်းသာရတယ်ဆိုတဲ့ စကားလုံးကို ရှင်းပြဖို့ လိုလာပါတယ်။ ဝမ်းသာရတယ်ဆိုတာက ဦးထင်ကျော်ဟာ ကိုယ်နဲ့သိကျွမ်းတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ပါ။ ဦးထင်ကျော်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အန်ကယ်ဦးလွင်ရဲ့ သမက်ဖြစ်သလို အန်ကယ်ဦးလွင်နဲ့ ခြံဝင်းတစ်ဝင်းထဲမှာ အတူနေတာပါ။ အန်ကယ်ဦးလွင်တို့ ခြံနဲ့ကပ်လျက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးချစ်ခိုင်ရဲ့ ခြံပါ။ ဦးကြီးဖြစ်တဲ့ ဦးချစ်ခိုင်ဆီ ဝင်ထွက်သွားလာရင်း ဦးထင်ကျော်နဲ့ အကြောင်းအားလျော်စွာ တွေ့ဖြစ်

www.burmeseclassic.com



ဆုံဖြစ်ပါတယ်။ သာမန် အာလာပသလ္လာပ စကားတွေမို့လို့ အခုအချိန် ပြန်စဉ်းစားကြည့်တော့ ဝေဝေဝါးဝါးပဲ။



## သမ္မတကြီးဦးထင်ကျော်ရဲ့ နွေးထွေးတဲ့ အပြုံး

ဒါပေမဲ့ ဦးထင်ကျော်နဲ့ ပတ်သက်ပြီး စိတ်ထဲမှာ စွဲနေတာ ကတော့ ရှိပါတယ်။ ဘယ်တော့မဆို တွေ့ရတိုင်း နွေးထွေးရတဲ့ ဦးထင်ကျော်ရဲ့ အပြုံးပါ။ မာန်မာနမရှိဘူးဆိုတာက ဦးထင်ကျော်နဲ့ တွေ့တဲ့အခါတိုင်း အလိုလိုဖြစ်လာတဲ့ ခံစားချက်ပါ။ ရိုးသားမှုဆိုတာက လည်း ဦးထင်ကျော်ရဲ့ မျက်နှာပေါ်မှာ ရှာကြည့်စရာမလိုဘဲ အလိုလို ပေါ်နေတာပါ။ တွေ့ရတိုင်း စိတ်ချမ်းသာရတဲ့ ပုဂ္ဂိုလ်ကို ပြပါဆို ဦးထင်ကျော်ကိုပဲ ရွေးမိမှာပါ။

ဦးထင်ကျော်ဟာ နိုင်ငံရေးနယ်ပယ်မှာ ရှေ့တန်းထွက်ပြီး လှုပ်ရှားဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်မဟုတ်ပေမဲ့ နိုင်ငံရေးနယ်ပယ်ရဲ့ ပြင်ပ က ပုဂ္ဂိုလ်တော့ မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်က ယုံကြည် စိတ်ချရတဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ မြန်မာ့ နိုင်ငံရေး အပြောင်းအလဲ ဖြစ်ရပ်တွေနဲ့ မပြတ်ထိတွေ့နေတဲ့ ပုဂ္ဂိုလ်ပါ။ ဒါပေမဲ့ စိုးရိမ်ကြတဲ့သူတွေ

www.burmeseclassic.com



ဒါမှ မဟုတ်လည်း ဝေဖန်လိုသူတွေကတော့ နိုင်ငံရေးနယ်ပယ်မှာ ဖြတ်သန်းရုန်းကန်ခဲ့တဲ့ အတွေ့အကြုံမရှိဘဲနဲ့ နိုင်ငံတော်သမ္မတ တာဝန်ကို ထမ်းဆောင်နိုင်ပါ့မလားလို့ မေးခွန်းထုတ်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က "အစိုးရအဖွဲ့အထက်မှာ သူနေမယ်"လို့ ပြောကြားတော့ ဦးထင်ကျော်ကတော့ 'ရုပ်သေးသမ္မတပါပဲတွား'လို့ ခနဲ့ တဲ့တဲ့ ဝေဖန်ကြသူတွေလည်း ရှိပါတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်း စုကြည်ဟာ ဘယ်လိုခေါင်းဆောင်မျိုးလည်းဆိုတာ ပြန်သုံးသပ်ကြည့် ဖို့ လိုလာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က. . .

"တိုင်းပြည်နဲ့ လူမျိုးအရေးသည်သာ နံပါတ်(၁)

သူ့ဘဝ သူ့မိသားစု ကုန်ကုန်ပြောရရင် သူ့အသက်တောင်

နံပါတ်(၂)"

ဆိုတဲ့ ယုံကြည်ချက်ကို ဆုပ်ကိုင်ပြီး ပြင်းပြတဲ့သန္နိဋ္ဌာန်နဲ့ တိုင်းပြည်ရဲ့ ဒီမိုကရေစီရေးအတွက် ရုန်းကန်ခေါင်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ် ပါ။ ပြောရရင် တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးရဲ့ နှလုံးသားထဲမှာ နေရာယူဖို့ဆိုတာ အချောင်သမားစိတ်ဓာတ်ကို အရင်းပြုပြီး ပဥ္စလက် နိုင်ငံရေးအတတ်ပညာတွေနဲ့ ဖန်တီးလို့ မရပါဘူး။ လူထုကို အမှန် တကယ် မြတ်နိုးတန်ဖိုးထားမှ လူထုရဲ့နှလုံးသားထဲ နေရာယူနိုင်မှာပါ။ ဒါကလည်း သဘာဝကျတဲ့ လောကနိယာမပါ။ လူထုကို ယုံကြည်တန်ဖိုး ထားတဲ့ လူထုခေါင်းဆောင်ဟာ လူထုကရွေးချယ်တင်မြှောက်လိုက်တဲ့ နိုင်ငံတော်သမ္မတကို မရိုမသေ မလေးမစား လုပ်စရာအကြောင်း မရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုက ရွေးချယ်တင်မြှောက် လိုက်တဲ့ လွှတ်တော်အသီးသီးရဲ့ အစိုးရယန္တရား အရပ်ရပ်ကို မရိုမသေ မခန့်လေးစား လုပ်စရာအကြောင်း လုံးဝ . . . လုံးဝ မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့"အစိုးရအဖွဲ့အထက်မှာနေမယ်"ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားဟာ ဘယ်လို အဓိပ္ပာယ်နဲ့ ပြောခဲ့တာလဲ။ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ ခေါင်းဆောင်ပုဂ္ဂိုလ်အပေါ် ယုံကြည်အားကိုးမှုနဲ့ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တောင်ပြိုကမ်းပြို နိုင်အောင် ဆန္ဒမဲပေးရွေးချယ်လိုက်တာက မငြင်းနိုင်တဲ့ အမှန်တရားပါ။ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးရဲ့ ဒီလို ယုံကြည်အားကိုးမှုကို ဒေါ်အောင်ဆန်းစုကြည်က တာဝန်ခံရမှာပါ။ တာဝန်ခံတယ်ဆိုတဲ့ အဓိပ္ပာယ်က ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်တွေ ဖြည့်ဆည်းပေးရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်တွေ ဖြည့်ဆည်းပေးဖို့ဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ကဏ္ဍအသီးသီးအလိုက် မူဝါဒတွေကို ဒေါ်အောင်ဆန်းကြည်က ချမှတ်ပေးရပါမယ်။ ဒေါ်အောင်ဆန်းစုကြည်က မူဝါဒတွေကို ချမှတ်ပေးမယ်ဆိုပေမဲ့ ဒီမူဝါဒတွေဟာ မိုးကောင်းကင်ပေါ်ကနေ ဒေါ်အောင်ဆန်းစုကြည်ခေါင်းထဲ ခုန်ဆင်းဝင်ရောက်လာတာမျိုး မဟုတ်ပါဘူး။ စစ်အစိုးရရဲ့ ပြင်းထန်တဲ့ ဖိနှိပ်မှုအောက်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနဲ့ လက်တွဲပြီး အံကြိတ်ရုန်းကန်ရင်း တစ်စပြီးတစ်စ၊ တစ်ဆင့်ပြီးတစ်ဆင့် ပုံဖော်ထု ဆစ်ခဲ့တဲ့ မူဝါဒတွေပါ။ ပြည်သူ့လိုလားချက်တွေကို အခြေခံထားတဲ့ မူဝါဒတွေပါ။ ပညာရှင်တွေရဲ့ အကြံဉာဏ်တွေကို သုံးသပ်၊ ရဲဘော်ရဲဘက်တွေနဲ့ ညှိနှိုင်းပြီး ထွက်ပေါ်လာတဲ့ မူဝါဒတွေပါ။ ပြောရရင် ဒီမူဝါဒတွေဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဒီမိုကရေစီလှုပ်ရှားရုန်းကန်မှုက မွေးဖွားပေးလိုက်တဲ့ မူဝါဒတွေပါ။ ဒီလို မူဝါဒတွေကို လွှတ်တော်အသီးသီးက အလေးအနက်ထား သုံးသပ်ပြဋ္ဌာန်းပေးဖို့ ဝန်လေးမှာ မဟုတ်သလို လွှတ်တော်အသီးသီးရဲ့ ဆုံးဖြတ်ချက်တွေနဲ့အညီ အစိုးရယန္တရား အရပ်ရပ်ကလည်း လက်တွေ့ အကောင်

www.burmeseclassic.com



အထည်ဖော်ဖို့ လက်တွန့်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်သမ္မတ ဆိုတာ လွှတ်တော်အသီးသီးနဲ့ အစိုးရယန္တရား အရပ်ရပ် အပါအဝင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုရတဲ့ပုဂ္ဂိုလ်ဖြစ်လို့ ဒီလိုမူဝါဒတွေကို လိုက်နာရတာဟာ ဂုဏ်ငယ်စရာကိစ္စ မဟုတ်ပါဘူး။

ပွင့်ပွင့်လင်းလင်း ပြောရရင် ဦးထင်ကျော် သမ္မတဖြစ်လာတာဟာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကန့်သတ်ချက်ကြောင့် ဒေါ်အောင်ဆန်း စုကြည် သမ္မတ မဖြစ်နိုင်လို့ ဒေါ်အောင်ဆန်းစုကြည်က သူ ယုံကြည် စိတ်ချတဲ့ ပုဂ္ဂိုလ်ကို သမ္မတအဖြစ် ရွေးချယ်ပေးဖို့ အဆိုပြုလို့ ဖြစ်လာခဲ့ တာပါ။ ဒေါ်အောင်ဆန်းစုကြည်လို ခေါင်းဆောင်မျိုးက ယုံကြည်စိတ်ချရ တယ်ဆိုတဲ့ ဂုဏ်ပုဒ်ဟာ အကြောင်းမဲ့ အလိုလိုဖြစ်ပေါ်လာနိုင်တဲ့ ဂုဏ်ပုဒ် မျိုး မဟုတ်ပါဘူး။ အကြောင်းမဲ့ မဟုတ်ဘူးဆိုတာကို အခု ပြောပါ့မယ်။ ဦးထင်ကျော်ဟာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်၊ ပြည်သူ့အတိဒုက္ခတွေ ကို လျစ်လျူရှုပစ်ပယ်ထားမယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး။ ဦးထင်ကျော် ဟာ ဘဝမှာ သက်သောင့်သက်သာ စိတ်အေး လက်အေး အန္တရာယ် ကင်းကင်းနေမယ်ဆို နေနိုင်တဲ့ ပုဂ္ဂိုလ်မျိုးပါ။ ဒါပေမဲ့ နိုင်ငံရေးနယ်ပယ် ထဲ ပါဝင်ပတ်သက်ဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့ပါတယ်။ အောင်ပွဲဆိုတာ ကြည့်လေရာ မမြင်ရတဲ့ ပိန်းပိန်းပိတ် မှောင်နေတဲ့ အဖိနှိပ်အခံရဆုံး ကာလတွေမှာ နိုင်ငံရေးနယ်ပယ်ထဲ ပါဝင်ပတ်သက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဦးထင်ကျော်ဟာ နိုင်ငံရေးအာဏာဆုပ်ကိုင်နိုင်ဖို့ ပုဂ္ဂိုလ်ရေး ကျော်ဇောမှု ထူထောင်နိုင်ဖို့ ဆရာမွေး တပည့်မွေးပြီး အုပ်စုဖွဲ့ ဂိုဏ်းဂဏ ထူထောင် မယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး။ ဦးထင်ကျော်ဟာ အလိုလိုက် အကြိုက် ဆောင်မယ့် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို လက်သပ်မွေးပြီး အဆော မသတ်နိုင်တဲ့ လောဘတရားနောက်ကို လိုက်မယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါ ဘူး။ ဦးထင်ကျော်ဟာ "ဟေ့ . . . ငါပြောတာ အမှန်၊ အခွန့်မတက်နဲ့"

www.burmeseclassic.com





**ဘေးဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရသည့် ပြည်သူများကို ကူညီရန်အတွက် ရွှံ့ဗွက်မရှောင် သွားလာခဲ့သည့် ဦးထင်ကျော်**

လို့ ပြောဆိုအာဏာပြမယ့် ပုဂ္ဂိုလ်မျိုး မဟုတ်ပါဘူး။ ဦးထင်ကျော်ဟာ "ကမ္ဘာကြီး ဘယ်လိုပြောင်းပြောင်း၊ ဘယ်လိုပြောပြော ငါ့နိုင်ငံ ငါ လုပ်ချင်သလို လုပ်မယ်" ဆိုတဲ့ ခေါင်းဆောင်မျိုး မဟုတ်ပါဘူး။ ဦးထင်ကျော်ဟာ "ပညာရှင်ဆိုတာ ငါ့ ခိုင်းဖတ်ပဲ" လို့ တွေးမြင်ယူဆမယ့် ခေါင်းဆောင်မျိုးလည်း မဟုတ်ပါဘူး။ တိုင်းပြည်ဂုဏ်ဆောင် ကဝိစာဆိုကြီး မင်းသုဝဏ်ရဲ့ သားဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း ပညာရှင်တစ်ယောက်ဖြစ်တဲ့ ဦးထင်ကျော်ဟာ ပညာရှင်တွေကို မရိုမသေ၊ မလေးမစား လုပ်စရာ အကြောင်း မရှိပါဘူး။ ရွှံ့ဗွက်ပေနေတဲ့ ခြေတစ်စုံနဲ့ သမ္ဗာန်ပေါ်မှာ ငေးမောနေတဲ့ ဦးထင်ကျော်ရဲ့ ပုံရိပ်ဟာ ပြည်သူတွေနဲ့ တစ်သားတည်း ဆိုတာ လှစ်ဟပြနေပါတယ်။ ပြောမယ်ဆိုရင် ဦးထင်ကျော်ဟာ. . .

"ပြည်သူထဲကပြည်သူ၊ ခေါင်းဆောင်ထဲက ခေါင်းဆောင်"ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



# သမ္မတရာထူး သူ့ဆီလာသူ (သို့မဟုတ်) အန်ကယ်ဦးထင်ကျော်

ပြည်သွေးနိုင်

"သမ္မတရာထူးဆီ သူ မသွားဘူး။ သမ္မတရာထူးက သူ့ဆီလာတာပါ" တဲ့။ အန်ကယ်ဦးထင်ကျော်နဲ့ ပတ်သက်ပြီး ကျွန်တော့်မိတ်ဆွေတစ်ဦး သူ့ရဲ့ဖေ့စ်ဘွတ်ခ် စာမျက်နှာမှာ ရေးထားတဲ့ စာသားလေးပါ။ ဟုတ်လည်း ဟုတ်ပါတယ်။ အန်ကယ် ဦးထင်ကျော်ရဲ့ ပင်ကို စရိုက်ကိုက ခပ်အေးအေး နေတတ်သူပါ။ စကားပြောရင်လည်း ဖြည်းဖြည်းအေးအေးနဲ့ ညင်ညင်သာသာ ပြောလေ့ရှိပါတယ်။ စကားတစ်ခွန်း ပြောဖို့လည်း အင်မတန် ချိန်ဆလေ့ရှိပါတယ်။ ငါ ဒီစကားကို ပြောလိုက်ရင် တစ်ဖက်သားအတွက် အဆင်ပြေပါ့မလား။ ဘဝင်မကျစရာများ ဖြစ်သွားလေမလား။ တစ်ခုံခုများ ထိခိုက်နစ်နာသွားမလား စသဖြင့် သေချာတွေးဆပြီးမှ ပြောတတ်တဲ့သူမျိုးပါ။ ကဗျာဆရာကြီး၊ မြန်မာစာဆိုကြီးရဲ့သား ပညာတတ်တစ်ဦး ဖြစ်တဲ့ အန်ကယ်ရဲ့ စိတ်နှလုံးသားက နူးညံ့သိမ်မွေ့လွန်းသူ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ထူးခြားတာက အန်ကယ်နဲ့ ကျွန်တော်တို့ သိကျွမ်းခင်မင်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၂၀ ကျော်အတွင်းမှာ အန်ကယ် စိတ်ဆိုးတာ၊ စိတ်တိုတာ၊ ဒေါသထွက်နေတာ တစ်ခါမှ မကြုံခဲ့ဖူးခြင်းပါပဲ။ အဲဒီလို ပုဂ္ဂိုလ်မျိုးဆီ နိုင်ငံတော်သမ္မတဆိုတဲ့ ရာထူးကြီးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လို့ လာခဲ့ပါပြီ။

၂၀၀၄ ခုနှစ်မှာ အဖွဲ့ချုပ် အင်န်အယ်လ်ဒီ တာဝန်တွေကနေ ကျွန်တော် အနားယူပါတယ်။ တာဝန်တွေက အနားယူပြီးနောက် အန်ကယ် ဦးထင်ကျော်နဲ့ သိပ်မတွေ့ဖြစ်ပါဘူး။ အနားမယူခင်ကတော့ အန်ကယ်နဲ့ မကြာခဏ တွေ့လေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အန်ကယ်က အင်န်အယ်လ်ဒီဌာနချုပ်ကို နေ့တိုင်းနီး ပါးလာလေ့ရှိ ပါတယ်။ ယောက္ခမဖြစ်သူ ဘဘဦးလွင်ကို လိုက်ပို့ လာကြိုရသူဆိုတော့ အေးအေးဆေးဆေး စကားမပြောဖြစ်တောင် တစ်ပတ်နှစ်ကြိမ်၊ သုံးကြိမ်လောက်တော့ တွေ့ဖြစ်၊ ဆုံဖြစ်နေတာပါ။ အဲဒီလိုနဲ့ ၂၀၀၆ နှစ်ဆန်းပိုင်း တစ်မနက်မှာတော့ ပုလဲကွန်ဒိုဝင်းထဲက Asia Light စတိုးဆိုင်ရှေ့မှာ အမှတ်မထင် အန်ကယ် ဦးထင်ကျော်နဲ့ ဆုံကြပါတယ်။ နှုတ်ဆက်စကားဆို၊ အာလာပသလ္လာပဆိုကြရင်း ကျွန်တော် ချယ်ရီ မဂ္ဂဇင်းမှာ အယ်ဒီတာ လုပ်နေကြောင်း ပြောဖြစ်ပါတယ်။ အန်ကယ်က လည်း အဘရဲ့ စာရွက်စာတမ်းတွေ ကမာရွတ်အိမ်က သယ်လာပြီး စနစ်တကျဖြစ်အောင် လေ့လာဖတ်ရှုသိမ်းဆည်းနေတယ်လို့ ပြောပါ တယ်။ အဘဆိုတာကတော့ အန်ကယ်က သူ့ဖခင်ဖြစ်တဲ့ ဆရာကြီး မင်းသုဝဏ်ကို ခေါ်တာပါ။

အန်ကယ့်ဆီက ကြားရတဲ့သတင်းက အယ်ဒီတာ ဖြစ်တဲ့ ကျွန်တော့်အတွက်တော့ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလိုပါပဲ။ အန်ကယ့်အနေနဲ့ ကျွန်တော့်ရဲ့ ချယ်ရီမဂ္ဂဇင်းမှာ ဆရာကြီးမင်းသုဝဏ်ရဲ့ စာတွေ၊ မှတ်တမ်းတွေနဲ့ ပတ်သက်ပြီး ဆောင်းပါးရေးပေးပါလို့

www.burmeseclassic.com



တောင်းဆိုလိုက်ပါတယ်။ အန်ကယ်ကလည်း သူ ကြိုးစားရေးကြည့်မယ်လို့ ကတိပေးသွားပါတယ်။ အဲဒီလိုနဲ့ "ဆရာမင်းသုဝဏ်၏ အထီးကျန် ကဗျာ တစ်ပုဒ်"ဆိုတဲ့ ခေါင်းစဉ်နဲ့ အန်ကယ်ရဲ့ဆောင်းပါးကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လထုတ် ချယ်ရီမဂ္ဂဇင်းမှာ စတင်ဖော်ပြခဲ့ပါတယ်။ ကလောင် အမည်က 'ဒလဘန်း'။ ပထမဆုံး စာမူပေးရင်းနဲ့ ဒလဘန်းလို့ ကလောင် အမည် ပေးဖြစ်ပုံကို ရှင်းပြပါတယ်။ ဖခင်ဖြစ်သူ ဆရာကြီးမင်းသုဝဏ် က အန်ကယ်ရဲ့ ရက်ချုပ်ဇာတာမှာ 'ဒလဘန်း'လို့ အမည်ပေးခဲ့တာကို ကလောင်အမည်ယူခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီနောက်ပိုင်းတော့ ကျွန်တော်တို့ မကြာခဏ တွေ့ဖြစ်ပါတယ်။ စာမူပေးတဲ့ အချိန်၊ မဂ္ဂဇင်း ထွက်တဲ့ အချိန်တွေမှာ အန်ကယ်နဲ့ ပုံမှန်တွေ့ဖြစ်ပါတယ်။ အန်ကယ်က တိကျသေချာ သူ ဆိုတော့ သူ ရေးတဲ့ ဆောင်းပါး Proof ကို သူ ကိုယ်တိုင် ဖတ်ပေးလေ့ရှိပါတယ်။ အဲဒီလိုနဲ့ ၂၀၀၉ ခုနှစ်မှာတော့ အန်ကယ် ချယ်ရီ မဂ္ဂဇင်းမှာ လစဉ်ရေးသားခဲ့တဲ့ ဆရာကြီးမင်းသုဝဏ်အကြောင်း ဆောင်းပါး များကို စုစည်းပြီး 'အဘ ဘဝ၊ အဘအကြောင်း တစေ့တစောင်း'ဆိုတဲ့ အမည်နဲ့ လုံးချင်းစာအုပ်တစ်အုပ် ထုတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ခေတ်ပြတိုက်စာပေက ထုတ်ဝေခဲ့တာပါ။ အမှတ်တရ ဖြစ်ရတာကတော့ 'အဘ ဘဝ၊ အဘအကြောင်း တစေ့တစောင်း'စာအုပ်ဟာ ခေတ်ပြတိုက် စာပေရဲ့ ပထမဆုံး ထုတ်ဝေတဲ့ စာအုပ်ဖြစ်သလို အန်ကယ့်အတွက် လည်း ပထမဆုံးစာအုပ်ဖြစ်ခဲ့တာပါ။ ခေတ်ပြတိုက်ရဲ့ ပထမဆုံး စာအုပ် ဆိုတော့ အတွေ့အကြုံနုနယ်သူတို့ ထုံးစံအတိုင်း ချို့ယွင်းချက်တချို့ ရှိခဲ့ပါတယ်။ အင်မတန် စေ့စပ်သေချာတဲ့ အန်ကယ့် အနေနဲ့ ချို့ယွင်းချက် တွေကို နားလည်လက်ခံပေးခဲ့တဲ့အတွက် ကျေးဇူးတင်ခဲ့ရပါတယ်။

နောက်ထပ် အန်ကယ့်ကျေးဇူး ရှိပါသေးတယ်။ အဲဒါကတော့ ၂၀၁၀ ပြည့်နှစ်ကပါ။ အန်တီစု ဦးဆောင်တဲ့ မန္တလေးခရီးစဉ်မှာ

www.burmeseclassic.com

www.burmeseclassic.com




ပါဝင်တဲ့ ကျွန်တော်တို့ကို ရန်ကုန်ဘူတာကြီးမှာ အကြမ်းဖက် ဖမ်းဆီးပြီး အင်းစိန်ထောင်(သီးသန့်)မှာ ဖမ်းဆီး ထိန်းသိမ်းခံထားရစဉ်ကပါ။ အင်းစိန်ထောင်(သီးသန့်) အဆောင် (၁)ရဲ့ အောက်ထပ်၊ နောက်ဘက် ခြမ်းမှာ အန်ကယ် အပါအဝင် ကျွန်တော်တို့ အင်န်အယ်လ်ဒီလူငယ် ခုနစ်ယောက် စုစုပေါင်းရှစ်ယောက် ထိန်းသိမ်းခံရပါတယ်။ ထုံးစံအတိုင်း အထိန်းသိမ်းခံဘဝဆိုတော့ ထောင်ဝင်စာ မရပါဘူး။ (ပြစ်ဒဏ်ချမှတ်ပြီး ထောင်ကျမှသာ မိသားစုက နှစ်ပတ်တစ်ကြိမ် ထောင်ဝင်စာတွေ့ခွင့် ရှိပါတယ်။) တစ်လလောက် နိုင်ငံတော်ထမင်းနဲ့ နှစ်ပါးသွားနေရချိန်၊ မနက်ပဲဟင်း၊ ညတာလပေါဟင်းနဲ့ လွေးနေရချိန်မှာ ထောင်ဝင်စာ ပထမဆုံးရသူက အန်ကယ်ဦးထင်ကျော် ဖြစ်ပါတယ်။ ထောင်ဝင်စာ ဆိုပေမဲ့ လူချင်းမတွေ့ရပါဘူး။ ပါဆယ်ပို့ခွင့်ရခြင်းသာ ဖြစ်ပါတယ်။ အန်တီစုစုလွင် ပို့လိုက်တဲ့ ထောင်ဝင်စာက အတော်ကလေးများပါတယ်။ အန်ကယ်တစ်ယောက်တည်းအတွက်တင် ရည်ရွယ်တာ ဟုတ်ပုံမရပါဘူး။ တခြားလူတွေအတွက်ပါ ရည်ရွယ်ပို့ပုံရပါတယ်။ နောက်တစ်ခုရှိတာက နောက်တစ်ကြိမ်ပို့ခွင့်ရ၊ မရ ဆိုတာလည်း မသေချာတော့ များများပို့ လိုက်ပုံရပါတယ်။ အံ့ဩစရာကောင်းတာကတော့ ရေချိုးဆင်းချိန်မှာ အန်ကယ်ဦးထင်ကျော်က သူ့အခန်းထဲက ပါဆယ်ရထားတဲ့ အစားအစာ တွေ အားလုံးကို အခန်းချင်းကပ်လျက်မှာရှိတဲ့ ကိုသိန်းလွင် (သာကေတ) ရဲ့ အခန်းထဲပို့လိုက်ပြီး အညီအမျှ ခွဲဝေခိုင်းပါတယ်။ သူလည်း ဝေစု တစ်စုသာယူပြီး ကျွန်တော်တို့ လူငယ်အားလုံးကို အညီအမျှခွဲဝေပေး ပါတယ်။ အကျဉ်းအကျပ်ထဲ ငတ်ပြတ်နေချိန်မှာ လူကြီးပီသစွာ ရဲဘော် ရဲဘက်စိတ် အပြည့်ရှိတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် အန်ကယ့် ကျေးဇူးရှိတယ်လို့ ဆိုရခြင်း ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရိုးရိုးအေးအေး (Low Profile)နေတတ်

www.burmeseclassic.com

www.burmeseclassic.com





**စိတ်ကောင်း နှလုံးကောင်းရှိသည့် သမ္မတကြီး**

တဲ့ အန်ကယ်ဟာ သမ္မတကြီးတစ်ဦး ဖြစ်လာတော့မှာပါ။ စိတ်ကောင်း နှလုံးကောင်းရှိပြီး တွေးတွေး ချိန်ချိန်ရှိတဲ့ အန်ကယ်ဟာ မကြာမီမှာ မြန်မာနိုင်ငံရဲ့ သမ္မတကြီးအဖြစ် တာဝန်ထမ်းဆောင်ပါတော့မယ်။ တချို့ကလည်း အန်ကယ်ဟာ နိုင်ငံရေးသမားဟုတ်ဘူးလို့ ဝေဖန်စိုးရိမ်သောက များကြတာ တွေ့ရပါတယ်။ ဟုတ်ပါတယ်။ အန်ကယ်ဟာ အင်န်အယ်လ်ဒီမှာ နိုင်ငံရေးတာဝန်တစ်ရပ်အနေနဲ့ မယူဖူးပါဘူး။ သို့သော် အန်ကယ်ဟာ နိုင်ငံရေး လုပ်ငန်းစဉ်တွေမှာ နေ့စဉ်ပါဝင်ပတ်သက်နေသူတစ်ဦး ဖြစ်ပါတယ်။ ယောက္ခမဖြစ်သူ အင်န်အယ်လ်ဒီအတွင်းရေးမှူး ဦးလွင်ကို အကူအညီပေးနေ ခဲ့သူတစ်ဦးဖြစ်သလို အန်တီစုကိုလည်း ၁၉၉၅ ကတည်းက အနီးကပ် ကူညီဆောင်ရွက်ပေးနေခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ အထူးသဖြင့် သံရုံးတစ်ခု၊ နိုင်ငံတကာ ကိစ္စရပ်တွေမှာ အဓိကပါဝင်ဆောင်ရွက်ပေးခဲ့တဲ့အန်တီရဲ့ အားကိုးရတဲ့ လူယုံတစ်ဦး ဆိုရင်လည်း မမှားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သူ၊ မကြိုက်သူ၊ ထောက်ခံသူ၊ ဝေဖန်သူများကြားကပဲ အန်ကယ် ဦးထင်ကျော်ဟာ နိုင်ငံတော်သမ္မတဖြစ်လာတော့မှာ အသေအချာပါ။ အန်ကယ်နဲ့ ပတ်သက်ပြီး ကျွန်တော် တွေးနေမိတာ တစ်ခုရှိပါတယ်။ အဲဒါကတော့ ရိုးရိုးအေးအေး နေတတ်ပြီး စိတ်သဘောထားဖြူစင်တဲ့ အန်ကယ်ဟာ ပရိယာယ်ကြွယ်၊ ရှုပ်ထွေးပွေလီပြီး စိန်ခေါ်မှုပြင်းထန်တဲ့ နိုင်ငံ့ရေးရာကိစ္စတွေကြားမှာ အံဝင်ခွင်ကျဖြစ်ပါ့မလား။ ပျော်မွေ့နိုင်ပါ့မလားဆိုတာပါပဲ။

**(စာကြွင်း။ ။အန်ကယ်ဦးထင်ကျော်ဟာ ရန်ကုန်စီးပွားရေးတက္ကသိုလ်ထွက် ပထမမျိုးဆက်ပါ။ ကျွန်တော်တို့ ရန်ကုန်စီးပွားရေး တက္ကသိုလ် ၁၉၈၆-၁၉၉၃ မျိုးဆက်များက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုရင်း နိုင်ငံတော်သမ္မတ တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။)**

**7 Days News Journal**
**16. 3. 2016**

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးမင်းသုဝဏ် မျက်ရည်ကျမယ်

အုံ့မောင်

ဟိုတစ်နေ့က ရန်ကုန်လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ကဗျာဆရာသုံးယောက် ထိုင်ကြတော့ ထိုင်းမှပြန်ရောက်စ ကဗျာဆရာက ဟိုမှာ မိုးပျံလမ်းကလည်း အထပ်ထပ်၊ ပြီးတော့ မြေပြင်လမ်း၊ မြေအောက်လမ်း၊ မီးရထားလမ်းတွေ ကောင်းကောင်းရှိတော့ လမ်းကြောမကျပ်ဘူး။ ကားတွေပေါ်မှာလည်း လူမကျပ်ဘူး။ လက်မှတ်ရောင်းတဲ့လူတောင်မရှိဘဲ စက်ခလုတ်နှိပ်ပြီး ရောင်းတဲ့အကြောင်းပြောတော့ အားလုံးကပဲ အဲဒီကလူတွေ အလုပ်ကောင်းကောင်းလုပ်ကြောင်း၊ စီမံခန့်ခွဲ စဉ်းစားမှုတွေ ကောင်းကောင်းလုပ်ကြကြောင်း၊ အသိအမှတ်ပြုကြပါတယ်။ ဗမာပြည်နဲ့ယှဉ်ရင် ထိုင်းတွေဟာ သူတို့မှာရှိတာ အသင့်အတင့်ကလေးကို လူစိတ်ဝင်စားအောင် လှလှပပ စီမံခြယ်မှုန်းပြ တတ်ကြောင်းလည်း ပြောကြပါတယ်။

ဗမာပြည်ကတော့ ကိုယ့်မှာ အလှအပ၊ ရှေးဟောင်း၊ ပင်လယ်ဆိပ်ကမ်း၊ တောတောင်တွေ အများကြီးရှိပါလျက်နဲ့ လူလေးစားအောင် စိတ်ဝင်စားအောင်၊ လှအောင် လုပ်မပြတဲ့ အကြောင်းတွေကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



လျှာပတ်လည် ဝိုင်းကြပါတယ်။ ရန်ကုန်ပေါ် လေယာဉ်ပျံနဲ့ ပြန်ရောက်လို့ အောက်ကိုငုံ့ကြည့်တဲ့အခါ အလင်းကွက် နည်းနည်း၊ အမှောင်ကွက် များများ မြင်ရလို့ မျက်ရည်ကျချင်သွားတယ်လို့ ထိုင်းပြန် ဆရာက ပြောပါတယ်။

ဒီမှာ လူတွေက ပေးဆောင်သင့်တဲ့ အခွန်တွေ ပြည့်ပြည့်စုံစုံ မပေးကြဘူးလို့ အစိုးရရုံးကြီးတစ်ရုံးမှာလုပ်တဲ့ ကဗျာဆရာက ပြောပါတယ်။

ကနေ့မနက် သတင်းစာထဲမှာတော့ ကျောက်စိမ်းလုပ်ငန်းရှင်ကြီးတွေက ဥပဒေခွင့်ပြုချက် မရှိတဲ့နည်းတွေနဲ့ တူးဖော် အလုပ်လုပ် ရောင်းချနေကြလို့ အစိုးရအတွက် အခွန်နည်းနေတာပါလို့ ဖော်ပြပါတယ်။ 'အစိုးရ အသိုင်းအဝိုင်းနှင့် နီးစပ်သည့် ကုမ္ပဏီကြီးများက တူးဖော်ခွင့် အမြောက်အမြား ရရှိနေခြင်း၊ တရားဥပဒေ စိုးမိုးမှု အားနည်းခြင်းကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ တရားမဝင် တူးဖော်မှုများ ရှိနေကာ အခွန်ပေးဆောင်မှု မရှိကြောင်း'လို့ သတင်းဖော်ပြထားတာ တွေ့ရပါတယ်။

ဒီတော့ အခွန်ပေးဆောင်မှုမှာ အခွန်ထမ်းပြည်သူများက မပေးကြဘူးဆိုတာ ရှိသလောက် ရှိနိုင်ပေမဲ့ အလုံးအရင်းကြီးကြီးနဲ့ အခွန်ရှောင်ကြသူတွေ၊ အဖွဲ့အစည်းတွေကတော့ သန်လျက်နဲ့ နီးတာတွေပဲ ဖြစ်နေမလားဗျာ။

တိုင်းပြည်မှာ ငြိမ်းချမ်းရေးမရှိလို့ကတော့ ကောင်းရာကောင်းကျိုး ဘာမှ လုပ်မရနိုင်ဘူးဆိုတာကို အားလုံး သဘောတူလက်ခံကြပါတယ်။

၉-၃-၂၀၁၆ သံတော်ဆင့်ဂျာနယ် လေးနှစ်မြောက်ပွဲမှာ စကားပြောတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး အသက်

www.burmeseclassic.com

www.burmeseclassic.com



(၉၀)ကလည်း တိုင်းပြည်မှာ အရေးအကြီးဆုံးကတော့ ငြိမ်းချမ်းရေးရဖို့ပဲလို့ ယတိပြတ် ပြောလိုက်ပါတယ်။ ဦးတင်ဦးက တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ ငြိမ်းချမ်းရေးဟာ ဗမာပြည်အတွက် အရေးအကြီးဆုံးဆိုတာ ရှင်းရှင်း သဘောပေါက်တာ ဖြစ်ပါလိမ့်မယ်။

ငြိမ်းချမ်းရေး အရေးကြီးပါတယ်ဆိုတာ အစိုးရတွင်း၊ အစိုးရပြင်၊ တပ်တွင်း တပ်ပြင်၊ ပြည်သူရှိသမျှက သိကြ၊ သဘောပေါက်ကြပေမဲ့ ငြိမ်းချမ်းရေး အကောင်အထည် ပေါ်လာအောင် လုပ်ဖို့ကျတော့ အယူအမူ ကွာနေကြပုံ ပေါ်ပါတယ်။ တစ်ခါ နိုင်ငံတော်သမ္မတကြီးက ကချင်ပြည်နယ်မှာ အပစ်အခတ်ရပ်ကြဖို့ အမိန့်ထုတ်တဲ့အခါ လက်နက်ကိုင်တပ်ဖွဲ့တွေက မလိုက်နာကြဘူး။ နိုင်ငံတော်သမ္မတရဲ့အမိန့်ကို လက်နက်ကိုင် တပ်ဖွဲ့က မလိုက်နာတာကျတော့ ဘယ်လိုဥပဒေနဲ့ လုပ်ကြပါလိမ့်လို့ စဉ်းစားစရာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ကိစ္စရေးရာတွေကို တပ်မတော်က ကိုင်တွယ် ဆောင်ရွက်မယ် ဆိုတဲ့သဘော အခြေခံဥပဒေမှာ ရေးထားတော့ နိုင်ငံတော်သမ္မတ၏ အာဏာသည် လက်နက်ကိုင်တပ်ဖွဲ့များအပေါ်တွင် သက်ရောက်မှုမရှိလို့ ကောက်ယူစရာ ဖြစ်နေမလား။ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွေ အပေါ်မှာရော နိုင်ငံတော်သမ္မတရဲ့ အမိန့်အာဏာ သက်ရောက်မှာလား။ နိုင်ငံတော်သမ္မတကြီး အပြောနဲ့သလို၊ ရဲတွေကကော ကျောင်းသားတွေ၊ ပြည်သူတွေအပေါ် အရိုက်နှုမှာလား။

ဒီဝန်ကြီးဌာနတွေဟာ ဘယ်သူ့အမိန့်နာခံရမှာလဲ။ အခြေခံဥပဒေမှာ ဘယ်လိုရေးထားသလဲ။ ကာလုံအဖွဲ့ရဲ့ အမိန့်ကို နာခံရမှာလို့ဆိုရင်၊ ကာလုံအဖွဲ့ ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတနဲ့ စစ်ချုပ် သဘောချင်း မညီကြဘူးဆိုရင် အဲ့ဒီအဖွဲ့ထဲမှာရှိတဲ့ အဖွဲ့ဝင်ခြောက်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ကာချုပ်ဘက်မှာ ရှိနိုင်ပြီး ငါးဦးက နိုင်ငံတော်သမ္မတဘက်မှာ ရှိနိုင်တာ သာမန်အားဖြင့် တွေ့ရပါတယ်။ ဒီတော့ ကာချုပ်ဆန္ဒသာ လွှမ်းမိုးဖို့ ရှိမှာပေါ့။ အမျိုးသားနိုင်ငံရေးမှာ တပ်မတော်က ဦးဆောင်မှုအခန်းမှာ ရှိရမယ်လို့လည်း အခြေခံဥပဒေမှာ ရေးထားတယ် မဟုတ်လား။ ဒီတော့ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ ဘယ်လို ဖြစ်အောင် လုပ်ပါတော့မလဲ။

ဒီလိုပုံမျိုးဆိုရင် အလုပ်လုပ်လို့ ရကြမလား။ အစိုးရက နှစ်ခြမ်း ကြီး ဖြစ်နေသလား။ တစ်ဖက်ကလည်း ပြည်သူ့ထောက်ခံမှု၊ ပြည်သူ့ မင်းဒိတ် (Mandate) ရထားတယ်။ နောက်တစ်ဖက်ကလည်း အခြေခံ ဥပဒေကပေးတဲ့ အသာစီး အခွင့်အရေးကြီး ရထားတယ်။

ပြည်သူ့ဆန္ဒနဲ့ အခြေခံဥပဒေ ကွာဟနေရင် ဘယ်လိုလုပ်မလဲ။ နားလည်မှုတရား ရှာကြရတော့မှာပဲ။ နားလည်မှုရယ်၊ အလုပ်လုပ်လို့ ဖြစ်နိုင်မယ့် စည်းကမ်းရယ် ဖော်ထုတ်သဘောတူညီရမှာပေါ့။ ဒီနေရာမှာ နိုင်ငံရဲ့ခေါင်းဆောင်တွေဟာ Statesmanship ဆိုတဲ့ ဉာဏ်ပညာရှင် ခေါင်းဆောင်ရည် ဘယ်လောက်ရှိသလဲ ဆိုတာ ပြကြရတော့မှာပဲ။ ခေါင်းဆောင်ရည်ကောင်းမှ တိုင်းပြည်ကောင်းမှာပါပဲ။

ကျွန်တော်တို့ အခြေခံဥပဒေမှာ အလုပ်လုပ်ဖြစ်ဖို့ အဲဒီ အခက် အခဲကြီး၊ အဲဒီ ထက်ခြမ်းနာကြီးပါ ပါတယ်။ လက်တွေ့လုပ်ကိုင် ခေါင်းဆောင်ကြတဲ့သူတွေ ဉာဏ်ရည်တကယ်ကြီးမှ၊ မေတ္တာအား တကယ်ကြီးမှ ဖြေရှင်းနိုင်ကြမှာပါ။

ပြည်သူ့ဆန္ဒနဲ့ အခြေခံဥပဒေ မကိုက်ညီကြရင်ိတော့ ပြည်သူ့ ဆန္ဒနဲ့ ကိုက်ညီတဲ့ အခြေခံဥပဒေ လုပ်ကြရမှာပဲ။ ကျွန်တော် ယုံကြည် သလောက် ပြောပြရရင် Man is supreme. Law is subordinate လူနဲ့ ကိုက်ညီအောင် Law ကို လုပ်ရမှာပဲ။ Law ကို ဘုရားတစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com



ဂူတစ်လုံးလုပ်ပြီး ကိုးကွယ်နေဖို့ မဟုတ်ပါဘူး။ လူနဲ့ ကိုက်တဲ့အခါ Law ကိုသုံး၊ လူနဲ့မကိုက်တဲ့အခါ Law ကို ဖယ်ရင်ဖယ်၊ ပြင်ရင်ပြင်၊ ဖျက်ရင် ဖျက်။

ကျွန်တော် မှတ်မိသလောက် ၁၉၅၆ လား၊ ၁၉၅၇-၅၈ လား မိတ္ထီလာတပ်မတော် တပ်မှူးများ ညီလာခံမှာ စစ်ဦးစီးချုပ်က ဒီမိုကရေစီ ကို ကာကွယ်မယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်မယ်လို့ လူသိရှင်ကြား ကမ္ဘာသိ ပြောခဲ့တယ်။ ၁၉၆၂ ကျတော့ အဲဒီစစ်ဦးစီးချုပ်ပဲ ဦးစီးပြီး အဲဒီ ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်ခဲ့တယ်။ နောက် ၁၉၇၄ မှာ ပြည်သူထောက်ခံမှု ရာနှုန်း ၉၀ နဲ့လား အခြေခံ ဥပဒေပြဋ္ဌာန်းတယ်။ ဗကပဥက္ကဋ္ဌ သခင်ဗသိန်းတင်က အစိုးရ ခေါင်း ဆောင်နဲ့ လာဆွေးနွေးပြီး ပါတီစုံဒီမိုကရေစီစနစ်ကို တင်ပြ အဆိုပြု တော့ အစိုးရခေါင်းဆောင်က၊ ၁၉၇၄ အခြေခံဥပဒေက ခွင့်မပြုလို့ ပါတီစုံစနစ် မလုပ်နိုင်ဘူးလို့ ပြောလိုက်တယ်။ ၁၉၈၈ ကျတော့ အဲဒီ အခြေခံဥပဒေကြီးကို ဖျက်သိမ်းလိုက်တာ အဲဒီအချိန်က စစ်ဦးစီးချုပ် ပါပဲ။

ဒီတော့ အခြေခံဥပဒေတွေကို ကာကွယ်ပါမယ်လို့ ပြောလိုက်၊ မလိုချင်တဲ့အခါ ဖျက်လိုက် လုပ်တာ လူတွေက မမှတ်မိတောင် သမိုင်း က မှတ်မိပါတယ်။

ဒါကြောင့် အခြေခံဥပဒေဆိုတာ အုပ်စိုးသူအတွက် အကျိုးရှိရင် သုံးလိုက်၊ အုပ်စိုးသူအတွက် အကျိုးမရှိတဲ့အခါ ပြင်လိုက်၊ ဖျက်လိုက်၊ ဒီလိုလုပ်နေတာ သမိုင်းက မှတ်မိတယ်။ ဘယ်သူမှ ဘုရားတစ်ဆူ ဂူတစ် လုံး မလုပ်ခဲ့ကြပါဘူး။

ဒီစာကို ရေးနေရင်း ကနေ့လွှတ်တော်မှာ ဒုတိယသမ္မတနေရာ အတွက် ဆရာကြီးမင်းသုဝဏ်ရဲ့သား ဦးထင်ကျော် (ဆရာ့လေးသဘင်း)ကို

www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုတဲ့သတင်း ကြားရပါတယ်။

ရှစ်လေးလုံးတုန်းက ဆရာကြီးမင်းသုဝဏ်က ကျောင်းသား ပြည်သူတွေကို ထောက်ခံ အားပေးခဲ့ပါတယ်။ ကျောင်းသားတွေ အစာငတ်ခံ ဆန္ဒပြတာကို ဆရာကြီး မြင်ရတော့ ကရုဏာစိတ်နဲ့ မျက်ရည်ကျခဲ့ပါသတဲ့။

ဆရာကြီးက ၁၉၉၀ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ အရွေးခံခဲ့ရပါတယ်။ ဒီတော့ နဝတအစိုးရက ဆရာကြီးကို ဖမ်းဆီးခဲ့ပါတယ်။

ထောက်လှမ်းရေးမှာ စစ်ဆေးတဲ့ စစ်အရာရှိကလေးက စားပွဲကြီးနဲ့ ထိုင်ပြီး ဆရာကြီးမင်းသုဝဏ်ကို ခွေးခြေကလေးနဲ့ ထိုင်ခိုင်းပြီး စစ်ဆေးတယ် ဆိုပါတယ်။

အခုနေများသာ ဆရာကြီးမင်းသုဝဏ်ရှိရင် သားကို ဒုတိယသမ္မတအဖြစ် အဆိုပြုတာအတွက်ရော၊ ဗမာပြည်သူတွေ မတ်တတ်ထလာတာကို မြင်ရတဲ့အတွက်ရော ဝမ်းသာမျက်ရည်ကျဦးမယ် ထင်ပါတယ်။

**စံတော်ချိန်နေ့စဉ် သတင်းစာ**
၁၁-၃-၂၀၁၆၊

www.burmeseclassic.com

www.burmeseclassic.com



# သပြေညိုဆိုတဲ့အိမ်

ခင်စောတင့်

လောကကြီးမှာ ဖြစ်တတ်တဲ့ အကြောင်းအရာတစ်ခုကို စဉ်းစားမိပါတယ်။ တစ်ခါတစ်ရံ ပြောချင်တာတွေ၊ သိစေချင်တာတွေ၊ ရင်ဖွင့်ချင်တာတွေ ရင်ထဲမှာ များပြားလွန်းလို့ ဘာမှမပြောနိုင်တော့ဘဲ ဖြစ်လေ့ရှိပါတယ်။ နိုင်ငံရပ်ခြားမှာ ရောက်နေတဲ့ သူငယ်ချင်းနဲ့ စာ အဆက်အသွယ် ပြတ်တောက်နေကြပါတယ်။ သူ ရေးလိုက်တဲ့ စာလေး ထဲမှာ "သတိရတာတွေ၊ ပြောပြချင်တာတွေ များလွန်းလို့ နောက်ဆုံး တော့ ဘာကိုမှ ရေးမပြဖြစ်တော့တာပါ"တဲ့။ သူဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျွန်မ ကောင်းကောင်း သဘောပေါက်မိပါတယ်။

မကြာခင်က ပျံလွန်တော်မူသွားတဲ့ တစ်ဘဝသာသနာ ကျမ်းပြု ဆရာတော် ဦးဃောသိတက ကျွန်မကို စိတ်ထားတတ်အောင် ဆုံးမ သွန်သင်လမ်းညွှန်ပေးရုံမကဘဲ စာရေးဖို့ကိုပါ အားပေးခဲ့တဲ့ ကျေးဇူးရှင် ဆရာတော် ဖြစ်ပါတယ်။ မဟာဂန္ဓာရုံ ဆရာတော်ဆီမှာ သီတင်းသုံးခဲ့စဉ် က အကြောင်းတွေကို မိန့်ခဲ့စဉ် မှတ်သားနာယူ ဖွယ်ကောင်းလှလို့ မလှုပ် မယှက် တစ်နာရီမက ထိုင်ပြီး နာယူခဲ့ရပါတယ်။ အင်မတန်မှ မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာကြီးမားတဲ့ ဆရာတော် ဖြစ်ပါတယ်။ ရုပ်သံကဆရာတော်ရဲ့ တရားတော်တွေကို နာယူရလို့ တရားအသိတွေရပြီး ကျေးဇူးတင်လွန်းလို့ အနယ်နယ် အရပ်ရပ်က ဆရာတော်ရဲ့ ကျောင်းကို ရှာဖွေပြီး လာဖူးကြတဲ့သူတွေနဲ့ကြုံတိုင်း ကျွန်မတို့မှာ ကြည်နူးပီတိ ဖြစ်ရပါတယ်။

ဆရာတော် ပျံလွန်တော်မူတော့ ဈာပနမတိုင်မီကျောင်းမှာ (၇)ရက်ထားပြီး အပူဇော်ခံပါတယ်။ ကျွန်မမှာ ဆရာတော်ကို နှမြောလှလို့ (၇)ရက်လုံးလုံး မျက်ရည်မကျဘဲ မနေနိုင်ခဲ့ပါ။ ဈာပန ကျင်းပပြီးတဲ့အခါမှာတော့ ဆရာတော်ရဲ့မျက်လုံးတော်၊ နှလုံးတော်၊ သွားတော်၊ အရိုးတော်များ မီးတော်မခ ပြာမကျဘဲ ကျန်ရစ်ခဲ့ပါတယ်။ အံ့ဩဖွယ်ရာ စွာ ဖူးပြီးတဲ့နောက်ပိုင်းမှာ ကျွန်မ မျက်ရည်မကျတော့ပါ။ ဆရာတော် မိန့်ဖူးတဲ့ "သူများတွေ လေဖြတ်ရင် တစ်ခါက နှစ်ခါဆိုရင် သေကြတယ်။ ဒီဘုန်းကြီး လေးခါတောင် လေဖြတ်တာ ဘာလို့မသေတာလဲလို့ ပြောကြတယ်။ ဘုန်းကြီးကတော့ ဘုန်းကြီးအတွက် ကျင့်ကြံအားထုတ်ဖို့အတွက် မသေသေးတာလို့ အောက်မေ့တယ်" ဆိုတဲ့စကားတွေကို ပြန်လည် အမှတ်ရမိပါတယ်။ သူငယ်ချင်းတွေက "မင်းအရင်က ဘုန်းဘုန်း အကြောင်းတွေ ရေးလာပြီး အခု ရေးစရာတွေ အများကြီးပဲ။ ဆောင်းပါး ရေးပါလား"လို့ ပြောကြပါတယ်။ ရေးစရာတွေ များလှလို့ ရေးမပြနိုင်တော့ဘဲ ရင်ထဲမှာပဲ သိမ်းထားလိုက်ပါတော့တယ်။ အခု ဆရာကြီး မင်းသုဝဏ်နဲ့ ပတ်သက်ပြီး ဆောင်းပါးရေးပေးပါလို့ 'ပိတောက်ပွင့်သစ်' မဂ္ဂဇင်းက တောင်းခံလာတဲ့အခါမှာတော့ ဆရာကြီး ကွယ်လွန်ပြီးခါစက 'နှုတ်ဆက်ကန်တော့ပန်း'ဆိုတဲ့ ဆောင်းပါးကို ရေးပြီးကတည်းက ရေးစရာတွေကို၊ ရင်ထဲမှာ သိမ်းထားခဲ့တာတွေကို ကြိုးစားထုတ်ယူပြီး ရေးစမ်းကြည့်လိုက်ပါတယ်။ ပီပီသသ ဖြစ်မလာရင်တော့ ခွင့်လွှတ်ပေးကြဖို့ စာဖတ်သူတို့ကို ကြိုတင်တောင်းပန်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကို စပြီးတွေ့ဖူးတဲ့အချိန်က ကျွန်မ (၁၂)နှစ်သမီး လောက်ပဲ ရှိပါသေးတယ်။ စစ်ကြီးပြီးခါစ တက္ကသိုလ်ပြန်ဖွင့်တော့ ဗုံးဒဏ်ကြောင့် ပျက်စီးသွားတဲ့ အဆောင်တွေ၊ ဆရာတွေနေတဲ့အိမ်တွေ ကို ပြန်ပြီးပြုပြင်ဆဲဖြစ်လို့ ဆရာ၊ ဆရာမတွေက ပြည်လမ်းက တကောင်းဆောင်၊ ပြည်ကျောင်းဆောင်တွေမှာ စုပြီး နေခဲ့ကြရပါတယ်။ ကျွန်မရဲ့ ဒေါ်လေး ဒေါ်တင်စောမူက ဆရာမ ဒေါ်သိန်းညွန့်နဲ့ တကောင်းကျောင်းဆောင်မှာ နေကြပါတယ်။ ကျောင်းပိတ်ရက်တွေမှာ ဒေါ်လေးဆီကို သွားလည်ခွင့်ရပါတယ်။ တစ်နေ့မှာတော့ ဒေါ်လေးက "ဒီမှာလာကြည့်လှည့်၊ ဒီဘက်ကို လျှောက်လာနေတာ ဦးဝန်ဆိုတဲ့ မင်းသုဝဏ်ပဲ. . . "လို့ ခေါ်ပြလို့ အပြင်ကို ထွက်မကြည့်ရဲဘဲ အခန်းထဲ က ချောင်းကြည့်တော့ ဘေးတိုက်အနေအထားနဲ့ ပိန်ပိန်၊ အရပ်ရှည်ရှည် ဆရာကြီးကို တွေ့လိုက်ရပါတယ်။ နောက်ဆက်တွဲ ဒေါ်လေး ပြောလိုက်တဲ့ စကားတွေကြောင့် ဝမ်းနည်းသလိုလိုနဲ့ အမေ့ကိုလည်း လွမ်းဆွတ်လိုက် မိပါတယ်။ အဲဒီမြင်ကွင်းလေးကို ဒီနေ့အထိ မြင်ယောင်ဆဲပါပဲ။ နောင်တော့ ဒေါ်လေးက အင်းလျားဆောင်ကို ပြောင်းသွားလို့ ကျောင်း ပိတ်ရက်တွေမှာ အင်းလျားဆောင်ကိုပဲ ရောက်တဲ့အတွက် ဆရာဦးဝန်ကို လည်း တစ်ခါမှ မတွေ့ရတော့ပါဘူး။

အထက်တန်းရောက်တော့ ဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေကို သင်ရတဲ့အခါ ဆရာ၊ ဆရာမတွေက ကျွန်မကို ဘယ်သူ့သမီးမှန်း မသိကြတော့ စာဆိုနဲ့ သူချစ်သူရဲ့ဇာတ်လမ်းလေးကို လွမ်းဆွတ်စဖွယ် ပြောပြီး သင်ကြပါတယ်။ အဲဒီ အရွယ်ကျမှ 'ဘကြီးအောင်ညာတယ်' 'နှင်းဆီ'၊ 'တရားဦး ဟောလှည့်ပါ'၊ 'ပင်လယ်ဗွေ' ကဗျာတွေကို ရင်ဝင် စားခဲ့ပါတယ်။ သနားမိရတာကလွဲလို့ ဘယ်သူကမှ ပြောမပြခဲ့လို့ ဇာတ်လမ်း အစုံအလင်တွေလည်း မသိခဲ့ရတာ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူဘဝက လွန်မြောက်လို့ နည်းပြဘဝ ရောက်တော့မှ ဆရာကြီးမှာ ဝိုင်းဝန်းထိုးနှက်ကြလို့ လောကဓံတရားကို အတော်ရင်ဆိုင်လိုက်ရတာကို ဟိုတစ်စ ဒီတစ်စ ကြားလာရတော့ စိတ်မကောင်း ဖြစ်ရပါတယ်။ ကျွန်မတို့ကို စိတ်နာနေမှာပဲ။ တွေ့ချင်မှာ မဟုတ်ပါဘူးလို့ တွေးမိပါတယ်။ ဆရာကြီးရဲ့သားကြီး ကိုညာဏ်စိုးနဲ့ ကျွန်မရဲ့မောင် ကိုနေအုပ်တို့ကတော့ ကျူရှင်မှာ ဆုံကြပြီး ဘယ်သူတွေရဲ့ သားတွေမှန်း မသိခင်ကဘဲ လည်ပင်းဖက်ပြီး ခင်မင်နေကြပါပြီ။ ကိုနေအုပ်က ဆရာကြီးတို့အိမ်ကို ဝင်ထွက်နေပါပြီ။ ကျွန်မမှာသာ အလုပ်တစ်ဖက်၊ အိမ်ထောင် တစ်ဖက်နဲ့ ဘဝအမောတွေကို ကျော်ဖြတ်နေရဆဲဖြစ်ပါတယ်။

ဒေါ်လေး မဆုံးခင်မှာ အမေ လက်ထပ်တုန်းက အကြောင်းတွေကို ပြောပြပါတယ်။ ပြည်မှာ အမေတို့ လက်ထပ်တုန်းက ဓာတ်ပုံထဲမှာ ဒေါ်ကြီး (ဒေါ်မြမူ)၊ ဘထွေးလေး (ဒေါက်တာထင်အောင်)၊ ဒေါ်လေး (ဒေါ်တင်စောမူ)တို့ကို မတွေ့ပါလား။ ဘာလို့ မသွားကြတာလဲလို့ မေးကြည့်တော့ "သနားလည်း သနား၊ စိတ်လည်း ဆိုးကြလို့ မသွားကြတာ" လို့ ပြောပါတယ်။ (ကျွန်မ ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းတွေ အပြည့်နဲ့ စဉ်းစားရပါတယ်။ ဆရာကြီးဆီကို အမေ့မှာ အပြစ်မရှိကြောင်းနဲ့ ခွင့်လွှတ်ပြီး ဖြစ်လိမ့်မယ်ထင်ကြောင်း၊ ကျွန်မကို ဆရာကြီးဆီကို လာတွေ့ခွင့်ပြုပါလို့ စာလေးရေးပြီး ပို့လိုက်ပါတယ်)။ ဆရာကြီးလည်း အသက် ၉၀ နီးနေပြီ။ ကျွန်မလည်း အငြိမ်းစား ယူပြီးလို့ အသက် (၆၀)ကျော်နေပါပြီ။ ဘယ်သူ အရင်သေမလဲ မသိနိုင်ပါဘူး။ မကြာခင်မှာပဲ အန်တီကြည်ကြည်က ဖုန်းဆက်ပြီး လာလည်နိုင်ကြောင်း ပြောပါတယ်။ 'သပြေညို'အိမ်ကို စပြီးရောက်တဲ့နေ့က ဆရာကြီးက အတိတ်က အကြောင်းတွေကို မေ့ပစ်လိုက်ပါပြီလို့ ပြောပါတယ်။ အဲဒီနေ့ကစပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတို့နဲ့ ကျွန်မ နွေးနွေးထွေးထွေး ဖြူစင်စွာ ချစ်ခင်ခဲ့ကြတာ ဆရာကြီး ကွယ်လွန်တဲ့အထိပါပဲ။ အန်တီကြည်ကြည်ကပါ ကျွန်မကို ခင်မင်လာပါတယ်။ ဆရာကြီး ညမှာ မိုးချုပ်မှ အိပ်ရာဝင်တာ၊ နေ့ဝင် ခါနီးမှ ရေချိုးတာတွေကို သူ ပြောလို့မရတဲ့အခါ "သမီး ပြောခဲ့ပါဦး" လို့ ပြောတတ်ပါတယ်။




ဆရာကြီးမင်းသုဝဏ်နှင့် ဇနီး ဒေါ်ကြည်ကြည်

ဆရာကြီးတို့ ဇနီးမောင်နှံက သေတပန်သက်တစ်ဆုံး အတူ နေကြရတာ သိပ်ကံကောင်းကြပါတယ်။ မနက်စာစားနေချိန်မှာ ရောက်သွားရင် အန်တီက အနားကထိုင်ပြီး ဂရုစိုက်ပြုစုနေတာ ကြည့်ရ ရပါတယ်။ ဆန်ပြုတ်ထဲမှာ အသားရော အသီးအရွက်ပါ နူးနေအောင် ထည့်ပြုတ်ပေးပါတယ်။ သစ်သီးဖျော်ရည်တို့၊ သစ်သီးတို့ကို နေ့စဉ် ကျွေးမွေးပါတယ်။ ဆရာကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးမင်းသုဝဏ်၏ ဆွေစဉ်မျိုးဆက်ဇယား



မိဘနှစ်ပါးဖြစ်သည့် ဦးလွန်းပင်-ဒေါ်မိတို့နှင့် အတူတွေ့ရသော
ဆရာကြီးမင်းသုဝဏ်(ဝဲမှဒု မတ်တတ်ရပ်လျက်)

www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်တွေမှာ ကျွန်မ ပြန်ရင် ခြံထိပ်အထိ လိုက်ပို့ပြီး မျက်စိတစ်ဆုံးကြည့်ပြီး ကျန်ရစ်တတ်ပါတယ်။ နောင်တော့ အိမ်ရှေ့မှာ ထွက်ထိုင်ရာကနေ ဧည့်ခန်းထဲမှာပဲ ထိုင်နိုင်တဲ့အခြေအနေကို ရောက်ခဲ့ပါတယ်။ ဆရာကြီး မရှိတော့တဲ့နောက်မှာ ဆရာကြီးရဲ့ ဆုပေးသံတွေကို မကြားရတော့တဲ့ 'သပြေညို'အိမ်ကို ကျွန်မ သွားရောက်ဖို့ အင်အား မရှိတော့ပါဘူး။ အခုတော့ အန်တီကြည်လည်း မရှိတော့ပါဘူး။

ကျွန်မ ဖြေသာတာ တစ်ခုကတော့ ဆရာကြီးရဲ့သားငယ် ကိုပိုနဲ့ ကျွန်မတို့ မောင်နှမတွေလို သံယောဇဉ်နဲ့ ခင်မင်လာကြတာပဲ ဖြစ်ပါတယ်။ စာပေနဲ့ ပတ်သက်လာရင် တိုင်တိုင်ပင်ပင် ရှိကြပါတယ်။ ကိုပိုရဲ့ ဇနီး စုစုက "ကိုပိုက မမကို ရိုးသားလို့ တော်တော်ချစ်တာ၊ အစ်မတစ်ယောက်လိုကို သဘောထားတာ"လို့ ပြောဖူးပါတယ်။ ရှည်လျားတဲ့ သံသရာကြီးမှာ ဆွေမျိုးမတော်ခဲ့တဲ့သူ မရှိဘူးလို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။ ဒီဘဝမှာ ကျွန်မတို့ ဘာမှ မတော်စပ်ခဲ့ကြပေမဲ့ နီးနီးစပ်စပ် ဘဝတစ်ခုမှာတော့ ဆွေမျိုးတော်ခဲ့ကြတယ်လို့ ထင်ပါတယ်။ ကိုပိုက "မမ"လို့ခေါ် တဲ့အသံက ရင်ထဲက လှိုက်လှဲစွာ လာတဲ့အသံလို့ ခံယူမိပါတယ်။ သူလည်း သူ့အဘက သူ့ မွေးမွေးချင်းပေးခဲ့တဲ့ 'ဒလဘန်း' ဆိုတဲ့နာမည်လေးကို မြတ်နိုးစွာခံယူပြီး ဒီနာမည်လေးနဲ့ ဆရာကြီးနဲ့ သက်ဆိုင်တဲ့ ဆောင်းပါးတွေ ရေးနေတာတွေ့ရလို့ ဝမ်းသာကြောင်း ရေးလိုက်ရပါတယ်။

ဆရာကြီးရှိရင် ဝမ်းသာရှာမှာ အမှန်ပါပဲရှင်။

ဝိတောက်ပွင့်ဝတ်

၂၀၀၃၊ ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com





## အမုန့်ရှိရာ

"ဗျိုင်းမိရင်ခွင်
ဤမြေမြင့်တွင်၊ ဝါလျှင်လဲ၍
အောင်ပွဲခံသည်၊ မသောင်းသိန်းသန်းမကျော်
တို့ရဲ့ဆောင်တို့"
(မင်းသုဝဏ်၏ ဗိုလ်အောင်ကျော်နတ်ဘဲ ကဗျာမှ)
ဆရာသည် ကဗျာ
ကဗျာသည် ဆရာ
မဖတ်စမ်းတာဆို၊ သာမြွှည်း
ဒီ ကျုတို့ရှင်၊ မြင်မချောင်
မျိုးဆက်ဖွေးသား၊ လှူခွမ်းကား
ကဗျာရှိရာ ကဗျာလာ
အမုန့်ရှိရာ အမုန့်လာ
သစ္စာရှိရာ သစ္စာလာ
တရားရှိရာ တရားလာ
ဆရာ ဝမ်းမြောက်ပါစေသတည်း။

မောင်စိမ်းနီ

www.burmeseclassic.com